# ကြေးမုံ
The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 21 September 2020 ၁၀၁၄၂


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ) နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ်၊ ၁၀၇/၂၀၂၀

**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ) တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် တရုတ်(တိုင်ပေ)၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀၀ အား ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီစဉ်သည့် China Airlines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

## ပြန်လည်ခေါ်ဆောင်

ထို့ပြင် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဝါရှင်တန်မြို့ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ မြန်မာသံရုံးတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၁၁၃ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ၁၄ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**



တရုတ်(တိုင်ပေ) မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။


**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ကို အပြတ်ဖြတ်နိုင်ဖို့ အားလုံးပါဝင်စို့** — စာမျက်နှာ » ၅

**အေးခဲငါးပို့ကုန်များတွင် ဗိုင်းရပ်စ်ပိုး တွေ့ရှိမှုကြောင့် အင်ဒိုနီးရှား ပင်လယ်စာကုမ္ပဏီအား တရုတ်နိုင်ငံသို့ တင်ပို့ခွင့် ဆိုင်းငံ့** — စာမျက်နှာ » ၁၂

**အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့** — စာမျက်နှာ » ၂၄




C B BANK
Best SME Bank in Myanmar

လူကြီးမင်းတို့၏ လုပ်ငန်းလည်ပတ်မှုကို
လွယ်ကူအဆင်ပြေစေရန်အတွက်
CB BANK ၏ SME Term Loan နှင့်
Working Capital Loan များကို
ယခုပင် လျှောက်ထားလိုက်ပါ.....

Scan Me!

www.cbbank.com.mm
Contact Center: (95-1) 2317770



ကြေးမုံ

## ကိုဗစ်-၁၉ ရောဂါ အချိန်တိုအတွင်း ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများအနေဖြင့် စက်တင်ဘာ ၂၀ ရက်နေ့အထိ လူပေါင်း နှစ်သိန်းကျော်ကို ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ထားရာ ပိုးတွေ့ရှိသူပေါင်း ငါးထောင်ကျော်ရှိသည်။ ၎င်းတို့အနက် တစ်ထောင်ကျော်မှာ ဆေးရုံများမှပြန်ဆင်းသွားပြီး သေဆုံးသူအနေဖြင့် ၈၂ ဦး ရှိလာသည်။ ကူးစက်မှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကူးစက်မှုများပြားနေခြင်းမှာ အဓိကအားဖြင့် လူဦးရေထူထပ်မှုကြောင့် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာများအား ကုသရန် ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံနှင့် အရေးပေါ်အခြေအနေဖြစ်လာပါက ကုသမှုပေးနိုင်ရန် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်အား ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံအဖြစ် ဧပြီလပိုင်းကတည်းက ဆောင်ရွက်ထားခဲ့သည်။ ပထမအကြိမ် ကိုဗစ်ရောဂါကူးစက်မှုသည် ပြည်ပပြန်များထံမှသာတွေ့ရှိသဖြင့် ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဒုတိယအကြိမ်တွင်မူ ပြည်တွင်းခရီးသွားလာမှုများမှတစ်ဆင့် ကူးစက်မှုများဖြစ်ပေါ်ခဲ့ရာ ကူးစက်မှုမြန်ဆန်သောကြောင့် ထိန်းချုပ်မှုများ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

ဒုတိယအကြိမ် ကူးစက်မှုများတွင် တစ်လကျော်ကာလအတွင်း ၁၀ ဆမက မြင့်တက်ခဲ့ရာ ဆေးရုံနေရာမလုံလောက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိရိုးမအိမ်ရာနှင့် သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်း မြက်ခင်းတုအားကစားကွင်းနေရာတွင် ယာယီဆေးရုံအဖြစ်တည်ဆောက်၍ ကူးစက်လူနာများထားရှိရန် အရေးပေါ်ဆောင်ရွက်ခဲ့ရသည်။ ထို့အတူ ရန်ကုန်ဆေးရုံကြီး၊ သဃ်န်းကျွန်းဆေးရုံကြီး၊ အနောက်ပိုင်းဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးတို့တွင် ကိုဗစ်-၁၉ ရောဂါ လူနာများကုသနိုင်ရန် လူလေးငါးဆယ်ဆံ့ယာယီဆေးရုံများ တည်ဆောက်လျက်ရှိပြီး ပုဂ္ဂလိကဆေးရုံများတွင်လည်း ကိုဗစ်-၁၉ ရောဂါလူနာများကို လက်ခံကုသရန် မူအားဖြင့် သဘောတူထားကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေအပေါ်မူတည်ကာ နည်းဗျူဟာများပြောင်းလဲဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ရေး၊ ကိုဗစ်-၁၉ လူနာများ သေဆုံးမှုနည်းပါးစေရေးအတွက် ကုသမှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရေး၊ အသွားအလာကန့်သတ်သည့်နေရာများ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးစသည့် နည်းဗျူဟာသုံးရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

ရောဂါပိုးတွေ့လူနာ များပြားလာသည်နှင့်အမျှ ကျန်းမာရေးဝန်ထမ်းအင်အားလိုအပ်မှု၊ ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ ရောဂါပိုးကူးစက်ခံရမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့်ပင် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးတက္ကသိုလ်များ၊ ဆေးနီးနွယ်တက္ကသိုလ်များမှ လူ့စွမ်းအားအရင်းအမြစ်များ ထုတ်နုတ်ကာ တာဝန်ပေးဆောင်ရွက်နေရသည်။

“ယခုပြန်လည်ဦးမော့လာသည့် ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာပြန်လည်ထိန်းချုပ်နိုင်ရန်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်ကာဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ကပ်ရောဂါထိန်းချုပ်မှုနှင့်ပတ်သက်သော ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို မိမိတို့ဝန်ထမ်းများက ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ အဓိကဦးတည်၍ ဆောင်ရွက်ရမည့်နည်းဗျူဟာမှာ ပြည်သူများအကြား ငုပ်လျှိုးနေသည့် ရောဂါပိုးရှိသူများအား စနစ်တကျအမြန်ဆုံးဦးစားပေးဖော်ထုတ်ကြရမည်ဖြစ်ကြောင်း” ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စက်တင်ဘာ ၁၈ ရက်နေ့က ကျင်းပသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

လက်ရှိအခြေအနေတွင် ကမ္ဘာ့ကပ်ရောဂါသည် ကူးစက်မှုများ ဆက်လက်မြင့်မားနေဆဲ ဖြစ်သည်။ နိုင်ငံအလိုက် ရောဂါကူးစက်မှုကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အခြေအနေအပေါ်မူတည် ဆောင်ရွက်နေကြသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နေကြသူများ၊ ပြည်သူများ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းပါဝင်ခြင်းဖြင့် ရောဂါကူးစက်မှုများကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့်လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ် ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက် / ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့်ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## အခက်အခဲများကြားမှ သွေးလှူဒါန်းပေးနေသူများကြောင့် အရေးပေါ်လိုအပ်ချက်များ ထောက်ပံ့နိုင်

ရန်ကုန် စက်တင်ဘာ ၂၀

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်သွေးလှူဒါန်းသူ သိသိသာသာကျဆင်းသွားပြီး အခက်အခဲများကြားမှ လှူဒါန်းပေးနေသူများကြောင့် လက်ရှိအရေးပေါ် သွေးလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်သေးကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

"အခုလိုခက်ခဲတဲ့အချိန်မှာ လာရောက်လှူဒါန်းပေးတဲ့ သွေးလှူရှင်တွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အခက်အခဲကြားက လှူဒါန်းမှုကြောင့် လိုအပ်တဲ့သွေးတွေကို ထောက်ပံ့နိုင်တာဖြစ်ပါတယ်။ လှူဒါန်းတဲ့သူ ဒီလိုဆက်လက်ကျဆင်းနေမယ်ဆိုရင်တော့ အရေးပေါ်လိုအပ်ချက်ကို ထောက်ပံ့နိုင်ဖို့က အခက်တွေ့လာနိုင်ပါတယ်"ဟု အမျိုးသားသွေးဌာန(ရန်ကုန်)တာဝန်ခံ ဒေါက်တာသီတာအောင်က ပြောသည်။



သွေးလှူရှင်များအနေဖြင့် လုံခြုံစိတ်ချစွာလှူဒါန်းနိုင်ရန်အတွက် မိသားစုလိုက်သော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း သီးသန့်သွေးလှူဒါန်းနိုင်မည့်အခန်းများကို အမျိုးသားသွေးဌာန(ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ်တို့၌ စီစဉ်ဆောင်ရွက်ထားပြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းနေထိုင်သူများအတွက် ဆေးတက္ကသိုလ်(၂)အနီးတွင် လုံခြုံစိတ်ချစွာ သွေးလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

မိသားစုလိုက်၊ အဖွဲ့လိုက် လှူဒါန်းမည့်သူများအနေဖြင့် ဖုန်းနံပါတ်- ၀၉-၈၅၂၅၀၆၃၇၁၊ ၀၉-၂၅၀၀၁၆၀၇၉၊ ၀၉-၅၀၇၉၁၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အဖွဲ့လိုက်လူဦးရေများပါက အမျိုးသားသွေးဌာန(ရန်ကုန်)အနေဖြင့် အကြိုအပို့ကားများ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

သွေးလှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်လှူဒါန်းနိုင်ပြီး https://www.donateblood myanmar.org/booking ဝက်ဘ်ဆိုက်တွင်လည်း အွန်လိုင်းစနစ်ဖြင့် လှူဒါန်းနိုင်မည်ဖြစ်သည်။

အမျိုးသားသွေးဌာန(ရန်ကုန်)အနေဖြင့် အလှူရှင်များ လှူဒါန်းသည့်သွေးများကို လိုအပ်သည့်နေရာများ၌ ကောင်းမွန်စွာအသုံးပြုနိုင်ရန် ဆေးရုံပေါင်း ၁၆ ရုံသို့ ပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **အေးမင်းသူ**

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသိလျှင် အဓိက

**❂ ရန်ကုန်တိုင်းဒေသကြီးမှ**

၃။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ(ကိုကိုးကျွန်းမြို့နယ် မပါ)သည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာနများအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၁၄-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၃၅၄/၂၆၄/COVID-19/ကော်မတီ(၂၀၂၀) ဖြင့် နိုင်ငံ့ဝန်ထမ်းများအား (၂)ပတ်ရုံးတက် (၂)ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်စေရေး အကြောင်းကြားချက်အတိုင်း ဆောင်ရွက်ရန်၊ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သားငါး အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရည်သုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများ မပါ)၊

(ခ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဂ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င) နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြား အရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၁-၉-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၁-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၁၀၀/၂၀၂၀ နှင့် ၉-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၁၀၂/၂၀၂၀ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

## အပူပိုင်းမုန်တိုင်း နို(လ်)၏ အရှိန်ကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ကူညီထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ စတင်ဖြစ်ပွားခဲ့သော အပူပိုင်းမုန်တိုင်း နို(လ်) သည် ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ပြီဖြစ်သော်လည်း ၎င်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့် မွန်ပြည်နယ် ရေးမြို့နယ်၊ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင် အိမ်ခြေ ၉၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး လူသုံးဦးသေဆုံးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အတူ ယနေ့တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ပုလောမြို့နယ်တို့၌ နေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် အိမ်ခြေ ၄၃၀ ကျော်မှ လူဦးရေ ၁၆၀၀ ကျော်တို့ ယာယီခိုလှုံရာစုရပ် ခုနစ်ခုနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိပြီး လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ခြင်းတို့ကြောင့် အိမ်ခြေ ၅၀ ကျော်နှင့် ဘာသာရေးကျောင်းတစ်ကျောင်း ထိခိုက်ပျက်စီးခဲ့သောကြောင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးနှင့်အတူ ပုလောမြို့နယ်ရှိ ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် စစ်တောင်းမြစ်ဒီရေတက်ခြင်းကြောင့် စစ်တောင်းမြစ်ကမ်းပါးနှင့် ဆက်စပ်နေသည့် ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပွားမှုကြောင့် အိမ်ခြေ ၁၅၀၀ ကျော်မှ လူဦးရေ ၇၀၀၀ ကျော် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

သို့ပါ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဘေးသင့်နေရာများသို့ အမြန်ဆုံးသွားရောက်ထောက်ပံ့ပေးလျက်ရှိသည်။

ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထားဂရုပြုလိုက်နာရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယား နိုင်ငံတကာ ကျန်းမာရေးဖောင်ဒေးရှင်းက Portable X-ray စက်ငါးလုံး လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ပြန့်ပွားမှု ယခုနှစ်ဩဂုတ်လမှစ၍ ရုတ်တရက် တိုးပွားလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အသုံးပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယား နိုင်ငံတကာကျန်းမာရေးဖောင်ဒေးရှင်း (KOFIH) က အမေရိကန်ဒေါ်လာ ၁၇၅၀၀၀ တန်ဖိုးရှိ Portable X-ray စက်ငါးလုံးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုရီးယား နိုင်ငံတကာကျန်းမာရေးဖောင်ဒေးရှင်း (KOFIH) က လှူဒါန်းသည့် Portable X-ray စက်များအနက် တစ်လုံးကို ရခိုင်ပြည်နယ် ကျောက်ဖြူဆေးရုံသို့ ပို့ဆောင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကာ ကျန် Portable X-ray စက်များကို ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) နှင့် မန္တလေးကန်တော်နဒီဆေးရုံသို့ ဆက်လက်ပို့ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာများ အနက် ၇၀ ရာခိုင်နှုန်းခန့်မှာ ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံရမှု ဖြစ်ပွားနေသည့်အတွက် ရောဂါလက္ခဏာကိုလိုက်၍ ကူးစက်ခံရခြင်း ရှိ/မရှိ ကောက်ချက်ချရန် ခက်ခဲပြီး ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့မှုရှိခဲ့သော်လည်း ရောဂါလက္ခဏာမပြသည့်အခါ အဆိုပါ Portable X-ray စက်ဖြင့် ရင်ဘတ်ကို ဓာတ်မှန်ရိုက်ကြည့်ခြင်းမှတစ်ဆင့် အဆုတ်တွင် ထူးခြားမှု ရှိ/မရှိ ကို ကောက်ချက်ချကာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထွက်ပေါ်လာပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသည် အစိုးရ၊ ဌာနဆိုင်ရာ၊ ကုမ္ပဏီ၊ NGO အဖွဲ့အစည်း၊ ကိုရီးယားအသိုက်အဝန်းတို့မှ Team Korea ကို ဖွဲ့ကာ Test kit များ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆက်တိုက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)




မတ် ၂၄ ရက်က ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံး၌ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးဝတ်စုံများ လွှဲပြောင်းပေးအပ်စဉ်။

# အခြေခံအိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြို့နယ်အသီးသီး၌ ထောက်ပံ့ငွေများပေးအပ်

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်တွင် ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်ကထောက်ပံ့ပေးသည့် ထောက်ပံ့ငွေများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ပဉ္စမအကြိမ်အဖြစ် ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ၍ပေးခြင်းဖြစ်ပြီး အမှတ်(၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၇၆၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ပေးအပ်ခြင်းဖြစ်ကြောင်း အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထံမှ သိရသည်။

ထို့အတူ ကန့်ဘလူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၉၇ တို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၆၆၄၄၉ စု အတွက် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများအလိုက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**ဟသ်ာတ**

ဟသ်ာတမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် တတိယအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၄၁၈၉၀ အတွက် စုစုပေါင်း ငွေကျပ် ၈၃၇၈၀၀၀၀၀ ကို အခြေခံလူတန်းစားအိမ်ထောင်စုများ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်ကစတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်က ကမော့ကချုး၊ အထက်ရေပူ၊ ဒိုင်းပြနှင့် တာပေါင်းကျေးရွာတို့တွင် ပေးအပ်ခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများက ကမော့ကချုးကျေးရွာအိမ်ထောင်စု ၄၁၅ စု၊ အထက်ရေပူကျေးရွာ အိမ်ထောင်စု ၅၉၅ စု၊ ဒိုင်းပြကျေးရွာအိမ်ထောင်စု ၂၈၄ စုနှင့် တာပေါင်းကျေးရွာအိမ်ထောင်စု ၂၆၄ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ဖြင့် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နောင်တရား**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့ ညနေပိုင်းတွင် နောင်တရားမြို့အတွင်းရှိ အိမ်ထောင်စု ၂၀၉ စုသို့ ထောက်ပံ့ပေးအပ်သည်။

နောင်တရားမြို့ အမှတ်(၁)ရပ်ကွက်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၇၇ စုအတွက် နောင်တရားတိုက်နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာဝတ်ရည်ဖြိုးနှင့် အမှတ်(၁)အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း၊ အမှတ်(၂)ရပ်ကွက်၌ အိမ်ထောင်စု ၁၇ စုအတွက် နောင်တရားမြို့စာတိုက်တာဝန်ခံ ဦးခွန်ထွန်းကြည်နှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း၊ အမှတ်(၃)ရပ်ကွက်၌ အိမ်ထောင်စု ၁၁၅ စုအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မူမြစောနှင့် အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၂၀၉ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာ ၅၄ အုပ်စုရှိ အိမ်ထောင်စု ၂၆၁၀၃ စုတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၅၂၂၀၆၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။

အဆိုပါ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၀ ရက်မှစ၍ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မိုင်းယု**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် နယ်စပ်ဒေသမိုင်းယုမြို့တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်ကပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့မှုအဖြစ် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက မိုင်းယုဒေသတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအား ထောက်ပံ့ပေးရခြင်းဖြစ်ပြီး မြို့မရပ်ကွက်အုပ်စုအတွက် အိမ်ထောင်စု ၂၄ စု၊ ဒွန်းန္ဒဲ့အုပ်စုတွင် အိမ်ထောင်စု ၁၉ စု၊ မိုင်းလွေအုပ်စုတွင် အိမ်ထောင်စုခုနစ်စုနှင့် တာကြန့်အုပ်စုတွင် အိမ်ထောင်စု ခုနစ်စု စုစုပေါင်း အိမ်ထောင်စု ၅၇ စုတို့အတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မိုင်းယုမြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုဆယ်အိမ်မှူးများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ရှမ်းရွာသစ်မြို့ ရေတံခွန်ကျေးရွာအုပ်စု ထီးသေ့ခီးကျေးရွာ၌ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ရေတံခွန်ကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၁၁စုတို့အတွက် တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၂၂၀၀၀၀ ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဂန့်ဂေါ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများ စားဝတ်နေရေးပြေလည်စေရန် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တတိယအကြိမ်မြောက် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လုံဟောကျေးရွာနှင့် ဇာဟောကျေးရွာတို့၌ ပေးအပ်ခဲ့သည်။

ဂန့်ဂေါမြို့နယ် လုံဟောကျေးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံ အိမ်ထောင်စုများ ထောက်ပံ့ငွေပေးအပ်ရေးကော်မတီဝင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းလွင်တို့ကအိမ်ထောင်စု ၆၁ စုအတွက် ထောက်ပံ့ငွေကျပ် ၁၂၂၀၀၀၀ ကိုလည်းကောင်း၊ ဇာဟောကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းနှင့်အတူ အိမ်ထောင်စု ၃၀၁ စုအတွက် ထောက်ပံ့ငွေကျပ် ၆၀၂၀၀၀၀ ကိုလည်းကောင်း ကျေးရွာနေပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ကို အပြတ်ဖြတ်နိုင်ဖို့ အားလုံးပါဝင်စို့

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်-၁(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့ စက်တင်ဘာ ၁၈ ရက်က ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -**

ထက်လျှံ

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)]**

ကျွန်တော်တို့ ယနေ့ဆိုရင် ရန်ကုန်အနေနဲ့ Positive လူနာ များလာပါတယ်။ စက်တင်ဘာ ၁၇ ရက်နေ့မှာ ကိုဗစ်ရောဂါ ဓာတ်ခွဲစစ်ဆေးမှုအနေနဲ့ နိုင်ငံခြားက ပြန်လည်ဝင်ရောက်လာသူတွေကို အများဆုံးစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးမှုမှာ Contact Tracing တွေကို စစ်ဆေးတာ ပိုများတဲ့အတွက် Positive လူနာအရေအတွက် များလာခြင်းဖြစ်ပါတယ်။ Positive ဖြစ်တဲ့နှုန်းတွေ၊ အရေအတွက်တွေ တက်နေတာက အမှန်ပါပဲ။

ဒါကို ကျွန်တော်တို့အားလုံး သတိထားဖို့လိုပါတယ်။ ဒီဟာက ကျွန်တော်တို့အားလုံးအတွက် သတိပေးနေသလို ဖြစ်ပါတယ်။ ယနေ့အထိ ကိုဗစ်ရောဂါကြောင့် သေဆုံးမှုအရေအတွက်တွေ များနေပါတယ်။

ကျွန်တော်တို့က လူတိုင်း၊ လူတိုင်းရဲ့ အသက်တွေကို တန်ဖိုးထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာက အရေးကြီးတယ်ဆိုတာကို ပြောပြတာပါ။ စက်တင်ဘာ ၁၇ ရက်နေ့က သေဆုံးတဲ့ အသက် ၁၃ နှစ်အရွယ် ကလေးဆိုရင် သူ့မှာ သွေးနဲ့ပတ်သက်တဲ့ ရောဂါရှိပါတယ်။ သွေးနဲ့ပတ်သက်တဲ့ ရောဂါအခြေခံရှိပြီး ယခု ကိုဗစ်ရောဂါပိုး ထပ်ဝင်တဲ့အတွက် သေဆုံးရခြင်းဖြစ်ပါတယ်။

အလားတူ အသက် ၂၄ နှစ်အရွယ် ဦးဇင်းတစ်ပါးရှိပါတယ်။ ဦးဇင်းက ကျောက်ကပ်ဆေးနေရတာ ဖြစ်ပါတယ်။ ဦးဇင်းရဲ့ အခြေခံရောဂါကိုက ကျောက်ကပ်အလုပ်မလုပ်တော့တာဖြစ်တဲ့အတွက် ယခုလို ဘဝနတ်ထံ ပျံလွန်တော်မူသွားခြင်း ဖြစ်ပါတယ်။

**ဘယ်သူမဆိုဖြစ်နိုင်**

ဒါကြောင့် ဒီလိုမျိုးအဖြစ်တွေ မဖြစ်ရအောင်၊ ထပ်ပြီးမတွေ့ရအောင် ကျွန်တော်တို့တွေအားလုံး ကိုဗစ်ရောဂါဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေနဲ့ စည်းကမ်းတွေ လိုက်နာကြဖို့ လိုအပ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မဖြစ်ဘူးလို့ မထင်ပါနဲ့ ။ ဘယ်သူမဆို ဖြစ်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်မရှိဘူးလို့ မထင်ပါနဲ့။ အန္တရာယ်ရှိနိုင်ပါတယ်။

အရင်နေ့တွေတုန်းက ကျွန်တော်ပြောသလို အသက် ၄၀ ပတ်ဝန်းကျင်နဲ့ ဘာရောဂါအခံမှမရှိဘဲ သေဆုံးသွားသူ တချို့ရှိပါတယ်။ သေဆုံးမှုရာခိုင်နှုန်းအနေနဲ့ နည်းပေမယ့် ရှိပါတယ်။ ဒါကြောင့် ကိုယ်မဖြစ်ဘူး၊ ဒီထဲမှာ မပါဘူးလို့ လုံးဝ(လုံးဝ)ယူဆလို့ မရပါဘူး။ ဒီထဲမှာ ကိုယ်လည်းပါဝင်နိုင်တာကို သတိထားပါ။

ဒါကြောင့် ကိုယ့်အနေနဲ့ ကိုဗစ်ရောဂါ မကူးစက်အောင်၊ ကိုယ်ကနေ သူများကို မကူးစက်အောင်နေထိုင်ကြဖို့ ကျွန်တော် အမြဲတမ်းပြောနေတာက အရေးကြီးပါတယ်။ ဒါကို အားလုံးကလိုက်နာပြီး ဆောင်ရွက်ကြဖို့ အရေးကြီးကြောင်း ကျွန်တော့်အနေနဲ့ ထပ်လောင်းပြီး ပြောကြားလိုပါတယ်။

ကိုဗစ်ရောဂါပိုးတွေ့ရှိသူ အရေအတွက်တွေ များလာခြင်းကို ကျွန်တော်တို့အနေနဲ့ နှစ်ပိုင်းခွဲပြီး ကြည့်ဖို့လိုပါတယ်။ တစ်ခုက ဒီ Positive ဖြစ်တဲ့ သူတွေကနေတစ်ဆင့် Contact တွေကို ခဏ Save လုပ်ပြီး ကျွန်တော်တို့ Containment Procedures အတိုင်း Quarantine လုပ်ဖို့ လိုပါတယ်။ ဒီလို Quarantine လုပ်တဲ့နေရာမှာ ကျွန်တော်တို့ Positive လူနာနဲ့ ထိတွေ့ခဲ့သူအရေအတွက်တွေ အများကြီးထွက်လာတဲ့အချိန်မှာ ဒီဟာကို အချိန်မီ၊ အလျဉ်မီအောင် အချိန်နဲ့တစ်ပြေးညီ Quarantine လုပ်ပါတယ်။ Contact Tracing တွေလုပ်ပါတယ်။ Positive လူနာနဲ့ ထိတွေ့ခဲ့သူအားလုံးကို Facility Quarantine မှာ ထည့်ပါတယ်။ Quarantine ထဲက လူတွေရဲ့ နှာခေါင်းတို့ဖတ် နမူနာယူပါတယ်။ နောက်ပြီး အဲဒီကနေထွက်လာတဲ့ ဓာတ်ခွဲအတည်ပြုမှုအဖြေပေါ်မူတည်ပြီး ဆက်စပ်ထိတွေ့သူတွေရဲ့ ကွင်းဆက်မပျောက်အောင်လုပ်ရတဲ့ အလုပ်က အရေးကြီးပါတယ်။

**အနာကိုကုတဲ့ဆေးမရှိ**

ကျွန်တော်တို့ Positive လူနာတွေကို ပြုစုစောင့်ရှောက်တဲ့ ဆေးကုသမှုအပိုင်းက အရေးကြီးသလို Contact ဖြစ်သွားတဲ့ နေရာကနေပြီး မပြန့်အောင် လိုက်ပြီး ဒီကွင်းဆက်တွေကိုဖြတ်ရတာက အတော်အရေးကြီးပါတယ်။ ဒီလို ကွင်းဆက်တွေဖြတ်ခြင်းက ဆေးကုသမှုထက် အရေးကြီးပါတယ်။ ကိုဗစ်ရောဂါဖြစ်တဲ့သူကို ဆေးကုသဖို့အတွက် ဆေးမရှိပါဘူး။ ဒါကြောင့် ရောဂါဖြစ်တဲ့သူတွေကို ပြုစုစောင့်ရှောက်တယ်။ ကိုဗစ်ရောဂါဖြစ်ပွားနိုင်တဲ့ အန္တရာယ်ဖြစ်လာနိုင်တာတွေကို ကာကွယ်တယ်။ ဒီလို ပြုစုစောင့်ရှောက်တဲ့နေရာမှာ အဆုတ်ဆိုရင် အသက်ရှူလို့ရအောင် အသက်ရှူစက်တွေ လုပ်ပေးတယ်။ ကျောက်ကပ်ဆိုရင် ကျောက်ကပ်ကောင်းအောင် ကျောက်ကပ်အတွက် ပြင်ဆင်ပေးပါတယ်။ ဒါတွေကိုသာ ကျွန်တော်တို့ လုပ်လို့ရပါတယ်။ အနာကို ကုတဲ့ဆေးက မရှိပါဘူး။

ဒါကြောင့် Contact Tracing က အရေးကြီးပါတယ်။ ဒီရောဂါကူးစက်မှုကွင်းဆက်ကိုဖြတ်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီရောဂါပိုးကူးစက်မှု ကွင်းဆက်ဖြတ်တာကို အစွမ်းကုန်၊ အားကုန်၊ ဘက်ပေါင်းစုံကနေ လုပ်ဖို့ စီစဉ်နေပါတယ်။ ကျွန်တော်တို့ လူနာတစ်ယောက်ကို တစ်ယောက်နှုန်းနဲ့ ဒီဘက်ကနေ Medical professions က ဆက်သွယ်ပြီး သူနဲ့ ထိတွေ့ဆက်ဆံခဲ့သူတွေကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီ လုံးဝကွင်းဆက်မပျောက်ရအောင်၊ လုံးဝမကျန်ရအောင်လုပ်ဖို့ စီစဉ်နေပါတယ်။ ဒီလိုလုပ်ဖို့အတွက် ဆေးတက္ကသိုလ်တွေမှာရှိတဲ့ ဆရာ/ဆရာမများ၊ ဘွဲ့လွန်/ ဘွဲ့ကြို ကျောင်းသားများကို ယခုသင်တန်းပေးနေပါတယ်။ ဒီသင်တန်းကနေ Contact Tracing ကို တယ်လီဖုန်းကနေတစ်ဆင့် IT Communication ကို အသုံးချပြီးလုပ်ဖို့ စီစဉ်နေပါတယ်။ ဒီအစီအစဉ်ကို လာမယ့်ရက်အတွင်းမှာ စတင်ပြီးလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီကနေ အင်နဲ့ အားနဲ့ ယခုလိုလုပ်နေပြီး ဒီဘက်မှာလည်း Facility Quarantine ရဲ့ သတ်မှတ်ချက်တွေ၊ ညွှန်ကြားချက်တွေကို ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို တင်ပြပြီး အသစ်ပြန်လည်ရေးဆွဲဖို့ လုပ်နေပါတယ်။ ဒ့ါအပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ Facility Quarantine ကနေပြန်တဲ့ Home Quarantine တွေကို သေသေချာချာ တင်းတင်းကျပ်ကျပ်လုပ်ဖို့လည်း စီစဉ်နေပါတယ်။ ဒီလို အစီအစဉ်တွေကို ကျွန်တော်တို့ လုပ်နေပါတယ်။ ဒ့ါအပြင် ကိုဗစ်ရောဂါ ကူးစက်မှုမရှိအောင် လူအင်အား၊ ပစ္စည်းအင်အား၊ အကြံဉာဏ်အင်အား၊ နည်းပညာအင်အားတွေ အပြည့်နဲ့ ကျွန်တော်တို့ လုပ်ဖို့အတွက် စီစဉ်နေပါတယ်။

ဒီလိုတွေ လုပ်နေတဲ့အချိန်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပြင် ပြည်သူလူထု တစ်ဦး၊ တစ်ယောက်ချင်းစီ၊ တစ်ရပ်ကွက်ချင်းစီ၊ တစ်မြို့နယ်ချင်းစီရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။



ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ကွင်းဆက်အပြတ်ဖြတ်နိုင်မယ်**

ဒီ Contact Tracing ကို ကျွန်တော်တို့ ကောင်းကောင်းလုပ်နိုင်တယ်။ ရောဂါကူးစက်မှု ကွင်းဆက်ကို အပြတ်ဖြတ်နိုင်မယ်ဆိုရင် ရောဂါကူးစက်မှုတွေ ရပ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ Contact Tracing လုပ်ငန်းမှာ ပြည်သူလူထု ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ မေတ္တာရပ်ခံတောင်းဆိုပါတယ်။ ကျွန်တော် ဒီ Contact Tracing လုပ်ငန်းစဉ်ကို လိုက်နာပေးကြဖို့ တောင်းပန်ပါတယ်။ ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါတယ်။

နောက်တစ်ခုဖြစ်တဲ့ ကိုဗစ်ရောဂါကုသမှုအနေနဲ့ ဖောင်ကြီးကိုဗစ်ရောဂါကုသရေးစင်တာ ရှိပါတယ်။ အလားတူ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာမှာ အသင့်ပြင်ဆင်ပြီး အခန်းတွေက လူနာ ၁၁၀ အတွက် အသင့်ရှိပါတယ်။ ဒါကြောင့် ရိုးမအိမ်ရာမှာလည်း ထားလို့ရပါတယ်။ ဒ့ါအပြင် လှိုင်တက္ကသိုလ်နယ်မြေထဲက မြတ်လေးဆောင်ကို အသုံးပြုလို့ ရပါတယ်။ မြတ်လေးဆောင်မှာ လူ ၁၀၀ အတွက် နေရာလွတ်ရှိပါတယ်။ သုဝဏ္ဏဘောလုံးအကယ်ဒမီမှာလည်း ခုတင် ၄၀၀ အသင့်ဖြစ်နေပါပြီ။ ဒီလို လူနာလက်ခံကုသပေးနိုင်တဲ့ နေရာတွေကြောင့် ယခုတက်နေတဲ့ ကိုဗစ်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာတွေရဲ့ နှုန်းကို ကာမိမှာဖြစ်ပါတယ်။ ယခင်က ကျွန်တော်တင်ပြခဲ့သလို တစ်နေ့ကို လူနာ ၃၀၀ နှုန်းအထိ လက်ခံကုသနိုင်အောင် စီစဉ်ထားပါတယ်။ လူနာ ၃၀၀ နဲ့ အထက်ကို ရောက်ရှိလာရင် ကျွန်တော်တို့အနေနဲ့ နေရာတွေကို စဉ်းစားဖို့ လိုလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အောင်မြင့်မိုရ်အိမ်ရာ၊ ရွှေလင်ပန်းမှာရှိတဲ့နေရာနဲ့ ရိုးမအိမ်ရာတွေထဲမှာ ထပ်မံပြီး တိုးချဲ့ပြင်ဆင်နေပါတယ်။ ဒါကြောင့် ကုသရေးအနေနဲ့ အချိန်မီပါတယ်။ ကျွန်တော်တို့အနေနဲ့ အဆင်သင့်ရှိနေပါတယ်။

ဒီအတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ကုသရေးနဲ့ ကာကွယ်ရေးကို ပေါင်းစည်းပြီး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအနေနဲ့ ဆောင်ရွက်နေသလို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကို အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ပြီး အင်နဲ့ အားနဲ့ ဝိုင်းဝန်းပြီး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကိုဗစ်ရောဂါ ဖြစ်တဲ့သူကို ဆေးကုသဖို့အတွက် ဆေးမရှိပါဘူး။ ဒါကြောင့် ရောဂါဖြစ်တဲ့သူတွေကို ပြုစုစောင့်ရှောက်တယ်။ ကိုဗစ်ရောဂါဖြစ်ပွားနိုင်တဲ့ အန္တရာယ်ဖြစ်လာနိုင်တာတွေကို ကာကွယ်တယ်။ ဒီလိုပြုစုစောင့်ရှောက်တဲ့နေရာမှာ အဆုတ်ဆိုရင် အသက်ရှူလို့ရအောင် အသက်ရှူစက်တွေ လုပ်ပေးတယ်။ ကျောက်ကပ်ဆိုရင် ကျောက်ကပ်ကောင်းအောင် ကျောက်ကပ်အတွက် ပြင်ဆင်ပေးပါတယ်။**

---

**○ ရှေ့ဖုံးမှ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ထန်းတပင်မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စင်တာ နှစ်ခုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း



**ထန်းတပင် စက်တင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်စင်တာအဖြစ် ရိုးခွ(အထက)ခွဲနှင့် ရွာသစ်(အလက)ခွဲ အခြေခံပညာကျောင်းနှစ်ကျောင်းကို ထပ်မံ၍ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး အဆိုပါစင်တာများသို့ မြို့မပရဟိတလူငယ်အဖွဲ့နှင့် အလှူရှင်များက ရောဂါကြိုတင်ကာကွယ်သုံးပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းက သွားရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် ရိုးခွကျေးရွာ ကန့်သတ်စောင့်ကြည့်စင်တာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသူများအတွက် အလှူရှင် ဦးဝင်းရွှေ(အောင်ချမ်းမြေ့)မိသားစုနှင့် မြို့မပရဟိတလူငယ်အဖွဲ့ဝင်များက ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၅၀၀၊ မျက်နှာအကာ ၂၂ ခု၊ လက်သန့်ဆေးရည်(100 ML) ၂၂ ဘူး၊ MMK 9.2 Liters ဆေးရည်တစ်ပုံး၊ ရေသန့် ခြောက်လုံးပါ ခြောက်ကတ်၊ လက်အိတ်များနှင့် ရွာသစ်ကျေးရွာ ကန့်သတ်စောင့်ကြည့်စင်တာတွင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသူများအတွက် နှာခေါင်းစည်း အခု ၃၀၀၊ မျက်နှာအကာ ၁၂ ခု၊ လက်သန့်ဆေးရည်(100 ML)၁၂ ဘူး၊ MMK 9.2 Liters ဆေးရည်တစ်ပုံး၊ ရေသန့် ခြောက်လုံးပါ ငါးကတ်နှင့် လက်အိတ်တို့ကို ကန့်သတ်စောင့်ကြည့်စင်တာများမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **ဇင်မင်းထိုက်(မြန်/ဆက်)**

# ကိုဗစ်-၁၉ ကာလ စင်ကာပူရွေးကောက်ပွဲ

ကောင်းမြတ်နွယ်(စင်ကာပူ)

ကိုဗစ်-၁၉ ကာလ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့နိုင်ငံအတော်များများရဲ့ ရွေးကောက်ပွဲကာလနဲ့ တိုက်ဆိုင်နေပါတယ်။

အမေရိကန်နိုင်ငံရဲ့ ရွေးကောက်ပွဲက နိုဝင်ဘာလ ၃ ရက်နေ့ဖြစ်ပြီး ဒီမိုကရက်တစ်ပါတီမှ ဂျိုးဗိုင်ဒင် (Joe Biden) နှင့် ရီပတ်ဘလီကင်ပါတီမှ လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်တို့ အကြိတ်အနယ် တစ်ယောက်အားနည်းချက်ကို တစ်ယောက်ဖော်ထုတ်ထောက်ပြကာ မဲဆွယ်နေကြပြီဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ခုနစ်သန်းနီးပါး၊ သေဆုံးသူပေါင်း နှစ်သိန်းကျော်ရှိနေတဲ့ အမေရိကန်နိုင်ငံဟာ သမ္မတဒေါ်နယ်ထရမ့်ရဲ့ စီးပွားရေးဦးစားပေးမူဝါဒကြောင့် ရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းတွေ အားနည်းခဲ့တယ်။ ကိုဗစ်-၁၉ ရဲ့ ရက်ရက်စက်စက် ထိုးနှက်မှုကို မရှုမလှခံနေရပါတယ်။ ဒါပေမဲ့လည်း အမတ်လောင်းတွေက သက်ဆိုင်ရာဒေသတွေမှာ လူစုလူဝေးနဲ့ ရဲရဲဝံ့ဝံ့ တက်တက်ကြွကြွနဲ့ မဲဆွယ်နေကြပြီဖြစ်ပါတယ်။

အလားတူပဲ အင်ဒိုနီးရှားနိုင်ငံက ဒီဇင်ဘာလ ၉ ရက်နေ့ကို လျာထားတယ်။ ဟောင်ကောင်က စက်တင်ဘာလ ၆ ရက်နေ့ကို သတ်မှတ်ခဲ့ပေမယ့် နောက်ဆုံးမှာ ရွေးကောက်ပွဲကို တစ်နှစ်တိတိ နောက်ဆုတ်လိုက်တယ်။

ကျွန်တော့်အနေနဲ့ မကြာသေးခင်က ကျင်းပသွားခဲ့တဲ့ စင်ကာပူနိုင်ငံ ရွေးကောက်ပွဲအကြောင်းလေးကို တင်ပြချင်ပါတယ်။

**၂၀၂၀ မဲဆန္ဒပေးပွဲမှာ ၃၀ ရာခိုင်နှုန်းက မကျေမနပ်ဖြစ်ကြောင်း ဆာဗေး စစ်တမ်းကောက်ယူချက်အရ သိရပါတယ်။ လူတွေတန်းစီစောင့်ရတာ ကြာလွန်းလို့ပါ။ ဒါ့အပြင် လမ်းဘေး ပလက်ဖောင်း နေပူပူမှာ နာရီဝက် / ၄၅ မိနစ်တန်းစီရတာကို စိတ်ဆိုးကြပါတယ်။ စင်ကာပူဆိုတာ နေပူတယ်၊ အချိန်မရွေးမိုးရွာတယ်။ အဲဒီနေ့က မိုးမရွာလို့ တော်သေးတယ်။**

စင်ကာပူနိုင်ငံက မြန်မာနိုင်ငံထက် အများကြီးနောက်ကျမှ လွတ်လပ်ရေးရခဲ့တာပါ။ အင်္ဂလိပ်ကိုလိုနီလက်အောက်လည်း ကျရောက်ခဲ့တယ်။ ဂျပန်ဖက်ဆစ်ဒဏ်ကိုလည်း ခံခဲ့ရတယ်။ ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ လွတ်လပ်ရေးရတော့လည်း ရေချိုတောင် အလုံအလောက်မရှိ၊ ပညာတတ်မရှိ၊ ရွှံ့ဗွက်နဲ့ ချုံပုတ်ပဲရှိတဲ့ ကျွန်းနဲ့ စခဲ့ရတာပါ။ ခေါင်းဆောင်ကောင်းရသွားတော့ ယခုနှစ်စင်ကာပူရဲ့ရွေးကောက်ပွဲက (၁၈) ကြိမ်မြောက်ရွေးကောက်ပွဲဖြစ်သွားပါပြီ။ လွတ်လပ်ရေးရပြီးတဲ့နောက် (၁၃) ကြိမ်မြောက် ရွေးကောက်ပွဲလည်း ဖြစ်သွားပါပြီ။

**ဖြဟ္မစိုရ်တရားထွန်းကားတဲ့နိုင်ငံ ထူထောင်**

အစဉ်အဆက်ပါတီတည်ထောင်သူ မစ္စတာလီကွမ်ယုကို ပြည်သူအများစု ယုံကြည်နှစ်သက်ကြတဲ့အလျောက် PAP (People’s Action Party) ကိုပဲ မဲပေးခဲ့ကြတယ်။ ဒီပါတီပဲ နိုင်ငံကိုအုပ်ချုပ်ခဲ့တာ အခြေခိုင်နေပါပြီ။ အရာရာ လုပ်ငန်းဌာနအသီးသီးကို ပညာရေးကြည့်မလား၊ စီးပွားရေးကြည့်မလား၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးပဲ ကြည့်မလား ကမ္ဘာက စံတင်ရအောင် လုပ်ပြထားတာပါ။ မျက်မမြင်သူ၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများကို ဘတ်စ်ကားစီးနိုင်အောင် စီစဉ်ပေးထားတယ်။ ကိုယ်အင်အား၊ စိတ်အင်အားငယ်တဲ့သူတွေကို ပိုမိုစာနာရပ်တည်ပေးထားတဲ့ တကယ့်ဖြဟ္မစိုရ်တရားထွန်းကားတဲ့ နိုင်ငံကို ထူထောင်ထားနိုင်ခဲ့ပါတယ်။

အတိုက်အခံပါတီတွေ ရှိပေမယ့်လည်း အင်အားကြီးတဲ့ PAP ပါတီက ဖိနှိပ်အနိုင်ယူတယ်လို့ နာမည်ကြီးပါတယ်။ စင်ကာပူပြည်သူပြည်သားတချို့က အဲဒါကို ပြောလေ့ရှိကြတယ်။ PAP ပါတီဥက္ကဋ္ဌ မစ္စတာလီကွမ်ယုက အာဏာရှင်ဆန်ဆန်လူတွေရဲ့ ကြမ်းတမ်းတဲ့စိတ်တွေကို ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ ဒဏ်ငွေတွေနဲ့ အစစအရာရာ ထိန်းချုပ်ခဲ့တဲ့အတွက် ကမ္ဘာ့အလုံခြုံဆုံး ၁၀ နိုင်ငံထဲမှာ နံပါတ် ၈ ရထားတာပေါ့။ ဒီလိုကောင်းအောင် လုပ်ပြထားတာတွေကြောင့် မကျေနပ်ချက်တချို့ ရှိသော်ငြားလည်း ဘယ်အတိုက်အခံပါတီကမှ မကျော်လွှားနိုင်ဘဲ PAP မှ PAP ဖြစ်နေခဲ့ပါတယ်။

ပါတီတစ်ခုတည်ထောင်ပြီး ရွေးကောက်ပွဲဝင်ရတယ်ဆိုတာ လွယ်တာမှမဟုတ်တာ။ ပြည်သူတွေကြိုက်လောက်တဲ့ အရည်အချင်းကောင်းတွေရှိနေမှ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင် (ELD – Elections Department Singapore) ကို စရန်ငွေ စင်ကာပူဒေါ်လာ ၁၃၅၀၀ တင်ရပါတယ်။ မဲဆွယ်တာ၊ ပိုစတာစိုက်ထူတာ စသည်ဖြင့် ရွေးကောက်ပွဲအတွက် ဘာပဲဖြစ်ဖြစ် ဒေါ်လာ တစ်သိန်းလောက်တော့ ကုန်ကျနိုင်ပါတယ်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် စင်ကာပူနိုင်ငံ ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခဲ့တဲ့ ပါတီပေါင်း ၁၉ ခု ခန့်ရှိခဲ့ပြီး တကယ်ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီက ၁၁ ခု ရှိခဲ့ပါတယ်။

ပြည်သူပြည်သားတွေက PAP(People’s Action Party)၊ WP( Workers’ Party) နဲ့ PSP (Progress Singapore Party) တို့လောက်သာ လူသိပါတယ်။ WP ပါတီကတော့ ဖွဲ့စည်းခဲ့တာ ၆၂ နှစ်ကြာခဲ့ပြီဖြစ်လို့ လူသိများတဲ့အပြင် (၁၉၉၁-၁၉၉၇) မှာ ဟောင်ဂန်းမြို့နယ်မှာ အနိုင်ရခဲ့တယ်။ လူငယ်အများစုနေထိုင်တဲ့ ဟောင်ဂန်း၊ စိန်ဂန်း၊ ပွန်ဂိုစတဲ့မြို့နယ်တွေကတော့ ပါတီအသစ်တွေကို စွန့်စားပြီး မဲပေးလိုကြပါတယ်။ တစ်ပါတီတည်းကနေ ထင်တိုင်းမကျဲနိုင်အောင် အတိုက်အခံ အားပြိုင်ပါတီရှိနေဖို့ လိုတယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းတွေ ရှိကြပါတယ်။ အတိုက်အခံပါတီတွေကလည်း ဒီမိုကရေစီလိုလားတဲ့ တိုင်းပြည်နဲ့လူမျိုး ကောင်းစားရေး လုပ်ဆောင်မယ့်ပါတီတွေ ဖြစ်တာ တွေ့မြင်ရပါတယ်။

စင်ကာပူနိုင်ငံရဲ့ ရွေးကောက်ပွဲ ၂၀၁၅ ကို အဲဒီနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့တာမို့ ဒီနှစ် ၂၀၂၀ ရွေးကောက်ပွဲက စက်တင်ဘာလထဲမှာမှ ကျင်းပဖို့ဖြစ်သော်လည်း ဝန်ကြီးချုပ် လီရှန်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်အရ မတ်လထဲမှာ ပါလီမန်ဖျက်သိမ်းဖို့ သမ္မတကို အကြံပြုခဲ့ပါတယ်။ ရွေးကောက်ပွဲရက်ကိုလည်း ဇူလိုင်လ ၁၀ ရက်နေ့ကို သတ်မှတ်လိုက်တဲ့အတွက် အတိုက်အခံပါတီတွေ မဲဆွယ်ချိန်မရအောင်လုပ်တာလို့ အစိုးရကို သိပ်မကြိုက်တဲ့ပြည်သူတွေက ပြောကြပါသေးတယ်။

**မဲဆွယ်ဖို့ခက်ခဲ**

ကိုဗစ်-၁၉ ကာလလည်းဖြစ်လို့ အတိုက်အခံပါတီတွေ အနေနဲ့တော့ လူသိအောင်တောင် လူလုံးပြချိန်မရလိုက်ပါဘူး။ စင်ကာပူနိုင်ငံရဲ့ဥပဒေကလည်း စီတန်းလှည့်လည်တာ၊ လူငါးယောက်ထက် ပိုပြီးစုဝေးတာ ကန့်သတ်ထားတဲ့ တိုင်းပြည်ဖြစ်တော့ လူသစ်တန်း အတိုက်အခံပါတီတွေအဖို့ မဲဆွယ်ချိန်လည်း မလုံလောက်ခဲ့ပါ။ နှာခေါင်းစည်းများ ဝတ်ဆင်ထားရပြီး လက်ဆွဲနှုတ်ဆက်ခွင့်နဲ့ အနီးကပ်ပြောဆိုခွင့်မရတဲ့အတွက် မဲဆွယ်ဖို့ အတော်ပင် အခက်အခဲရှိတာတွေ့ရပါတယ်။

နိုင်ငံပိုင် ရုပ်မြင်သံကြားကနေ အချိန်အကန့်အသတ်နဲ့ မဲဆွယ်ကြရပါတယ်။ မြန်မာနိုင်ငံလို ဆိုက်ကားတွေလည်း မရှိတော့ အလံတွေနဲ့ အနေးယာဉ်လုပ်သားတွေရဲ့ အင်အားလည်း မသုံးနိုင်။ ကားတွေရဲ့ကိုယ်ခန္ဓာမှာ စတစ်ကာနဲ့ လှုံ့ဆော်ခွင့်မပြုတဲ့အတွက် ပေတစ်ရာ ဟိုက်ဝေးလမ်းတွေပေါ်မှာလည်း မမြင်ရ။ စင်ကာပူနိုင်ငံရဲ့ မဲဆွယ်ရေးစစ်တလင်းက ရုပ်ကွက်တိုင်းလိုလိုမှာရှိတဲ့ ဟော့ကာစင်တာစားသောက်ဆိုင်တန်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ဝန်ကြီးလောင်း၊ အမတ်လောင်း၊ သမ္မတလောင်းတွေက ခြေကျင်ခရီးနှင်ပြီး စာရွက်ဝေ စည်းရုံးရေးဆင်းကြရပါတယ်။

မိမိရပ်ကွက်အတွက်၊ မြို့နယ်အတွက် အမတ်လောင်းတွေ ပီပြင်လာတဲ့အခါ ရပ်ကွက် ဆက်သွယ်ရေးစင်တာ (Community Centre) က ဦးဆောင်ပြီး မဲပေးခွင့်ကတ်တွေကို စာတိုက်ကတစ်ဆင့် ပို့ပါတယ်။

စင်ကာပူ အမျိုးသားမှတ်ပုံတင်ကတ်ပြားက ဘားကုတ်ပါဝင်ပြီး စကင်ဖတ်လိုက်တာနဲ့ သတင်းအချက်အလက်အကုန်ရတယ်။ ကတ်ပြားပေါ်မှာလည်း လိပ်စာပါတယ်။ နေတဲ့နေရာ အိမ်လိပ်စာပြောင်းတာနဲ့ နီးစပ်ရာရဲစခန်းကို အကြောင်းကြားရတယ်။ ရဲစခန်းက ချက်ချင်းစတစ်ကာထုတ်ပြီး မှတ်ပုံတင်ကတ်ပြားပေါ်မှာ ကပ်ပေးပါတယ်။ လိပ်စာအဟောင်းကို အသစ်ဖုံးပေးလိုက်တာနဲ့ တစ်ပြိုင်နက် လူဝင်မှုကြီးကြပ်ရေး၊ အမြတ်ခွန်ဌာန၊ အိုနာစာရန်ပုံငွေရုံး (CPF)၊ အလုပ်လုပ်ကိုင်နေတဲ့ လုပ်ငန်းဌာနစတဲ့ အရေးကြီးဆက်နွယ်ရာ သက်ဆိုင်ရာဌာနကြီး ၂၀ ခန့်ကို လိပ်စာပြောင်းကြောင်း အကြောင်းကြားပြီးဖြစ်ပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံသားမှတ်ပုံတင်နဲ့ အိမ်

**အခုတော့ အရိပ်တစ်လှည့်၊ နေပူတစ်လှည့် နှာခေါင်းစည်းက တပ်ထားရသေးတော့ သက်သောင့်သက်သာမရှိ။ ကြာလိုက်တာ။**

**ကြာမှာပေါ့။ မဲရုံထဲအဝင် ကိုယ်အပူချိန်တိုင်းရသေးတယ်။ လက်ကို (Hand Sanitizer) ဖျန်းရသေးတယ်။ လက်အိတ်တစ်စုံပေးပြီး ဝတ်ခိုင်းသေးတယ်။ အဆင့်တွေများနေတော့ ပိတ်ကျပ်နေတဲ့အပြင် အဆောက်အအုံအတွင်းရှိ လူဦးရေကိုလည်း ကန့်သတ်ထားတဲ့အတွက် ရှေ့လူက ပြန်မထွက်သေးရင် နောက်လူမသွင်းသေးဘဲ တောင့်ခံထားတဲ့အတွက် ဖြစ်ပါတယ်။**

ဝယ်ဖို့၊ ကားဝယ်ဖို့၊ ကားစင်းလုံးငှားပြီးမောင်းဖို့၊ ငွေချေးဖို့ ခိုင်မာနေပြီဖြစ်ပါတယ်။

ခိုင်မာနေတဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ လိပ်စာများကြောင့် မဲပေးခွင့်ကတ်ပြားကို စာတိုက်ကနေ နှစ်ပတ်၊ သုံးပတ် ကြိုတင်ပို့ထားပါတယ်။ အဲဒီကတ် (Poll Card) မှာ မဲဆန္ဒရှင်ရဲ့ နာမည်၊ လိပ်စာ၊ မဲပေးခွင့်ရနံပါတ်၊ မဲရုံလိပ်စာ၊ ကောင်တာနံပါတ် အပြည့်အစုံပါတဲ့အပြင် မဲပေးရမယ့်အချိန် (နှစ်နာရီအကန့်) ပေးထားပါတယ်။ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများအတွက် မနက်ပိုင်း (၈ နာရီက ၁၀ နာရီ) စသည်ဖြင့်ပါ။ သန်သန်စွမ်းစွမ်းလူငယ်များအတွက် နေ့လယ်၊ ညနေခင်း စသည်ဖြင့် ခွဲလိုက်တဲ့အတွက် လူတွေ တထောကြီး ပြွတ်သိပ်စုထပ်သွားခြင်းကို ကာကွယ်ဖို့ ကြံစည်ပါတယ်။ သို့သော်လည်း နံနက် (၈နာရီက ၁၀ နာရီအတွင်း) လာဖို့အကြံပြုထားတဲ့ မိခင်က မမာမကျန်းမို့ နေ့ခင်းမှလာဖို့ အကြံပြုထားခံရတဲ့သားဖြစ်သူပါ အတူပါလာရင်လည်း မဲပေးခွင့်ပြုလိုက်တာပါပဲ။

၂၀၂၀ မဲဆန္ဒပေးပွဲမှာ ၃၀ ရာခိုင်နှုန်းက မကျေမနပ်ဖြစ်ကြောင်း ဆာဗေးစစ်တမ်း ကောက်ယူချက်အရ သိရပါတယ်။ လူတွေတန်းစီစောင့်ရတာ ကြာလွန်းလို့ပါ။ ဒါ့အပြင် လမ်းဘေးပလက်ဖောင်း နေပူပူမှာ နာရီဝက် / ၄၅ မိနစ်တန်းစီရတာကို စိတ်ဆိုးကြပါတယ်။ စင်ကာပူဆိုတာ နေပူတယ်၊ အချိန်မရွေးမိုးရွာတယ်။ အဲဒီနေ့က မိုးမရွာလို့ တော်သေးတယ်။

အရင်ရွေးကောက်ပွဲတွေတုန်းကတော့ ဒီ Community Centre အမိုးအောက်မှာ ဝင်္ကပါလို သံတန်းတွေဖွဲ့ထားတဲ့အထဲ သက်သောင့်သက်သာ တန်းစီကြရတယ်။ ရေလေး၊ အအေးလေးသောက်၊ မဲပြားယူ၊ ကြက်ခြေခတ်တံဆိပ်တုံးလေးနှိပ်။ စိတ်ကျေနပ်စရာ ဖြစ်ခဲ့တယ်။

အခုတော့ အရိပ်တစ်လှည့်၊ နေပူတစ်လှည့် နှာခေါင်းစည်းက တပ်ထားရသေးတော့ သက်သောင့်သက်သာမရှိ။ ကြာလိုက်တာ။

ကြာမှာပေါ့။ မဲရုံထဲအဝင် ကိုယ်အပူချိန်တိုင်းရသေးတယ်။ လက်ကို (Hand Sanitizer) ဖျန်းရသေးတယ်။ လက်အိတ်တစ်စုံပေးပြီး ဝတ်ခိုင်းသေးတယ်။ အဆင့်တွေများနေတော့ ပိတ်ကျပ်နေတဲ့အပြင် အဆောက်အအုံအတွင်းရှိ လူဦးရေကိုလည်း ကန့်သတ်ထားတဲ့အတွက် ရှေ့လူက ပြန်မထွက်သေးရင် နောက်လူမသွင်းသေးဘဲ တောင့်ခံထားတဲ့အတွက် ဖြစ်ပါတယ်။

ကိုယ်နဲ့ပါလာတဲ့ Poll Card လေးကို ကိုယ်သွားရမယ့် ဆက်ရှင်မှာပြလိုက်တော့ မဲပြားထုတ်ပေးပါတယ်။ မဲပြားကိုယူပြီး အချင်းချင်းကြည့်လို့မရအောင် အကန့်လေးကန့်ကာရံထားတဲ့ စားပွဲပေါ်ကအကန့်လေးထဲမှာ ကြက်ခြေခတ်စည်းသွားနှိပ်လိုက်ကြရပါတယ်။ လက်သန်းမင်မစွန်းပါ။ နှစ်ခါပြန်လည်း ထည့်မရပါ။ ဟိုတုန်းကလို လိုက်ကာကာထားတဲ့အခန်းလည်း မသုံးတော့ပါ။ သန့်ရှင်းရေးလုပ်ရတာ လွယ်ကူတဲ့ ခြေတံရှည်စားပွဲပေါ်မှာ လုံခြုံတဲ့အကန့်လေးဖြစ်အောင် ဖန်တီးထားတာပါ။

မဲပြားပေါ်မှာ ကိုယ်မဲပေးချင်တဲ့ပါတီကို ကြက်ခြေခတ်တံဆိပ်တုံးလေး နှိပ်ပြီးတဲ့နောက် မဲပုံးဆီသွားပြီး ထည့်လိုက်တာနဲ့ နိုင်ငံသားတာဝန်ကျေပွန်ပါပြီ။

စင်ကာပူ အထွေထွေရွေးကောက်ပွဲကို မဲလာမပေးရင် အရေးယူမတဲ့။ လက်တင်အမေရိကနိုင်ငံ ၁၀ နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၁ နိုင်ငံမှာ မဲပေးခြင်းဟာ မလုပ်မနေရတာဝန်တစ်ရပ်ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ မဲပေးဖို့ကန့်သတ်ချက်ကတော့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ ၂၁ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးဖို့ တာဝန်ရှိပါတယ်။ မဲရုံပေါင်း ၁၀၉၇ ရုံ စီစဉ်ထားပြီး မဲလာပေးသူ ၂၅၆၅၀၀၀ ရှိတဲ့အတွက် မဲပေးခွင့်ရှိသူရဲ့ ၉၆ ရာခိုင်နှုန်း မဲပေးတယ်လို့ ဆိုပါတယ်။ မဲပေးချိန်က နံနက် ၈ နာရီကနေ ည ၈ နာရီပါ။ ကိုယ်အပူချိန် ၃၇.၅ ဒီဂရီစင်တီဂရိတ် အထက်ရှိသူကို ပြန်လွှတ်ပါတယ်။ Home Stay အိမ်မှာနေဖို့ ကန့်သတ်ထားသူတွေနဲ့ ဖျားနေသူတွေကို ည ၇ နာရီကနေ ၈ နာရီအတွင်း မဲပေးခွင့်ပြုလိုက်ပါတယ်။ အကြောင်းမဲ့ မဲလာမပေးသူများကို မဲပေးပိုင်ခွင့်စာရင်းမှ ပယ်ဖျက်ခံရပါတယ်။ နောင် မဲပေးခွင့် အခွင့်အရေးဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

လက်ရှိအာဏာရ အစိုးရဟာ ရွေးကောက်ပွဲကော်မရှင်အတွက်တာဝန်ရှိတော့ ရွေးကောက်ပွဲအဆင်ပြေချောမွေ့ဖို့ အားထုတ်တာတွေတွေ့ရပါတယ်။ မဲပေးပွဲကနေ မကူးစက်နိုင်ဖို့၊ လူတွေ သက်သောင့်သက်သာ အချိန်မကုန်ဘဲ မဲပေးနိုင်ဖို့ စိတ်ချရသော လူအကွာအဝေး၊ နှာခေါင်းစည်းတပ်ဆင်မှု၊ လက်ကို ဆေးဖျန်းမှု၊ လက်အိတ်ဝတ်ဆင်မှု၊ ကိုယ်အပူချိန် ၃၇.၅ ဒီဂရီစင်တီဂရိတ်အထက်ပိုသူတွေကို အဝင်မခံဘဲ သီးသန့်စီစဉ်ပေးမှုစတဲ့ လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သွားတာတွေ့ရပါတယ်။

**မိုဘိုင်းဖုန်းနဲ့ မဲဆန္ဒပေးနိုင်ဖို့ ကြိုးပမ်း**

အမှားများကို စစ်တမ်းကောက်ပြီး အနာဂတ်ဒစ်ဂျစ်တယ်နိုင်ငံတော်မှာ မဲရုံလာစရာမလိုဘဲ မိုဘိုင်းဖုန်းနဲ့ မဲဆန္ဒပေးနိုင်ဖို့ ကြိုးပမ်းလျက်ရှိနေကြပါတယ်။

မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ သတိကြီးစွာနဲ့ ဆောင်ရွက်ရင်းဖြင့် အောင်မြင်မှုရလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

**စင်ကာပူနိုင်ငံရဲ့ မဲပေးဖို့ ကန့်သတ်ချက်ကတော့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ ၂၁ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးဖို့ တာဝန်ရှိပါတယ်။ မဲရုံပေါင်း ၁၀၉၇ ရုံ စီစဉ်ထားပြီး မဲလာပေးသူ ၂၅၆၅၀၀၀ ရှိတဲ့အတွက် မဲပေးခွင့်ရှိသူရဲ့ ၉၆ ရာခိုင်နှုန်း မဲပေးတယ်လို့ ဆိုပါတယ်။ မဲပေးချိန်က နံနက် ၈ နာရီကနေ ည ၈ နာရီပါ။ ကိုယ်အပူချိန် ၃၇.၅ ဒီဂရီစင်တီဂရိတ် အထက်ရှိသူကို ပြန်လွှတ်ပါတယ်။ Home Stay အိမ်မှာနေဖို့ ကန့်သတ်ထားသူတွေနဲ့ ဖျားနေသူတွေကို ည ၇ နာရီကနေ ၈ နာရီအတွင်း မဲပေးခွင့်ပြုလိုက်ပါတယ်။ အကြောင်းမဲ့ မဲလာမပေးသူများကို မဲပေးပိုင်ခွင့်စာရင်းမှ ပယ်ဖျက်ခံရပါတယ်။ နောင် မဲပေးခွင့် အခွင့်အရေး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။**

# နိုင်ငံတော်အစိုးရရဲ့ လုံးပမ်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ



**ကျန်းမာရေးဝန်ထမ်းတွေ ကြားထဲမှာရော၊ တခြားဝန်ထမ်းတွေ ကြားထဲမှာရော ရောဂါပြန့်ပွားလာတာ အတိုင်းအတာတစ်ခုထိ ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီနေတာ ကျွန်မတို့ရဲ့ အားသာချက်တစ်ခုက ဒါပါပဲ။ ကျွန်မတို့ပြည်သူတွေက တကယ် အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကူအညီတွေ အတွက်လည်း ကျွန်မတို့ ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ထပ်လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေ၊ ပညာရှင်တွေ နိုင်ငံတော်အစိုးရရဲ့ လုံးပမ်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ။ အားလုံးက ဝိုင်းဝန်းလုပ်မယ်ဆိုရင် အောင်မြင်မှာပါဆိုတာ ကျွန်မ ဒီကနေ ပြောချင်ပါတယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၀-၉-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၉-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၆၄၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၂ |
| | | မဟာအောင်မြေမြို့နယ် | ၂ |
| | | ပုသိမ်ကြီးမြို့နယ် | ၂ |
| | | ပြည်ကြီးတံခွန်မြို့နယ် | ၂ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၉ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | သင်္ဃန်းကျွန်းမြို့နယ် | ၈၀ |
| | | တာမွေမြို့နယ် | ၃၂ |
| | | လှိုင်သာယာမြို့နယ် | ၃၀ |
| | | တွံတေးမြို့နယ် | ၂၄ |
| | | တောင်ဥက္ကလာပမြို့နယ် | ၂၃ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၂၃ |
| | | ရန်ကင်းမြို့နယ် | ၂၃ |
| | | သာကေတမြို့နယ် | ၂၂ |
| | | လမ်းမတော်မြို့နယ် | ၂၂ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၁၈ |
| | | မရမ်းကုန်းမြို့နယ် | ၁၈ |
| | | ကျောက်တန်းမြို့နယ် | ၁၅ |
| | | ရွှေပြည်သာမြို့နယ် | ၁၅ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၄ |
| | | လှိုင်မြို့နယ် | ၁၄ |
| | | အင်းစိန်မြို့နယ် | ၁၃ |
| | | မင်္ဂလာဒုံမြို့နယ် | ၁၂ |
| | | ဗိုလ်တထောင်မြို့နယ် | ၁၁ |
| | | သန်လျင်မြို့နယ် | ၁၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁၀ |
| | | ဒလမြို့နယ် | ၁၀ |
| | | ကျောက်တံတားမြို့နယ် | ၉ |
| | | ပန်းဘဲတန်းမြို့နယ် | ၉ |
| | | ကမာရွတ်မြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | ဒေါပုံမြို့နယ် | ၆ |
| | | လသာမြို့နယ် | ၆ |
| | | ပုဇွန်တောင်မြို့နယ် | ၄ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၄ |
| | | လှည်းကူးမြို့နယ် | ၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၄ |
| | | စမ်းချောင်းမြို့နယ် | ၄ |
| | | ဗဟန်းမြို့နယ် | ၃ |
| | | ခရမ်းမြို့နယ် | ၃ |
| | | အလုံမြို့နယ် | ၂ |
| | | ဒဂုံမြို့နယ် | ၂ |
| | | သုံးခွမြို့နယ် | ၁ |
| | စုစုပေါင်း | | ၅၃၅ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၀ |
| | | မြောက်ဦးမြို့နယ် | ၁၀ |
| | | ကျောက်ဖြူမြို့နယ် | ၅ |
| | | အမ်းမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂၆ |
| ၄ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၂၁ |
| | | မော်လမြိုင်မြို့နယ် | ၈ |
| | | ကျိုက်ထိုမြို့နယ် | ၁ |
| | | သထုံမြို့နယ် | ၁ |
| | | ကျိုက်မရောမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃၂ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်မြို့နယ် | ၂ |
| | | နိုးညီမြို့နယ် | ၂ |
| | စုစုပေါင်း | | ၄ |
| ၆ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | စုစုပေါင်း | | ၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံမြို့နယ် | ၁၀ |
| | | ဘိုကလေးမြို့နယ် | ၁ |
| | | ကန်ကြီးထောင့်မြို့နယ် | ၁ |
| | | ဟင်္သာတမြို့နယ် | ၁ |
| | | အိမ်မဲမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၄ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ် | ၂ |
| | | ဟုမ္မလင်းမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူမြို့နယ် | ၁ |
| | | လောင်းလုံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂ |
| ၁၀ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၈ |
| | | အောင်လံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၉ |
| ၁၁ | ကရင်ပြည်နယ် | လှိုင်းဘွဲ့မြို့နယ်* | ၂ |
| | | ဖာပွန်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| ၁၂ | ချင်းပြည်နယ် | မင်းတပ်မြို့နယ် | ၃ |
| | စုစုပေါင်း | | ၃ |
| | (၁၉-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၆၄၂ |

* ပြည်ပနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

၂။ (၂၀-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀)နာရီအထိ ထပ်မံ သေဆုံးသူ (၈) ဦးရှိပါသည် -

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-5148 | ၇၆ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈-၉-၂၀၂၀) ည (၁၀:၂၀) နာရီ |
| ၂ | Case-5151 | ၅၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈-၉-၂၀၂၀) နံနက် (၅:၅၈) နာရီ |
| ၃ | Case-5122 | ၅၃ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈-၉-၂၀၂၀) နံနက် (၈:၅၀) နာရီ |
| ၄ | Case-5149 | ၇၈ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၈-၉-၂၀၂၀) နံနက် (၂:၃၀) နာရီ |
| ၅ | Case-5150 | ၆၈ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) မွန်းလွဲ (၁၂:၄၅) နာရီ |
| ၆ | Case-5263 | ၆၁ | ကျား | နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) | (၁၉-၉-၂၀၂၀) နေ့လယ် (၂:၂၅) နာရီ |
| ၇ | Case-5041 | ၇၀ | ကျား | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | (၁၈-၉-၂၀၂၀) နံနက် (၁၁:၀၀) နာရီ |
| ၈ | Case-2001 | ၅၅ | မ | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး | (၂၀-၉-၂၀၂၀) နံနက် (၆:၀၀) နာရီ |

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၈၉)ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၆၇၁ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၅၄၁ ဦးရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၆၇၁ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၅၄၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၅၅၄၁ ဦးအနက် သေဆုံးသူ ၉၂ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၂၆၀ နှင့် စက်တင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၉၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၁၂၈၂၆ | ၅၅၄၁ |
| **ရောဂါပိုးကင်းစင်သူ** | **သေဆုံးသူ** |
| ၁၂၆၀ | ၉၂ |

စောင့်ကြည့်လူနာ စုစုပေါင်း – [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၆၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၉-၂၀၂၀ ရက်နေ့ ည(၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၉၆၉၉၁၇ | ၄၂၃၉၈၇ | ၂၀၃၈၅၁ |
| ၂။ | အိန္ဒိယ | ၅၄၁၂၅၆၅ | ၄၃၁၀၆၄၅ | ၈၆၈၉၃ |
| ၃။ | ဘရာဇီး | ၄၅၂၈၃၄၇ | ၃၈၂၀၀၉၅ | ၁၃၆၅၆၅ |
| ၄။ | ရုရှား | ၁၁၀၃၃၉၉ | ၉၀၉၃၅၇ | ၁၉၄၁၈ |
| ၅။ | ပီရူး | ၇၆၂၈၆၅ | ၆၀၇၈၃၇ | ၃၁၃၆၉ |
| ၆။ | ကိုလံဘီယာ | ၇၅၈၃၉၈ | ၆၂၇၆၈၅ | ၂၄၀၃၉ |
| ၇။ | မက္ကဆီကို | ၆၉၄၁၂၁ | ၄၉၆၂၂၄ | ၇၃၂၅၈ |
| ၈။ | တောင်အာဖရိက | ၆၅၉၆၅၆ | ၅၈၉၄၃၄ | ၁၅၉၄၀ |
| ၉။ | စပိန် | ၆၅၉၃၃၄ | စိစစ်ဆဲ | ၃၀၄၉၅ |
| ၁၀။ | အာဂျင်တီးနား | ၆၂၂၉၃၄ | ၄၇၈၀၇၇ | ၁၂၇၉၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၈၆၇၄၃ | ၂၂၉၈၆၅ | ၄၉၈၄ |
| ၂။ | အင်ဒိုနီးရှား | ၂၄၄၆၇၆ | ၁၇၇၃၂၇ | ၉၅၅၃ |
| ၃။ | စင်ကာပူ | ၅၇၅၇၆ | ၅၇၁၄၂ | ၂၇ |
| ၄။ | မလေးရှား | ၁၀၂၁၉ | ၉၃၅၅ | ၁၃၀ |
| ၅။ | မြန်မာ | ၅၅၄၁ | ၁၂၆၀ | ၉၂ |
| ၆။ | ထိုင်း | ၃၅၀၆ | ၃၃၄၀ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၆၈ | ၉၄၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန်နှင့် ထိန်းချုပ်ကုသနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးလှုံ့ဆော်နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းများကို အင်းစိန်မြို့နယ် ရပ်ကွက် ၂၁ ရပ်ကွက်တို့၌ လုပ်ဆောင်လျက်ရှိကြရာ ယမန်နေ့ နံနက်၁၀ နာရီတွင် စဉ့်ငူရပ်ကွက်အတွင်းရှိ လမ်းသွယ်များ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယကျန်းမာရေးမှူး ဒေါက်တာမိုးမိုးမြင့် ဦးဆောင်၍ ရပ်ကွက်ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်လူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ရပ်ကွက်နေပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခဲ့ကြကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း



# မြဝတီ အမှတ်(၂)တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၄၀ ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၁၄၀ သည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ၆၇၃၃ ဦး စုစုပေါင်း ၇၈၃၄၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၈၈ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၁၄၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)





# ကော့သောင်းမြို့၌ အပူပိုင်းမုန်တိုင်း နို(လ်)၏ အရှိန်ကြောင့် မိုးသည်းထန်လေပြင်းတိုက်ခတ်သဖြင့် သစ်ပင်ပြိုလဲကာ နေအိမ်တချို့ ပျက်စီး



**ကော့သောင်း စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် သစ်ပင်များပြိုလဲကာ ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက် တချို့နှင့် ကျေးရွာတချို့ရှိ လူနေအိမ်တချို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း နို(လ်)၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ကော့သောင်းမြို့ကမ်းနားလမ်း ဆိပ်ကမ်းသာပန်းခြံအတွင်း ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ရွှေပြည်သာရပ်ကွက် မြို့ပတ်လမ်းဘေးလမ်းပေါ်သို့ သစ်ပင်ကြီးတစ်ပင်ပြိုလဲကာ နေအိမ်တစ်လုံး၏ အရှေ့ပိုင်းအားပိမိ၍ နေအိမ်ရှေ့ပိုင်းပျက်စီးခြင်း၊ လေပြင်းတိုက်ခတ်သဖြင့် သီရိမြိုင်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းတွင် နေအိမ်တချို့အမိုးလန်ပျက်စီးခြင်း၊ ပင်လယ်လှိုင်း ရိုက်ခတ်မှုကြောင့် သီရိမြိုင်ရပ်ကွက်ရှိ မြို့ဦးစေတီတော်ရင်ပြင် ကြွေပြားများ ကွဲအက်ပျက်စီးခြင်းနှင့် ချန်းဖန်းကျေးရွာ ကမ်းနားပိုင်းတွင် ပင်လယ်ဒီရေလှိုင်းများ ရိုက်ခတ်ကာ နေအိမ်တချို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်များဖြစ်ပွားရာသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကော့သောင်းခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အိမ်ထောင်စုများကို ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---

## ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ၌ ဒီရေရိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးနှင့် လူ သုံးဦး မျောပါ

**ကျိုက်ထို စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ အေးသီတာပိုင်းတွင် ယနေ့ နံနက် ၅ နာရီခွဲက ပင်လယ်ဒီရေရိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးနှင့် အိပ်ပျော်နေသူ သုံးဦး ဒီရေနှင့်အတူ မျောပါပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်လယ်ဒီရေရိုက်ခတ်စဉ်တွင် အိမ်ပေါ်၌ ဒေါ်ကြည်ခင်နှင့် သားသမီးများဖြစ်သော မစန်းသီတာ၊ မောင်ဇင်လင်း၊ မောင်မိုးဟိန်း၊ မောင်လင်းအောင် စုစုပေါင်း ငါးဦးတို့မှာ အိပ်ပျော်နေပြီး မစန်းသီတာနှင့် မောင်ဇင်လင်းတို့မှာ ဒီရေရိုက်ခတ်မှုကြောင့် အိမ်မှထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ဒေါ်ကြည်ခင်နှင့် သားနှစ်ဦးတို့မှာ နေအိမ်နှင့်အတူ မျောပါသွားသည့်အတွက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းများက ရှာဖွေလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# အောင်လံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် နေအိမ်နှင့် ကျေးရွာချင်းဆက်မြေသားလမ်း ပျက်စီး



**အောင်လံ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်နှင့် ကျေးရွာချင်းဆက်မြေသားလမ်း အရှည် ပေ ၂၀၀၊ အကျယ် ပေ ၃၀ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် ပြလို့ကျေးရွာအုပ်စု ပြလို့ကျေးရွာနှင့် ပြလို့မြင့်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း အရှည် ပေ ၂၀၀၊ အကျယ် ပေ ၃၀ နှင့် နေအိမ်ရှစ်လုံးတို့ ပျက်စီးခဲ့ပြီး ရေဘေးသင့်လူဦးရေ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၄ ဦးတို့အား နီးစပ်ရာဆွေမျိုးများအိမ်သို့ ယာယီနေရာချထားပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ဆက်သွယ်ဆောင်ရွက်ထားရှိပြီး ကျေးရွာချင်းဆက်လမ်း ပျက်စီးမှုအတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

---

## ပေါင်မြို့နယ် အလှပ်ကျေးရွာအုပ်စု၌ ပင်လယ်ဒီရေ မြင့်တက်မှုကြောင့် နေအိမ် လေးလုံး ပြိုကျပျက်စီး

**ပေါင် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်ကျေးရွာအုပ်စု တောင်ပိုင်းနှင့် အနောက်ပိုင်းရပ်ကွက်တို့တွင် ယနေ့ နံနက် ၅ နာရီခွဲခန့်က ပင်လယ်ဒီရေမြင့်တက်မှုကြောင့် နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဒီရေမြင့်တက်မှုကြောင့် အလှပ်ကျေးရွာအုပ်စုရှိ ရေလုပ်သားအများစုနေထိုင်ကြသည့် နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ပြိုကျပျက်စီးခဲ့သည့်နေအိမ်များမှာ ၎င်းတို့နှင့် နီးစပ်ရာ ဆွေမျိုးများနေအိမ်၌ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အလှူရှင်များက ၎င်းတို့အတွက် လတ်တလော အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# ရေးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ငါးလှန်းကြပ်စင်များ ပြိုကျ

**ရေး စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ယမန်နေ့ညအချိန်က လေပြင်းတိုက်ခတ်မှုကြောင့် ဇီးဖြူသောင်ကျေးရွာနှင့် အံဒင်ကျေးရွာအုပ်စု ခမင်းဆိပ်(ရွာသစ်)တို့၌ နေအိမ်နှင့် ငါးလှန်းကြပ်စင်များ ပြိုကျခဲ့ကြောင်း သိရသည်။

**ပြိုကျပျက်စီး**

လေပြင်းတိုက်ခတ်မှုကြောင့် ဇီးဖြူသောင်ကျေးရွာတွင် နေအိမ် ခုနစ်လုံး ပြိုကျခြင်း၊ အိမ်ခြောက်လုံး ယိုင်နဲ့ခြင်းနှင့် နေအိမ်တစ်လုံးတို့မှာ သစ်ပင်ပိခြင်း၊ အံဒင်ကျေးရွာအုပ်စု ခမင်းဆိပ်(ရွာသစ်)တွင်လည်း နေအိမ်လေးလုံးနှင့် ငါးလှန်းကြပ်စင် ၂၃ ခု ပြိုကျပျက်စီးခဲ့သည်။

ထို့ပြင် ပင်လယ်ရေလှိုင်းကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ပြီး ကျေးရွာအတွင်း ပင်လယ်ရေများဝင်ရောက်ကာ လယ်ကွင်းများ၌ တာတမံကျိုးပေါက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ခင်သိမ့်သိမ့်ရည်(ပြန်/ဆက်)**



---

## သရက်ချောင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြိတ်-ထားဝယ်ကားလမ်း၌ မြေသားများပြိုကျမှုဖြစ်ပွား

**သရက်ချောင်း စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ယမန်နေ့ ည ၁၀ နာရီခွဲခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သရက်ချောင်းမြို့နယ် ကတွဲကျေးရွာနှင့် ကညင်ချောင်းကျေးရွာအုပ်စု သင်ပုန်းချောင်းကျေးရွာ အကြားရှိ ဘုတ်တောင်၌ ထားဝယ်-မြိတ် ကားလမ်းမပေါ်သို့ တောင်မြေနံရံများ ပြိုကျခဲ့သဖြင့် ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မြေပြိုကျ၍ လမ်းပိတ်သွားသည့်နေရာသို့ သရက်ချောင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ခွဲမှူး ဦးညီညီမင်းနှင့် တပ်ဖွဲ့ဝင်များ၊ သရက်ချောင်းမြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမျိုးသိုက်နှင့် ဝန်ထမ်းများ၊ ဝင်းဝနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေလင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက လမ်းပိတ်ဆို့မှုမရှိစေရန် မြေသားများအား ဘက်ဟိုးယာဉ်ဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိရာ ယနေ့ နံနက် ၃ နာရီတွင် ရှင်းလင်းပြီးစီးခဲ့သည်။ ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် ဝင်းဝနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေလင်းထွန်းနှင့်အဖွဲ့က ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရန်အတွက် လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လောင်းလုံးမြို့နယ်၌ မိုးသက်လေပြင်းကျရောက်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီး

**လောင်းလုံး စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုနှင့် ထူးကဲဒီရေမြင့်တက်ပြီး ရေလှိုင်းများ ရိုက်ခတ်မှုကြောင့် ပင်လယ်ကမ်းကျေးရွာအချို့တွင် နေအိမ်များ ပြိုကျခြင်း၊ ပျက်စီးခြင်းနှင့် လမ်း၊ တံတားများ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပင်လယ်ကမ်းကျေးရွာများဖြစ်ကြသည့် စမ်းလှမ်းကျေးရွာတွင် နေအိမ် ၁၉ လုံး ပြိုကျပျက်စီးခြင်း၊ ကျောက်နီမော်ကျေးရွာတွင် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခြင်း၊ ပန်းတင်အင်းကျေးရွာအုပ်စု စခန်းသစ်ကျေးရွာတွင် နေအိမ် ၆၀ ခန့် ရေဝင်ခြင်း၊ ကျောက်ဝပ်ပြင်ကျေးရွာတွင် ရေထိန်းနံရံ ပြိုကျပျက်စီးခြင်း၊ စမ်းလှမ်းကျေးရွာ ကွန်ကရစ်လမ်း ပြိုကျပျက်စီးခြင်းနှင့် ကျောက်ဆင်ကျေးရွာအုပ်စု ကမ်းပနီကျေးရွာရှိ မျှော်ရစ်ဘုရားသို့သွားရာတံတား ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

မိုးသက်လေပြင်းကျရောက်မှုကြောင့် လူနှင့်တိရစ္ဆာများ သေဆုံးခြင်းမရှိကြောင်းနှင့် ပြိုကျပျက်စီးသည့် နေအိမ်များရှိ မိသားစုဝင်များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် တာဝန်ရှိသူများက နီးစပ်ရာဆွေမျိုးများအိမ်တွင်လည်းကောင်း၊ စာသင်ကျောင်းတွင် လည်းကောင်း ယာယီပြောင်းရွှေ့ပေးခဲ့ပြီး ပျက်စီးသည့် နေအိမ်များအား တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ပလောက်မြို့ ပြင်ဘုငယ်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ ပြိုကျပျက်စီး

**ပလောက် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ပြင်ဘုငယ်ကျေးရွာနှင့် မော်ဖျားကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခုနစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မော်ဖျားကျေးရွာ၌ နေအိမ်ခြောက်လုံးနှင့် ပြင်ဘုငယ်ကျေးရွာ၌ နေအိမ် တစ်လုံးတို့မှာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း၊ ဘေးသင့်မိသားစုဝင်များအား ကျေးရွာရှိ ဆွေမျိုးများနေအိမ်၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဖလမ်းမြို့၌ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်

**ဖလမ်း စက်တင်ဘာ ၂၀**

ဖလမ်းမြို့၌ ယနေ့ နံနက်ပိုင်းက အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၈ နာရီ ၂၉ မိနစ် ၀၆စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၉ မိုင်ခန့်ကွာဝေးသော (ချင်းပြည်နယ်၊ ဖလမ်းမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၇ ဒီဂရီ၊ အနက် ၂၂ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ခရိုင်(ပြန်/ဆက်)

# အီရန်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကြေညာ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို

**ဝါရှင်တန် စက်တင်ဘာ ၂၀**

နိုင်ငံတကာမှ ကျယ်ပြန့်သည့်ထောက်ခံမှုများ မရရှိသေးသည့်အချိန်မှာပင် အမေရိကန်ပြည်ထောင်စုက အီရန်ကို ဒဏ်ခတ်အရေးယူမှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယမန်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ထုတ်ပြန်ကြေညာခဲ့သည်။

မိုက်ပွန်ပီယိုက အမေရိကန်အနေဖြင့် အီရန်၏အကြမ်းဖက်မှု၊ သွေးချောင်းစီးဆင်းမှုများ ဆောင်ရွက်ခြင်းများကို တားဆီးရန်အတွက် ဖိအားများ လုပ်ဆောင်နိုင်သမျှ များများပေးသွားမည်ဖြစ်ကြောင်း၊ ယခုလို ကမ္ဘာ့ကုလသမဂ္ဂပိတ်ဆို့မှုများ ပြန်လည်လုပ်ဆောင်ရာတွင် လိုက်နာရန် ပျက်ကွက်သည့်နိုင်ငံများအားလုံးအနေဖြင့် နောက်ဆက်တွဲအကျိုးဆက်ကို ခံစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆန့်ကျင်မှုများလည်းရှိ**

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများက အမေရိကန်အနေဖြင့် ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီးဖြစ်သောကြောင့် အမေရိကန်ဘက်မှ အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန် ဥပဒေကြောင်းအရ ဖြစ်နိုင်မည်မဟုတ်ကြောင်း တုံ့ပြန်ထားပြီးဖြစ်သည်။ ထို့ပြင် ၂၀၁၅ စာချုပ်တွင် ပါဝင်ခဲ့သည့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ကလည်း အဆိုပါအချက်ကိုပင် ထောက်ပြကာ အမေရိကန်၏ လုပ်ဆောင်မှုက ဥပဒေကြောင်းအရ သက်ရောက်မှုတစ်စုံတစ်ရာ ရှိမည်မဟုတ်ဟု ပြောသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်က ကမ္ဘာ့အသိုက်အဝန်းက အမေရိကန်၏ ယခုလို ရှုးမိုက်သည့်လုပ်ဆောင်ချက်အပေါ် ဆန့်ကျင်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။ **ကိုးကား-စီအင်န်အေ ဘာသာပြန်-မေလွဲ့သင်း**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅ ဒသမ ၄ သန်းကျော်ရှိလာပြီး သေဆုံးသူ ၈၆၀၀၀ ကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ယနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံသူအရေအတွက်သည် ၅ ဒသမ ၄ သန်းကျော်အထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၆၀၅ ဦးရှိခဲ့ပြီး သေဆုံးသူအရေအတွက်သည် ၁၁၃၃ ဦးရှိခဲ့ကြောင်းလည်းသိရသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၄၁၂၅၆၅ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၆၈၉၃ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။




အဆိုပါ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၄၃၁၀၆၄၅ ဦးမှာ ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားပြီဖြစ်ကြောင်း လည်းသိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှုသည် နေ့စဉ်မြင့်တက်နေကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှုတွင်လည်း အမေရိကန်၏နောက် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေး တိုးတက်မှုရရှိရန် စင်ကာပူဆောင်ရွက်မည်

**စင်ကာပူ စက်တင်ဘာ ၂၀**

စင်ကာပူနိုင်ငံအနေဖြင့် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးရရှိရန်အတွက် နိုင်ငံအတွင်းအမြစ်တွယ်နေသည့် ယဉ်ကျေးမှုတန်ဖိုးနှင့် ခံယူချက်သဘောထားများကို ပြောင်းလဲရန်လိုအပ်နေဆဲဖြစ်ပြီး လာမည့် ၂၀၂၁ ခုနှစ်၌ အမျိုးသမီးကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် စက္ကူဖြူစာတမ်းတစ်စောင်ရေးဆွဲသွားမည်ဖြစ်ကြောင်း ဥပဒေနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ ရှန်မူဂန်က ယနေ့တွင် ပြောကြားသည်။

ဝန်ကြီးက စင်ကာပူနိုင်ငံသားများအားလုံးအနေဖြင့် ငယ်စဉ်ကပင် အမျိုးသား၊ အမျိုးသမီး တန်းတူဆက်ဆံရမည်၊ အမျိုးသမီးများကို လေးစားမှုပြရမည်ဟု သင်ကြားခဲ့သော်လည်း အမျိုးသမီးများအနေဖြင့် အချို့ကဏ္ဍများတွင် ပါဝင်နိုင်ရန် အခက်အခဲရှိနေဆဲဖြစ်ကြောင်းဆိုသည်။ အမျိုးသမီးများကဏ္ဍ ပိုမိုရှင်သန်လာစေရေးအတွက် လာမည့်နှစ်ဝက်တွင် စက္ကူဖြူစာတမ်းတစ်စောင်ထုတ်ပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များကို ပြုလုပ်နိုင်မည်ဖြစ်သည်။ စက္ကူဖြူစာတမ်းမထွက်နိုင်မီ ပထမအဆင့်အနေဖြင့် အဖွဲ့ အစည်းပေါင်းစုံမှ လူငယ်နှင့် အမျိုးသမီး ၁၀၀ ကျော် ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးတစ်စတစ်စ တိုးတက်လာနေခဲ့ပြီး ယခုအခါ နိုင်ငံရေးနှင့် စီမံခန့်ခွဲမှုပိုင်းတွင် ရာထူးကြီးနေရာများကို အမျိုးသမီးများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိနေပြီ ဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန် -မေလွဲ့သင်း**


# ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် ဝူဟန်မြို့၏ ပထမဆုံးခရီးသွားရထားပြေးဆွဲမှု စတင်

**ဝူဟန် စက်တင်ဘာ ၂၀**

ခရီးသည် ၉၅၀ တင်ဆောင်ထားသော အလည်အပတ် ခရီးသွားရထားတစ်စင်းသည် တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်အတွင်းရှိ ရှီကျန်းမြို့သို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်တစ်ခုအဖြစ် သွားရောက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် ဝူဟန်မြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ယင်းရထားသည် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီး နောက် ဝူဟန်မြို့တော်မှ ပထမဆုံးထွက်ခွာလာသည့် အလည်အပတ်ခရီးသွားရထားတစ်စင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ရက်ပေါင်း ၃၀၂ ရက်ကြာ ရပ်နားထားခဲ့ပြီးနောက် ရထားပြေးဆွဲမှုကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသွားများသည် မြို့တော်ရှေးဟောင်းတံတိုင်း၊ ရှန်ကျိုးမြစ်နှင့် အခြားသော သမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှုနေရာများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း ဝူဟန်ရထားလမ်း ဗျူရို၏ပြောကြားချက်အရ သိရသည်။



ဝူဟန်ရထားလမ်းဗျူရိုက ခရီးသွားများအတွက် ဝင်ထွက်ဂိတ်များနှင့် ရထားစောင့်ဆိုင်းနေရာများကို စီမံဆောင်ရွက်ပေးထားကြောင်းနှင့် ခရီးသည်များ အနေဖြင့်လည်း ကပ်ရောဂါပုံမှန်ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစည်းမျဉ်းများကို လိုက်နာကြရမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားများအတွက် ဝန်ဆောင်မှုအနေဖြင့် ခရီးစဉ်အကြောင်း ရှင်းလင်းပြောကြားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် အထုပ်များ ကူသယ်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ဟူပေပြည်နယ်အတွင်းနှင့် အခြားပြည်နယ်များသို့ အလည်အပတ်ခရီးစဉ် ရထားများကို တိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ဗျူရိုက ပြောကြားခဲ့သည်။

**ကိုးကား-စီဂျီတီအင်န် ဘာသာပြန်-အလင်းသစ်**

■



# ခိုးယူခံရသည့် ရှားပါးစာအုပ်များ ရိုမေးနီးယားနိုင်ငံ အိမ်တစ်လုံးတွင် တွေ့ရှိ

**လန်ဒန် စက်တင်ဘာ ၂၀**

၁၇ရာစုတွင် ထုတ်ဝေခဲ့သည့် ဂယ်လီလီယိုနှင့် နယူတန်တို့၏ စာအုပ်များအပါအဝင် ခိုးယူခံခဲ့ရသည့် ရှားပါးစာအုပ်များကို ရိုမေးနီးယားနိုင်ငံရှိ အိမ်တစ်လုံးကြမ်းပြင်အောက်တွင် တွေ့ရှိခဲ့ရကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။ အဆိုပါစာအုပ်များသည် အမေရိကန်ပြည်ထောင်စုတွင် ပြုလုပ်မည့်လေလံပွဲမတိုင်မီ လန်ဒန်မြို့အနောက်ဘက်ပိုင်း သိုလှောင်ရုံတစ်ခု၌ ခေတ္တထိန်းသိမ်းထားစဉ် ခိုးယူခံခဲ့ရခြင်းဖြစ်သည်။

ခိုးယူသူများသည် ဆင်ဆာစနစ်ကို ရှောင်ကွင်းရန် ခေါင်မိုးပေါ်မှ အပေါက်ဖောက်၍ ဒေါ်လာ ၃ ဒသမ ၂ သန်းတန်ဖိုးရှိ စာအုပ်များကို ရယူခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။ ဗြိတိန်၌ အလားတူဖြစ်စဉ်မျိုး ၁၁ မှု ဖြစ်ပွားခဲ့ပြီး စုံစမ်းမှုများလုပ်ဆောင်ရာတွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရိုမေးနီးယားရာဇဝတ်မှုနှင့် ပတ်သက်သူ ၁၃ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ ၊ ဘာသာပြန်-မေလွဲ့သင်း**

# Tik Tok အပလီကေးရှင်း အမေရိကန်၌ ဆက်လက်လုပ်ကိုင်ခွင့်ရရှိမည်ဟု သမ္မတထရမ့် ကြေညာ




**ဝါရှင်တန် စက်တင်ဘာ ၂၀**

Tik Tok အပလီကေးရှင်းအနေဖြင့် အမေရိကန်ကုမ္ပဏီများဖြစ်သည့် Walmart နှင့် Oracleတို့နှင့်ပူးပေါင်းပြီး လုံခြုံရေးစနစ်ပိုင်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သဖြင့် အမေရိကန်တွင် Tik Tok အပလီကေးရှင်း ဆက်လက်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းကပင် သမ္မတထရမ့်က အမေရိကန်ပြည်သူများ အနေဖြင့် WeChat နှင့် Tik Tok ကဲ့သို့သော အပလီကေးရှင်းများ အသုံးပြုခြင်းကို တားမြစ်မည်ဖြစ်ပြီး အဆိုပါ အပလီကေးရှင်းများက အမေရိကန်ပြည်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ခိုးယူနေကြောင်း စွပ်စွဲခဲ့သေးသည်။ ထရမ့်က အဆိုပါအပလီကေးရှင်းနှစ်ခု အနေဖြင့် အမေရိကန်ပိုင်ရှင်များဆီသို့ ၎င်းတို့လုပ်ကိုင်မှုကို မရောင်းချလျှင် စက်တင်ဘာ ၂၀ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း ဩဂုတ်လအတွင်းက ပြောကြားခဲ့သည်။ သို့ရာတွင် ယခုမူ လုံခြုံရေးစနစ်အထူးကောင်းမွန်သည့် နည်းပညာကို Walmart က Tik Tok အတွက် စွမ်းဆောင်ပေးမည်ဖြစ်ကြောင်းနှင့် ယခုလို ပူးပေါင်းဆောင်ရွက်မှုက အမေရိကန်ပညာရေးကဏ္ဍဆီသို့ ဒေါ်လာ ၅ ဘီလီယံတန် ထောက်ပံ့မှုများ စီးဝင်လာမည်ဖြစ်ကြောင်း၊ ယင်းလုပ်ဆောင်မှုများ တကယ်အလုပ်ဖြစ်မဖြစ်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြန်လည်ပြင်ဆင်ပြော ကြားခဲ့သည်။

အမေရိကန်စီးပွားကူးသန်းဝန်ကြီးဌာနကTik Tok နှင့် ပတ်သက်သည့် သဘောတူညီချက်ကို ကြေညာပြီးနောက် ယနေ့မှစ၍ အမေရိကန်ပြည်ထောင်စုတွင် တရားဝင်ဒေါင်းလုဒ်ဆွဲပြီး အသုံးပြုနိုင်မည်ဖြစ်သည်။ Tik Tok ဘက်ကလည်း Walmart နှင့် Oracle တို့နှင့်ပူးပေါင်း၍ လုံခြုံရေးမြှင့်တင်မှုများကို ပြုလုပ်နိုင်မည့် သဘောတူညီချက်အတွက် ကျေနပ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ယခုသဘောတူညီချက်ကြောင့် အမေရိကန်နိုင်ငံတစ်ဝန်း အလုပ်အကိုင်အခွင့်အလမ်း ၂၅၀၀၀ ရရှိလိမ့်မည်ဖြစ်သည်။ **ကိုးကား–အေဘီစီ၊ ဘာသာပြန်–မေလှဲ့သင်း**




# ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများ ချိုးဖောက်ပါက ပေါင် ၁၀၀၀၀ အထိ ဒဏ်ငွေဆောင်ရန် ဗြိတိန်သတ်မှတ်

**လန်ဒန် စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူတစ်ဦးနှင့် ထိတွေ့ခဲ့ပြီးနောက် သီးခြားခွဲနေရမည့် စည်းမျဉ်းသစ်များ ချိုးဖောက်သော ဗြိတိန်ပြည်သူများအနေဖြင့် ပေါင် ၁၀၀၀၀ အထိ ဒဏ်ငွေဆောင်ရမည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ပိုးရှိသူ သို့မဟုတ် ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့သူဟု ကျန်းမာရေးလုပ်သားများကိုအကြောင်းကြားထားသူ ဗြိတိန်နိုင်ငံရှိမည်သူမဆိုသည် စက်တင်ဘာလ ၂၈ ရက်မှစ၍ စည်းမျဉ်းသစ်များအရ အကျိုးသက်ရောက်မည်ဖြစ်သည်။ စည်းမျဉ်းသစ်များကို မသိကျိုးကျွန်ပြုသူများက ဒဏ်ငွေများပေးဆောင်ရမည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ပထမအကြိမ် ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်ကို ပေါင် ၁၀၀၀ မှ စတင်သတ်မှတ်ပြီး သီးခြားခွဲနေထိုင်ရသည့် ကာလအတွင်း ဝန်ထမ်းကို အလုပ်မှထုတ်ပယ်မည်ဟု ခြိမ်းခြောက်သည့် အလုပ်ရှင်များ (သို့မဟုတ်) ထိုကဲ့သို့အမှုမျိုး အကြိမ်ကြိမ်ကျူးလွန်ပါက ပေါင် ၁၀၀၀၀ အထိ ကျခံရမည်ဖြစ်သည်။

လက်ရှိ ဗြိတိန်အစိုးရ၏ ညွှန်ကြားချက် က ကိုဗစ်–၁၉ ရောဂါလက္ခဏာများ စတင်ခံစားလာသူများ နေအိမ်၌ ၁၀ ရက်ထက်မနည်း နေစေရန်နှင့် အခြားသူများ နေအိမ်မှနှစ်ပတ်အတွင်း မထွက်ခွာစေရန် တိုက်တွန်းခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ပိုး တွေ့ရှိသူတိုင်းအား အိမ်ထောင်စုပြင်ပမှ လူများ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအကြောင်း အသေးစိတ်ပြောကြားရန် တောင်းဆိုထားပြီး သီးခြားခွဲနေစေမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံက ယခုအခါ ဗိုင်းရပ်စ်ကူးစက်မှု မြန်ဆန်စွာ မြင့်တက်လာမှု ကြုံတွေ့နေရပြီး ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်ပွားရာဒေသများ၌ စစ်ဆေးမှုပြုလုပ်ရာတွင် ရဲတပ်ဖွဲ့ပါဝင်မည်ဟု အစိုးရက ပြောကြားခဲ့သည်။

အများပြည်သူအတွက် ဘက်စုံပါဝင်သော သွားလာမှုကန့်သတ်ချက်စည်းမျဉ်းများ ပြန်လည်အသက်သွင်းရန် တောင်းဆိုမှုများ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ရင်ဆိုင်ခဲ့ရသည်။ **ကိုးကား– အေအက်ဖ်ပီ၊ ဘာသာပြန်–ကျော်ထိုက်စိုး**

# ဗီယက်နမ်၌ တိုင်ဖုန်းမုန်တိုင်းကြောင့် သုံးဦးသေဆုံးပြီး ၁၁၂ ဦး ဒဏ်ရာရရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၀**

တိုင်ဖုန်းနို(လ်)ဟု လူသိများသော အပူပိုင်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ ပြည်နယ်များနှင့် မြို့ကြီးတချို့တွင် မကြာသေးမီရက်များက ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူသုံးဦးသေဆုံးပြီး ၁၁၂ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ သဘာဝဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီက ယနေ့ပြောကြားသည်။

တိုင်ဖုန်းနို(လ်)ကြောင့် သွာသင်းဟူး၊ ကွန်ထရီနှင့် ဟာတင်းစသည့် ပြည်နယ်သုံးခုတွင် လူတစ်ဦးစီသေဆုံးခဲ့သည်။ ယင်းပြည်နယ်သုံးခုအပါအဝင် ကွန်ဘင့်ပြည်နယ်နှင့် ဒါနန်းမြို့တို့တွင်လည်း အဆိုပါမုန်တိုင်းကြောင့် ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မုန်တိုင်းကြောင့် လူနေအိမ် ၁၀ လုံးပြိုကျခဲ့ပြီး ပြည်သူ ၂၂၆၀၀ နီးပါး မုန်တိုင်းဒဏ် ခံရသည့်အပြင် စပါးစိုက်ခင်း ၁၇၁၅ ဟက်တာနှင့် သီးနှံစိုက်ခင်း ၁၅၆၁ ဟက်တာတို့လည်း ထိခိုက်ပျက်စီးသွားသည်။ ထို့အတူ မုန်တိုင်းကြောင့် တံတားလေးစင်း မျောပါသွားသလို လျှပ်စစ်ဓာတ်တိုင်၂၁၇ ခုလည်း ကျိုးပြတ်သွားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ သဘာဝဘေးဒဏ်ကြောင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စ၍ ဩဂုတ် ၂၂ ရက်အထိ လူ ၇၈ ဦး သေဆုံးမှုနှင့် ပျောက်ဆုံးမှုများရှိခဲ့ပြီး ၁၅၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် မိုးသက်မုန်တိုင်းများစသည့် သဘာဝဘေးအန္တရာယ်များကြောင့် အမေရိကန် ဒေါ်လာ ၁၇၅ ဒသမ ၂ သန်းခန့် စီးပွားရေးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သဘာဝဘေးကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဗဟိုကော်မတီက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**





# အေးခဲငါးပို့ကုန်များတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိမှုကြောင့် အင်ဒိုနီးရှား ပင်လယ်စာကုမ္ပဏီအား တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ဆိုင်းငံ့

**ဂျကာတာ စက်တင်ဘာ ၂၀**

အေးခဲငါးပို့ကုန်များတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိပြီးနောက် အင်ဒိုနီးရှားနိုင်ငံက ပင်လယ်စာကုမ္ပဏီ PT Putri Indah အား တရုတ်နိုင်ငံသို့ တင်ပို့ခွင့် ရပ်ဆိုင်းခဲ့ကြောင်း ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

စုံစမ်းစစ်ဆေးမှုတစ်ရပ် ဆောင်ရွက်နေပြီး ဆိုင်းငံ့မှုက PT Putri Indah ကုမ္ပဏီတစ်ခုတည်းသာ သက်ဆိုင်မည်ဖြစ်ပြီး အခြားကုမ္ပဏီများက ပုံမှန်အတိုင်းတင်ပို့မှုများ လုပ်ဆောင်နိုင်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးကို ငါးများတွင်မဟုတ်ဘဲ အထုပ်အပိုးအပြင်ဘက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ပတ်ကြာ ဆိုင်းငံ့မှုမှာ စက်တင်ဘာ ၁၈ ရက်တွင် စတင်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။ PT Putri Indah ကုမ္ပဏီမှတင်ပို့ သည့် အေးခဲငါးပို့ကုန်များတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် အဆိုပါ ကုမ္ပဏီ၏ တင်သွင်းခွင့်လျှောက်ထားမှုများကို တစ်ပတ်ကြာ လက်ခံမည်မဟုတ်ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်ဌာနက ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အေးခဲငါးပို့ကုန်များတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ပထမ သို့မဟုတ် ဒုတိယအကြိမ် တွေ့ရှိခဲ့လျှင် အဆိုပါ ကုမ္ပဏီများထံမှ တင်သွင်းမှုများ ဆိုင်းငံ့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်ဌာနက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား– သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# အိမ်ဖြူတော်သို့ လိပ်မူထားသည့် အဆိပ်ခါတ်ပါ စာအိတ်တစ်လုံး တွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၀**

ကနေဒါနိုင်ငံမှ အမေရိကန်သမ္မတအိမ်ဖြူတော်သို့ လိပ်မူထားသည့် ရိုင်စင်အဆိပ်ခါတ်ပါသည့် စာအိတ်တစ်လုံးတွေ့ရှိခဲ့သည်ဟု ကနေဒါရဲတပ်ဖွဲ့က အတည်ပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနကဖော်ပြသည်။ ကနေဒါရဲတပ်ဖွဲ့က အထူးစုံစမ်းရေးဗျူရိုဘက်မှ အိမ်ဖြူတော်ကို လိပ်စာတပ်ထားသည့် သံသယရှိဖွယ် စာအိတ်တစ်လုံး တွေ့ရှိကြောင်းနှင့် စာအိတ်အတွင်း ရိုင်စင်အဆိပ်ခါတ်ကို တွေ့ရှိခဲ့ကြောင်း ၎င်းတို့ထံသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်ဟု အတည်ပြုခဲ့သည်။ သို့ရာတွင် စာအိတ်မှာ အိမ်ဖြူတော်သို့ ရောက်ရှိသွားခြင်းမရှိကြောင်း သိရှိရသည်။

ဗျူရိုက အမေရိကန်လုံခြုံရေးနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းမှ ယင်းကိစ္စရပ်ကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်းဆိုခဲ့သော်လည်း အဆိုပါအဖွဲ့မှ မှတ်ချက်တစ်စုံတစ်ရာပေးရန် ငြင်းဆိုခဲ့သည်။ ရိုင်စင်ခါတ်ကို ပဲမျိုးအချို့တွင် တွေ့ရပြီး ပင်ကိုသဘာဝအားဖြင့် ဇီဝလက်နက်အဖြစ် ပြောင်းလဲမှုပြုနိုင်သည့် ခါတ်ပစ္စည်းဖြစ်သည်။ ရိုင်စင်ခါတ်သည် သေးငယ်သည့် ပမာဏပင်ဖြစ်လင့်ကစား ထိတွေ့မိသူသည် ၃၆ နာရီမှ ၇၂ နာရီအတွင်း သေဆုံးနိုင်သည်။

၂၀၁၈ခုနှစ်တွင် ဝီလျံအလန်ဆိုသူက သမ္မတထရမ့်နှင့် အထူးစုံစမ်းရေးဗျူရို ညွှန်ကြားရေးမှူး ခရစ္စတိုဖာရေးတို့ကို ရိုင်စင်ခါတ်ပါသည့် ကတ်စတရာပဲမျိုးဖြင့် ခြိမ်းခြောက်ခဲ့သည့်အတွက် ယခုထိ ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းကလည်း ဂျိမ်းစ်ဆိုသူ အမျိုးသားက သေစေနိုင်သည့် အဆိပ်ခါတ်ပါသည့် ပစ္စည်းတစ်မျိုးဖြင့် သမ္မတအိုဘားမားနှင့် နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘွန်းဘာ့ဂ်ကို ခြိမ်းခြောက်မှုဖြင့် ထောင်ဒဏ် ၁၈နှစ် ချမှတ်ခံခဲ့ရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-မေလှဲ့သင်း



# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၄ ဦး တွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း ၃၄၈၉၁၆ ဦးရှိလာ

**ဒါကာ စက်တင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၄ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၃၄၈၉၁၆ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၆ ဦး ယနေ့ထပ်မံသေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၉၃၉ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် လူဦးရေ ၁၁၅၉၁ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၂၁၇၉ ဦးသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၂၅၆၅၆၅ ဦး ရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိ သေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး၏ ၁ ဒသမ ၄၂ ရာခိုင်နှုန်းခန့် ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး ၏ ၇၃ ဒသမ ၅၃ ရာခိုင်နှုန်းခန့်ရှိသည်။

ဇူလိုင် ၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့သည်။ ထို့အပြင် ဇွန် ၃၀ ရက် တစ်နေ့တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် ၆၄ ဦး သေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ သေဆုံးမှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ



# ရာသီဥတုပြောင်းလဲမှု ဆန္ဒပြပွဲများအတွက် လူငယ်လှုပ်ရှားမှုအဖွဲ့ ပြန်လည်စတင်မည်

**စတော့ဟုမ်း စက်တင်ဘာ ၂၀**

ဆွီဒင်နိုင်ငံမှ ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘက်ဂ်နှင့် အခြားလူငယ်အဖွဲ့ဝင်များသည် ကမ္ဘာကြီးပူနွေးလာမှုအား တားဆီးရေးအတွက် ပိုမိုလုပ်ဆောင်ကြရန် တောင်းဆိုသည့် ကမ္ဘာတစ်ဝန်း ဆန္ဒပြသူများကို စက်တင်ဘာ ၂၅ ရက်တွင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် ပြုလုပ်သည့် အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် လူငယ်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်ရှစ်ဦးက ၎င်းတို့၏ အစီအစဉ်များကို အကြမ်းဖျင်းပြောကြားခဲ့ကြသည်။

အသက်(၁၇)နှစ်ရှိသည့် ဂရီတာသွန်းဘက်ဂ်က ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာ့အရေးပေါ် အခြေအနေအဖြစ် ပြောကြားခဲ့သည်။ လူများအနေဖြင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးတွင် မကြုံစဖူး အပြောင်းအလဲများ ပြုလုပ်ရန်လိုကြောင်း၊ ယင်းသို့ လုပ်ဆောင်နိုင်ရန် လူတိုင်း၏ ပါဝင်မှုလိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆန္ဒပြမှုပုံစံသည် ကိုရိုနာဗိုင်းရပ်စ်၏ အခြေအနေပေါ်တွင် မူတည်မည်ဖြစ်ကြောင်း လူငယ်တက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုများကို ကာကွယ်ရန် လူစုလူဝေးဖြင့် ဆန္ဒပြမှုများအား တားမြစ်မှုများရှိနေခြင်းကြောင့် ဆန္ဒပြမှုအများအပြားကို အွန်လိုင်းမှ ပြုလုပ်သွားဖွယ်ရှိနေသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ လူအများသတိပြုမိလာရေးအတွက် ဆွီဒင်နိုင်ငံသူ ဂရီတာသွန်းဘက်ဂ်က ၂၀၁၈ ခုနှစ်စ၍ သောကြာနေ့တိုင်း ကျောင်းမတက်ဘဲ ရာသီဥတုပြောင်းလဲမှုအရေးအတွက် လှုပ်ရှားခဲ့ပြီးနောက်တွင် အနာဂတ်အတွက် သောကြာနေ့(fridays for future)လှုပ်ရှားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ကမ္ဘာတစ်ဝန်းက လူသန်းပေါင်းများစွာအား ဆန္ဒပြပွဲများ၌ပါဝင်ရန် လူငယ်လှုပ်ရှားမှုအဖွဲ့က စည်းရုံးခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း



ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘက်ဂ်

# အသက် ၁၀၆ နှစ်အရွယ် အိန္ဒိယအဘွားအို ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာ

**သိမ်း စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ မဟာရာ့ရှ်ထရာပြည်နယ် သိမ်းခရိုင်မှ အသက် ၁၀၆ နှစ်အရွယ် အဘွားအိုသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ယနေ့ ဆေးရုံမှ ပြန်ဆင်းသွားကြောင်း သိရသည်။

အဘွားအိုသည် ဆေးရုံမှဆင်းမသွားခင် ဆေးရုံဆင်းလက်မှတ်ကို ချီသာသော အပြုံးမျက်နှာနှင့်အတူ ဂုဏ်ယူဝင့်ကြွားစွာဖြင့် မီဒီယာများအား ပြသခဲ့သည်။ သိမ်းခရိုင် ဒွမ်ဘစ်ဗ်လီမြို့တွင် နေထိုင်သည့် ၎င်းအဘွားအိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသော်လည်း ၎င်း၏အသက်အရွယ်ကြောင့်



ကနဦးက ဆေးရုံတင်ရန် စီစဉ်ထားခြင်းမရှိကြောင်း ချွေးမဖြစ်သူက ပြောကြားသည်။

သို့သော် နောက်ပိုင်းတွင် အဘွားအိုကို ဆေးဝါးကုသမှုခံယူရန် လာလီယံဒွမ်ဘစ်ဗ်လီ စည်ပင်သာယာရေးကော်မတီက တည်ဆောက်ထားသော ဆာ့ဗ်လာရမ်ကရီဒါ အားကစားကွင်း၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံသို့ ပို့ဆောင်ထားပြီး ယင်းဆေးရုံ၌ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ၁၀ ရက်ကြာ သင့်တော်သော ဆေးဝါးများဖြင့် ကုသပေးခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကို အနိုင်ယူသွားအောင် ဆေးဝါးများဖြင့် ကုသပေးခဲ့သည့် ဆေးရုံရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းအားလုံးအပေါ် အလွန်ပင် ကျေးဇူးတင်ရှိပါကြောင်း ချွေးမဖြစ်သူက ပြောကြားသည်။ လက်ရှိအချိန်အထိ မဟာရာ့ရှ်ထရာပြည်နယ် ကာလီယံ-ဒွမ်ဘစ်ဗ်လီ ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၅၄၅၁ ဦး ရှိသည်။ သို့သော် ကာလီယံ-ဒွမ်ဘစ်ဗ်လီ ဆေးရုံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာများအနက် ၃၂၀၈၈ ဦးသည် ရောဂါကင်းစင်သွားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၂၆၀၅ ဦး တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၅၄၀၀၆၁၉ ဦးရှိလာသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၁၃၃ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၆၇၅၂ ဦးရှိလာကြောင်း သိရသည်။

ကိုးကား – ပီတီအိုင်၊ ဘာသာပြန် – ဂျေတီ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၁၀၃၅၇၂၆ ဦး

သေဆုံးသူ ၉၆၂၁၈၈ ဦး

ပြန်လည်ကျန်းမာလာသူ ၂၂၆၃၁၄၇၅ ဦး

# ကွတ်ခိုင်မြို့နယ်ရှိ IDPs စခန်းများမှ တိုက်ပွဲရှောင် အိမ်ထောင်စု ၈၅၅ စုအတွက် ငွေကျပ်သိန်း ၃၄၀ ကျော် ပေးအပ်

**ကွတ်ခိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ IDPs စခန်းများမှ တိုက်ပွဲရှောင်အိမ်ထောင်စု ၈၅၅ စုအတွက် စုစုပေါင်း ငွေကျပ် ၃၄၂၀၀၀၀၀ ကို ယမန်နေ့နံနက်ပိုင်းက ကွတ်ခိုင်မြို့ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုင်းညီလောင်းနှင့် တာဝန်ရှိသူများက စခန်းတာဝန်ခံများအား ပေးအပ်သည်။

အဆိုပါပေးအပ်ထောက်ပံ့မှုသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ပေးအပ်ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် တိုက်ပွဲရှောင်ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူနိုင်ရန်အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့ခြင်းဖြစ်ကြောင်း ကွန်ခိုင်မြို့နယ် ဒုတိယဦးစီးမှူး ဦးစိုင်းညီလောင်းက ပြောသည်။

ကွတ်ခိုင်မြို့နယ်အတွင်း၌ IDPs တိုက်ပွဲရှောင်စခန်း ၁၂ ခုရှိပြီး တိုက်ပွဲရှောင်ပြည်သူ ၄၅၉၃ ဦးရှိသည်။ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အခြေခံစားသောက်ကုန်များ ပေးအပ်ထောက်ပံ့ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန် အထောက်အကူပြုပစ္စည်းများ ပေးအပ်ထောက်ပံ့ခြင်းတို့ကို လစဉ်ပေးအပ်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**

# YBS ယာဉ် လမ်းလယ်ကျွန်းအုတ်ခုံနှင့် ဓာတ်တိုင်အား တိုက်မိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက ခရီးသည်တင် YBS ယာဉ်တိုက်မိမှုကြောင့် ယာဉ်၊ လမ်းလယ်ကျွန်းနှင့် ဓာတ်တိုင် ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီခွဲခန့်က ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း ဦးသိန်းထွန်းဦး မောင်းနှင်လာသည့် ခရီးသည်တင် YBS ယာဉ်သည် မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်း(အလယ်ဘလောက်) ဆုံရာ အရောက်တွင် ရွှေဘုံသာလမ်းအတိုင်း ဦးရဲအောင် မောင်းနှင်လာသည့် Hyundai Starex ယာဉ် အား တိုက်မိကာ ဆက်လက်၍ လမ်းလယ် ကျွန်းအုတ်ခုံနှင့် ဓာတ်တိုင်တို့အား ထပ်မံတိုက်မိခဲ့ခြင်းဖြစ်သည်။



ယာဉ်တိုက်မှုကြောင့် Hyundai Starex ယာဉ်အပါအဝင် လမ်းလယ်ကျွန်းအုတ်ခုံနှင့် ဓာတ်တိုင်တို့ ကျိုးကျပျက်စီး၍ လျှပ်စစ်ဓာတ်ကြိုးများပျက်ကျခဲ့ရာ YESC နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရှင်းလင်း ဆောင်ရွက်ခဲ့ကြပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အမှုဖွင့်အရေးယူရန် ပူးပေါင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၈၃)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်မှ(၂၆)ရက်အထိ
နေပြည်တော်
(Online Video Conferencing ဖြင့်ကျင်းပပြုလုပ်မည်)

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၈ စီး၊ သွင်းကုန် ၂၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၄၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ သန်း)တန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၄၈**
ရက်သာ
လိုတော့သည်။


## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ



နမူနာ - ၁၃
ခိုင်လုံမဲ နမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ကျောဘက်တွင် တာဝန်ခံအရာရှိ လက်မှတ်နှင့် ကော်မရှင်အဖွဲ့၏ တံဆိပ်ပါရှိသောမဲလက်မှတ်

မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ





မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လူငယ်စည်းရုံးရေးမှူး မည်နမ်းစန်ကျိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



"အားလုံးမင်္ဂလာပါ"

ယခုလိုကျွန်တော်တို့ မိခင်ဘာသာစကားဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ နိုင်ငံရေးဟောပြောခွင့်ရတာကတော့ မိမိတို့အမျိုးသားပါတီဖြင့် ရပ်တည်ခြင်းကြောင့် ဖြစ်ပါတယ်။ ကျေးဇူးတင်ပါကြောင်း။

၁၉၈၈ ခုနှစ်တွင် ဇိုမီးအမျိုးသားကွန်ဂရက်(ZNC)ပါတီအမည်ဖြင့် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (ZCD) ပါတီအမည်ဖြင့် ဒုတိယအကြိမ်၊ ယခုတတိယအကြိမ် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်(ZCD)ပါတီအနေဖြင့်(ဇိုမီး)မိခင်ဘာသာစကားဖြင့် ဟောပြောခွင့်ရတာကို ဇိုမီးတိုင်းရင်းသားများ ဂုဏ်ယူဝမ်းမြောက်မည်ဖြစ်ကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။

ယခင် ZNC (၁၉၈၈)မှ ယခု ZCD သို့ နှစ်ပေါင်း(၃၀)ကျော်အတွင်း နိုင်ငံရေးမူဝါဒနှင့် အလံမှာ ပြောင်းလဲခြင်းမရှိသေးပါ။ နှစ်ပေါင်း(၃၀)ကျော်အတွင်း စွဲစွဲမြဲမြဲရပ်တည်ခဲ့သည့် မူဝါဒ (Policy) (၄)ချက် ရှိပါတယ်။

(၁) ဘိုးဘွားစဉ်၊ ဌာနေများက ဇိုမီးတိုင်းရင်းသားများဖြစ်ကြောင်း မူရင်းလူမျိုးအမည် ဇိုမီးခေါ်ဆိုရေး၊
(၂) စစ်မှန်သော ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာရေး၊
(၃) လွတ်လပ်ရေး ဈေးကွက်စီးပွားရေးစနစ်၊
(၄) ပင်လုံစိတ်ဓာတ်မြှင့်တင်ရေးတို့ (Panglong Spirit) ဖြစ်ကြပါသည်။

**မူဝါဒ(၄)ချက် တစ်ခုချင်း ရှင်းပြလိုကြောင်း**

(၁) မူဝါဒ (၄)ချက်ပါ အမှတ်စဉ်(၁)အတိုင်း ဆက်လက်အကောင်အထည်ဖော်ရန်–

ဒုတိယအချက်အနေဖြင့်– စစ်မှန်သော ဒီမိုကရေစီအစိုးရပေါ်လာရေးနှင့်ပတ်သက်ပြီး ဒီမိုကရေစီသည် လူလူချင်းတူညီသည်ဟူသောမှုကို လက်ခံသူတိုင်း တရားဥပဒေအမြင်တွင် တူညီစေကြောင်း၊ လွတ်လပ်စွာ အသက်ရှင်နိုင်ခွင့်၊ တွေးတောကြံဆတီထွင်ခွင့်၊ ပြောဆိုရေးသားခွင့် စည်းရုံးပိုင်ခွင့်ရှိကြောင်း၊ ဒီမိုကရေစီအစိုးရသည် ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ဆိုသလို၊ ပြည်သူ့အကျိုးအလို့ငှာ ပြည်သူ့ဆန္ဒအရအုပ်ချုပ်ခြင်း (Government of the people by the people and for the people) သည် ဒီမိုကရေစီအစိုးရသာ ဖြစ်ပါသည်။ သို့သော် ယခုကျွန်တော်တို့နိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီအစိုးရ ပီပီပြင်ပြင် မပေါ်လာနိုင်ခြင်းက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဟန့်အတားဖြစ်နေသေးကြောင်း။

တတိယအချက်အနေဖြင့်– မိမိတို့တိုင်းပြည်သည်သယံဇာတပေါကြွယ်သောနိုင်ငံဖြစ်ခြင်းကြောင့် အစိုးရတစ်ခုတည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းကုမ္ပဏီတစ်ခုတည်းမှ ကြီးကြပ်ဦးဆောင် လက်ဝါးကြီးအုပ်စိုးမှုမရှိဘဲ အရည်အချင်းနှင့်ပြည့်စုံသော ပြည်သူပြည်သားများက လွပ်လပ်စွာ စူးစမ်းရှာဖွေခွင့်၊ ထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားပြီး အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားကြပါက ပစ္စည်းမှန်၊ ဈေးမှန်၊ အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို ပြည်သူအများ ဝယ်ယူသုံးစွဲနိုင်ခွင့် ရှိလာမည်ဖြစ်ပါကြောင်း။

စတုတ္ထအချက်အနေဖြင့်– တိုင်းရင်းသားများက ဗြိတိသျှနယ်ချဲ့များ မသိမ်းပိုက်မီကာလအချိန်တွင် မိမိတို့ ဌာနေတိုင်းရင်းသားများက ကိုယ့်စော်ဘွား နယ်စား၊ သူကြီးစသဖြင့် ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ဖြင့်သာ အသီးသီး လွတ်လွတ်လပ်လပ်နေထိုင်ကြသော လူမျိုးအသီးသီးဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက နိုင်ငံတစ်ခုတည်းတွင် အတူတကွ လက်တွဲကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတည်ထောင်ကာ ဗြိတိသျှထံ လွတ်လပ်ရေးအတူတူယူကြရအောင်ဆိုပြီး ရှမ်းပြည်ပင်လုံတွင် ဇိုမီးခေါင်းဆောင်ကြီးများဖြစ်ကြသော ပူထောင်းဇခုပ်၊ ပူကီးမန်း၊ ပူလျှုမုန်းတို့မှ ရှမ်း၊ ကချင်တိုင်းရင်းသားကြီးများမှ သမိုင်းဝင် ပင်လုံစာချုပ်ကြီး ချုပ်ဆိုခဲ့ကြရာမှစပြီး ယခုပြည်ထောင်စုကြီး ပေါ်ထွန်းလာသည်မှာ မည်သူမျှ မငြင်းနိုင်သော သမိုင်းမိုင်တိုင်တစ်ခုပင် ဖြစ်ပါသည်။

ဇိုမီးတိုင်းရင်းသားများသည် ပြည်ထောင်စုမြန်မာ့နိုင်ငံရေးတွင် အဓိကအခန်းမှပါဝင်ကြသော လူမျိုးများဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးတည်ထောင်ရာတွင် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးကြသူများဖြစ်သည့်အပြင် ၁၉၄၈ ခုနှစ် ပြည်တွင်းစစ် ရန်ကုန်အစိုးရဟုခေါ်ဆိုသောအချိန် အင်းစိန်တိုက်ပွဲတွင် ပြည်ထောင်စုကြီး ကာကွယ်ဖို့ရာ အသက်သွေးချောင်းစီး ပေးဆပ်ခဲ့ကြသော ဇိုမီးတိုင်းရင်းသားများ ဖြစ်ကြသည်။

Zomi Congress For Democracy

**ZNC ပါတီမှ ZCD ပါတီသို့ နှစ်ပေါင်း (၃၀)အတွင်း**

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီတစ်ခုဖြစ်ပြီး နဝတအစိုးရမှ လွှတ်တော်ခေါ်ယူခြင်းမရှိဘဲ အမျိုးသားညီလာခံ NC လမ်းကြောင်းဖြင့်သာ ညီလာခံခေါ်ယူခဲ့ပါသည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အကောင်အထည်ဖော်ရေး လွှတ်တော်ခေါ်ယူရေးတို့အတွက် အကျပ်အတည်းကာလတွင် တစိုက်မတ်မတ် မဟာမိတ်ပါတီများနှင့် လက်တွဲကြကာ ဆက်လက်နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြပါသည်။

**၂၀၂၀ အလွန် (၅)နှစ်အတွင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်များ**

(၁) တိုင်းရင်းသားများ စာပေယဉ်ကျေးမှု လက်တွေ့အကောင်အထည်ဖော်နိုင်ရေး၊
(၂) မြေယာပိုင်ဆိုင်မှုတွင် ဌာနေတိုင်းရင်းသားများအကျိုးကို အပြည့်အဝကာကွယ်နိုင်ရေး၊
(၃) Federal Democracy ပေါ်ထွန်းရေး၊
(၄) တစ်နိုင်ငံလုံး ဆင်းရဲမှုလျှော့ချရေး၊
(၅) ၂၁–ရာစု ပင်လုံငြိမ်းချမ်းရေးကို ဆက်လက်ကျင်းပကာ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးစနစ် တည်ငြိမ်ရေး၊
(၆) ၂၁–ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံမှ လက်ခံသဘောတူကြသော (Union Accord) အချက်များ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသောအချက်များ ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး၊
(၇) လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကြာ စွဲကိုင်ထားသော ပါတီမူဝါဒ (၄)ခုကို ဆက်လက်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း

"ဇိုမီးရှေ့သို့" (Zomi Forward)

## မိုးကောင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မိုးကောင်း စက်တင်ဘာ ၂၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှု၊ ပြဿနာပေါ်ပေါက်လာပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို မိုးကောင်းမြို့ အထက(၁) မဏ္ဍူသကခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ခင်ဌေးက ကော်မတီ၏လုပ်ငန်းတာဝန်များကို ပြောကြားပြီး အတွင်းရေးမှူး ဒေါ်ပေရယ်စိုးက မဲဆွယ်စည်းရုံးခွင့်တင်ပြလျှောက်ထားမှုနှင့် ပတ်သက်၍ ပြောကြားကာ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ လတ်တလော မဲဆွယ်ကာလ၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုအပေါ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## မန္တလေးမြို့၌ ပင်စင်လစာငွေများကို အခြေခံပညာကျောင်းများတွင် ထုတ်ယူနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ စက်တင်ဘာလ ပင်စင်လစာများ ထုတ်ပေးရာတွင် ပင်စင်လစာထုတ်ယူသည့် အသက်အရွယ်ကြီးသူများ ကိုဗစ်–၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲအစား အခြေခံပညာကျောင်းများတွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) မန္တလေးမှ မန်နေဂျာ ဦးမျိုးထက်အောင်၏ ပြောကြားချက်အရ သိရသည်။

မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)မှ ပင်စင်လစာထုတ်ယူသူများအတွက် မန္တလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)မှ ပင်စင်လစာထုတ်ယူသူများအတွက် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)တွင် ပင်စင်လစာထုတ်ယူသူများသည် ယင်းဘဏ်၌သာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပင်စင်လစာငွေများကို စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်အတွင်း ရုံးပိတ်ရက်မပါ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအတွင်း ထုတ်ယူနိုင်သည်။ ထို့ပြင် ယခုလ ပင်စင်လစာမထုတ်ယူနိုင်ပါက ထုတ်ယူလိုသည့်လ၌ ပေါင်းထည့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအရ ပင်စင်လစာမထုတ်ယူနိုင်သည့် ပင်စင်စားများအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ကွင်းဆင်းစိစစ်ပြီး ထုတ်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် လူကိုယ်တိုင် လာရောက်မထုတ်ယူနိုင်ပါက Mobile Payment အပါအဝင် သတ်မှတ်ထားသည့် ငွေပေးစနစ်များမှတစ်ဆင့် ထုတ်ယူနိုင်အောင် စီစဉ်ပေးမည်ဖြစ်ပြီး ATM စက်များဖြင့်လည်းကောင်း၊ Wave Money ဖြင့်လည်းကောင်း၊ Mobile Money ဖြင့်လည်းကောင်း ငွေစုစာအုပ်နှင့် ချက်စာအုပ်များတွင် ပင်စင်လစာငွေထည့်သွင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပင်စင်လစာငွေများထုတ်ပေးရာတွင် လာရောက်ထုတ်ယူသူများကို ကိုယ်အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ စီစဉ်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး နီးကပ်ထိတွေ့မှုမရှိစေရန် ဆောင်ရွက်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများပါ စီစဉ်ထားမည်ဖြစ်သည်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်သည့်ကာလဖြစ်သောကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့်အတိုင်းဆောင်ရွက်၍ ပင်စင်လစာငွေများကို ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

## ဆိပ်ဖြူမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးမှု အရှိန်မြှင့်တင်ဆောင်ရွက်

**ဆိပ်ဖြူ စက်တင်ဘာ ၂၀**

ဆိပ်ဖြူမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ဌာနဆိုင်ရာများနှင့် စိတ်ထားဖြူ အောက်ဆီဂျင်အခမဲ့ပေးဝေနိုင်ရေး လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်းပြီး ယမန်နေ့ နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးမှုကို မြို့ပေါ် လေးရပ်ကွက်တွင် အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည်။

ဆိပ်ဖြူမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး စိတ်ထားဖြူ အောက်ဆီဂျင်အခမဲ့ပေးဝေနိုင်ရေး လူမှုကူညီရေးအဖွဲ့ထံသို့ အလှူရှင်များက လှူဒါန်းပေးကြသည့် နှာခေါင်းစည်းများကို ရပ်ကွက်လေးရပ်ကွက်နှင့် အသွားအလာများပြီး လူစည်ကားသည့် လမ်းမကြီးများ၊ ပတ္တမြားဈေး ပတ်ဝန်းကျင်တို့တွင် မော်တော်ယာဉ်မောင်းနှင်သူများ၊ ဆိုင်ကယ်၊ စက်ဘီးစီးနင်းသူများနှင့် ခြေကျင်လျှောက်သူများကို နေအိမ်မှအပြင်သို့ထွက်တိုင်း နှာခေါင်းစည်းများ ဝတ်ဆင်အသုံးပြုနိုင်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြပြီး အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော် အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

# အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေးအတိုင်ပင်ခံ ဦးသော်တာက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများနဲ့ အင်းတိုင်းရင်းသားများ၊ ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းတိုင်းရင်းသားနဲ့တကွ အခြားလူမျိုးစုတိုင်းရင်းသားများ၊ အင်းလေးကန်ကို ချစ်မြတ်နိုးကြသောသူများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာမေတ္တာပို့သ ဂါရဝပြုအပ်ပါသည်ခင်ဗျား။

ကျွန်တော်ကတော့ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ နိုင်ငံရေးအတိုင်ပင်ခံအဖြစ် တာဝန်ပေးအပ်ခြင်းခံရတဲ့ ဦးသော်တာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှာလည်း အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စားပြုကိုယ်စားလှယ်အဖြစ် ညောင်ရွှေမြို့နယ်၊ ပြည်နယ်အမှတ်(၁) မဲဆန္ဒနယ်မြေမှာ ယှဉ်ပြိုင်သွားပါမယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ(၁)ရက်နေ့မှ ပါတီအမှတ်စဉ် (၂၇)ဖြင့် တရားဝင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၀၊ ၂၀၁၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

၂၀၁၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ညောင်ရွှေမြို့နယ် ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်မြေ၊ ညောင်ရွှေမြို့နယ် အမှတ်(၁)၊ အမှတ်(၂) ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေနှစ်နေရာနှင့် အင်းတိုင်းရင်းသားလူမျိုးစု မဲဆန္ဒနယ်မြေတို့မှာ အနိုင်ရရှိခဲ့ပါတယ်။ အင်းတိုင်းရင်းသားလူမျိုးတို့၏ အလိုချင်ဆုံးဆန္ဒဖြစ်သော အင်းတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိရန် ပထမခြေလှမ်းအဖြစ် အင်းသား ဆုံစည်းရာနေ့ကို အင်းလေးကန် အတွင်းရှိ ရေလယ်ဗိုလ်တဲတွင် အင်အား (၄၀၀၀၀) ကျော်ဖြင့် ကျင်းပနိုင်ခဲ့ပါတယ်။ အင်းသားလူမျိုး၏ နိုင်ငံရေးစင်မြင့်ကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ အင်းလေးကန်ဇုန်ဝင်ခွင့် ကောက်ခံရငွေ၏ (၅၀%)ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိရန် ကြိုးစားဆောင်ရွက်ပြီးရရှိသော ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ အင်းလေးကန်သန့်ရှင်းသာယာလှပစေရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်နေသော သိန်းတစ်သောင်းတန်ဖိုးရှိ ရွံ့မှုတ်စက်တစ်လုံး ဝယ်ယူနိုင်ရန် နိုင်ငံတော်အစိုးရသို့ သိန်း (၆၀၀၀)ပေးအပ်ခဲ့ပါတယ်။

ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိလုပ်သားပြည်သူများ လျှပ်စစ်မီး ရရှိရေးအတွက် ဒေသခံအင်းတိုင်းရင်းသားများ စုပေါင်းအင်အားဖြင့် တည်ဆောက်ခဲ့သော ခေါင်တိုင်ကျေးရွာ လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ရေး အတွက် ငွေကြေးကောက်ခံမှု အခက်အခဲများကို ပြေလည်အောင်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် (၃၀.၇.၂၀၁၁)ရက်နေ့တွင် ခေါင်တိုင်ကျေးရွာ လျှပ်စစ်ဓာတ်အားစက်ရုံ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဤဆောင်ရွက်မှုကြောင့် (၄)နှစ်ကာလအတွင်းကျေးရွာပေါင်း (၂၁၀)ကျော် လျှပ်စစ်မီးရရှိစေခဲ့ပါတယ်။ ၎င်းအပြင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ (၉.၈.၂၀၁၅)ရက်နေ့ အင်းလေး ဒေသခရီးစဉ်တွင် အင်းတောင်ပိုင်း စံကားဒေသ လျှပ်စစ်မီးရရှိစေရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်ခွင့်တင်ပြခဲ့၍ နိုင်ငံတော်သမ္မတကြီး၏ ကတိကဝတ်တွင် မှတ်တမ်းတင်နိုင်ခဲ့ပြီး ယနေ့အင်းတောင်ပိုင်းတွင် ကျေးရွာအချို့ လျှပ်စစ်မီးရရှိနေသည်ကို တွေ့ရှိရ၍ ဝမ်းသာပျော်ရွှင်မိပါတယ်။

မိဘပြည်သူများခင်ဗျား

**ပါတီ၏ ရည်မှန်းချက်နှင့် အမျိုးသားမူဝါဒ** များကတော့ –

(က) တိုင်းရင်းသားအားလုံး တစ်ပြေးညီတိုးတက်ပြီး ပြည်ထောင်စုတစ်ရပ်လုံး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာကာ အရှေ့တောင်အာရှ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်မည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ထောင်မည်။

(ဂ) တိုင်းရင်းသားများအားလုံး အခွင့်အရေးတန်းတူရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အစဉ်အားပေးထောက်ခံသည်တို့ ဖြစ်ပါတယ်။

ပါတီ၏ **နိုင်ငံရေးမူဝါဒ**ကတော့ ပါတီစုံဒီမိုကရေစီကိုကျင့်သုံးမည်။ နိုင်ငံရေး ပါတီများအားလုံး ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူအခွင့်အရေး ရရှိမည်။ ပါတီအချင်းချင်းလေးစားစွာ ဆက်ဆံမည်စသည်တို့ ဖြစ်ပါတယ် ခင်ဗျား။

ပါတီ၏ **စီးပွားရေးလုပ်ငန်းစဉ်**ကတော့

(က) ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးမည်။ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဦးစားပေးဆောင်ရွက်မည်။ နိုင်ငံခြားဘဏ်များ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အထူးအားပေးမည်။

(ခ) စီးပွားရေးတွင်အခွင့်ထူးခံလူတန်းစားများမရှိစေရ။ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိုးအိမ်သစ်များ၊ လမ်းတံတားများ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်မှ အားပေးမည်။

(ဂ) တရားဝင်ထုတ်ပေးသော ငွေကြေးများနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ အာမခံရမည်။

(ဃ) အခွန်အခသည် ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရ။ အခွန်ပေးသွင်းမှု တာဝန်ကျေ လုပ်ငန်းရှင်များနှင့် ပြည်သူများအတွက် သင့်တော်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်။

ပါတီ၏ **နိုင်ငံရေးလုပ်ငန်းစဉ်** များကတော့

(က) နိုင်ငံတိုင်းနှင့် တန်းတူလေးစားစွာဆက်ဆံမည်။ စီးပွားရေး၊ လူမှုရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကို ဦးစားပေး ပူးပေါင်းဆောင်ရွက်မည်။

(ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့တွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်။

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ချက်နှင့်အတူ တိကျစွာလိုက်နာဆောင်ရွက်မည် စသည်တို့ဖြစ်ပါတယ် ခင်ဗျား။

ပါတီ၏ **ကာကွယ်ရေးလုပ်ငန်းစဉ်** များအနေဖြင့်

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို တပ်မတော်အား မဏ္ဍိုင်ထား၍ ပြည်သူများကို မျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်စေမည်။

(ခ) အမျိုးသားစစ်မှုမထမ်းမနေရ ဥပဒေကို ပြည်သူများဆန္ဒနှင့်အညီ ပြဋ္ဌာန်းမည်။

(ဂ) စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် ဆောင်ရွက်မည်။

(ဃ) နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး စွမ်းအား(၃)ရပ်လုံးကို ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြင့် မြှင့်တင်မည်။

ပါတီ၏ **တိုင်းရင်းသားရေးရာလုပ်ငန်းစဉ်** များအနေဖြင့်

(က) တိုင်းရင်းသားများ အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ထိရောက်စွာလုပ်ဆောင်နိုင်ရန် ဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားတို့၏ လက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်။

(ဂ) လူနည်းစုတိုင်းရင်းသားများ၏ ဘဝမြှင့်တင်ရေးကို အထူးဦးစားပေး ဆောင်ရွက်မည်။

ပါတီ၏ **အလုပ်သမားရေးရာလုပ်ငန်းစဉ်** များအနေဖြင့်

(က) အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်ရေးနှင့် အရည်အချင်းမြင့်မားရေးတို့အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်ပေးရန် ဆောင်ရွက်မည်။

(ခ) ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသော နိုင်ငံသားများအတွက် ရပိုင်ခွင့်နှင့် အခွင့်အရေးများ မဆုံးရှုံးစေရန် ဥပဒေများပြဋ္ဌာန်း ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းခွင် တည်မြဲရေး၊ ကျန်းမာရေးနှင့် လူမှုခံစားခွင့်များကို ခေတ်နှင့်အညီ ခံစားနိုင်ရန် ပြုပြင်ဆောင်ရွက်မည်။

ပါတီ၏ **တောင်သူလယ်သမားများအတွက် လုပ်ငန်းစဉ်** များကတော့

(က) တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအသစ် ဖွင့်လှစ်မည်။

(ခ) လယ်ယာမြေဖော်ထုတ်ရေးကို အဓိကဦးစားပေးအဖြစ် မဖြစ်မနေ ဆောင်ရွက်မည်။

(ဂ) လယ်ယာမြေ ပြန်လည်အပ်နှင်းရေးနည်းစနစ်ကို လယ်သမားများ၏ ဆန္ဒနှင့်အညီ မှန်ကန်မြန်ဆန်စွာဆောင်ရွက်မည်။

(ဃ) တောင်သူလယ်သမားများ စိုက်ပျိုးရေးကိစ္စ အဆင်ပြေစေရေး အတွက် နိုင်ငံတော်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ပူးပေါင်း ပါဝင်နိုင်ရေး အတွက် နည်းလမ်းသစ်များ ရှာဖွေသွားပါမည်။

(င) သီးနှံမျိုးစုံ မျိုးစေ့များ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန် မဖြစ်မနေ ဆောင်ရွက်မည်။

ပါတီ၏ **ပညာရေး၊ ကျန်းမာရေး လုပ်ငန်းစဉ်** များကတော့

ပညာရေးနှင့် ကျန်းမာရေးတို့ အတွက် နိုင်ငံတော်ဘတ်ဂျက်ကို အသုံးပြုပြီး နှစ်စဉ်တိုးမြှင့်ပေးသွားမည့် ကဏ္ဍဖြစ်သည့်အလျောက် လက်ရှိလုပ်ဆောင်နေမှုများကို ထိရောက်မှုရှိ-မရှိ ပြည်သူ့ဆန္ဒရယူခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းစသည့် နည်းလမ်းတို့ကို အသုံးပြုပြီး ပြင်ဆင်သင့်သည်များကို အမြန်ဆုံးနှင့် အမှန်ဆုံး ပြင်ဆင်သွားမည်။

ပါတီ၏ **စာနယ်ဇင်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်** များအနေဖြင့်

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို မိမိကိုယ်တိုင်တာဝန်ခံမှု၊ မိမိကိုယ်တိုင်တာဝန်ယူမှုနှင့်အညီ လွတ်လပ်စွာရေးသားထုတ်ဝေခြင်းကို အားပေးမည်။ ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို အစဉ်အားပေး၍ နည်းပညာမြင့်မားရေးအတွက် ကူညီဆောင်ရွက် ပေးမည်။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ရှမ်းပြည်နယ်မှ မည်သည့်အခါမှ ခွဲထွက်ခဲ့ခြင်းမရှိသလို ပြည်ထောင်စုကြီးမှ ဘယ်သောအခါမှလည်း ခွဲထွက်မည် မဟုတ်ကြောင်းကိုလည်း ရဲရဲကြီးပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အင်းသားလူမျိုးတိုင်း နိုင်ငံရေးစင်မြင့်ကိုရရှိစေရန်နှင့် မျိုးနွယ်စုဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သော ခြေထောက်ဖြင့်လှေလှော် ကမ္ဘာကျော်တဲ့ တို့အင်းသားပိုင်ရှင် **"အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ကို ယုံယုံကြည်ကြည်ဖြင့် သင်ရဲရဲကြီးရွေးချယ်လိုက်ပါ။ ဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိစေရေးအတွက် ပြည်သူများရဲ့ အသည်းကြားမှ မဲတစ်ပြားကို ကျွန်တော်တို့ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီကို ယုံကြည်စွာ ဆန္ဒမဲပေးအပ်လိုက်ကြပါလို့ဆန္ဒပြုရင်း ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် အင်းသူ၊ အင်းသားများ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## နောင်အင်းလေး သီချင်း

CHO; ( ငွေသင်ဖြူးလေးခင်းထားသလို သတင်းစကားဆိုလောက်တယ်
လှေလှော်ကာ တိမ်ကလေးတွေ တောက်မယ် .. ရေပေါ်မှာ
အိမ်ကလေးတွေ ဆောက်တယ်
အမှောင်ဆိုင်းတဲ့ အလွမ်းပန်းချီနယ် … တောင်ပိုင်းရဲ့
ရှမ်းပြည်နယ် ..
မှန်းဆအတွေးဝေနှော် … ရှမ်းမလေးတွေ ချောပါတယ် ..
သတင်းမွှေးတဲ့ အင်းလေးကန်သာဝယ်…) ၂

သွေးရင်းသားရင်းညီနောင်ဘွား … ဖောင်တော်ဦး
ဘုရားကိုရောက်အောင်သွား
အင်းသူ ..အင်းသား နှလုံးသားဖြူပါတယ်။
လှေကလေးနဲ့ ကြိုကာရယ် .. ဆွေတေးဖွဲ့သလိုပါကွယ်
ရှမ်းအိုးစည်သံလေးတွေလည်း …. ကြားမယ်ကွယ်။
မြေပြန့်က ဗမာအစ်ကိုရယ် …. ခြေဆန့်လို့လာရင်ကွယ်
နောင်အင်းလေးကို လာဖို့ ဖိတ်ခေါ်တယ်။

CHO; ….



# မြန်မာ့ရုပ်ရှင် ရာပြည့်နှစ်မှသည် ရာစုနှစ်ပေါင်းများစွာဆီသို့ . . .




ဒေါက်တာခင်စန်းမော်

ပတ္တမြား ကမ္ဗလာခင်းထားသည့်နှယ် စိန်ပန်းနီနီတို့ မြေမှာပြန့်ကျဲသည့် မိုးဦးကျအချိန်သို့ ရောက်လာတိုင်း မော်လမြိုင်မြို့ရှိ ရွှေနတ်တောင် အထကကို လွမ်းဆွတ်မိပါသည်။ တူညီဝတ်စုံ ဖြူစိမ်းလေးများဖြင့် နံနက်လင်းတော့ ကျောင်းလာ၊ ညနေခင်းမှာ ကျောင်းဆင်းခဲ့ရသည့် အတိတ်ပုံရိပ်တို့သည် အချိန်နှင့်အမျှ တဖြည်းဖြည်း လွင့်ဝေးသွားသည့် ငယ်ဘဝအိပ်မက်များဖြစ်ကြ၏။

နံနက် ၉ နာရီ ကျောင်းတက်၊ ညနေ ၃ နာရီ ၁၅ မိနစ် ကျောင်းဆင်း၊ ညနေဘက်မှာ ကစား၊ ညကျတော့ စာကျက်ကြရသည့် တစ်နေ့တာကာလတွင် ပညာသင်ယူရသည့် အတွေ့အကြုံ၊ သူငယ်ချင်းများနှင့် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားရသည့်အမှတ်တရများသာမက မမေ့နိုင်စရာ စွဲလမ်းနှစ်သက်မှုတစ်ခုလည်း ပါဝင်နေပါသည်။

"ဒီနေ့ ငါးနာရီခွဲပွဲ ရုပ်ရှင်လက်မှတ်ဝယ်ထားတယ်။ မသွားခင် အိမ်စာတွေ လုပ်ထား။ ပြန်လာရင် စာကျက်ရမယ်။ ဂျီကျတဲ့သူ ထားခဲ့မယ်" ဖေဖေ့စကားသံ ကြားရလျှင် ကျွန်မတို့မောင်နှမအားလုံး "ဟေး" ဟု တပျော်တပါး အော်ဟစ်ပျော်ရွှင်မိကြပါသည်။ ရုပ်ရှင်မပြခင် အဆာပြေကျွေးသည့် မုန့်ဟင်းခါး၊ ရွှေရင်အေး၊ ရေခဲသုပ်တို့ကိုလည်း မှန်းဆကြည်နူးရသေးသည်။

ကျွန်မတို့နေထိုင်ရာ မော်လမြိုင်နှင့် မုဒုံကြားမှာသည်ရုပ်ရှင်ရုံ တစ်ရုံတည်းသာရှိပြီး ရန်ကုန်မှာ ကားသစ်တင်တိုင်း ညနေ ငါးနာရီခွဲတွင် တစ်ပွဲ၊ ည ခုနစ်နာရီခွဲတွင် တစ်ပွဲဖြင့် တစ်ပတ်ခန့် ရုံတင်ပြလေ့ရှိသည်။

ထိုရုပ်ရှင်ရုံသည် တပ်မိသားစုများသာမက အနီးအနားကျေးရွာမှ လူများအားလုံး ကြည့်ရှုနိုင်သည့် တစ်ခုတည်းသော ရုပ်ရှင်ရုံဖြစ်ပြီး သန့်ရှင်းသပ်ရပ်လှပါသည်။

ရုပ်ရှင်မပြခင် နိုင်ငံတော်အလံကို မတ်တတ်ရပ်အလေးပြုရသောအချိန်သည် စိတ်အတက်ကြွဆုံးအချိန်ပင် ဖြစ်သည်။ အများအားဖြင့် ရုပ်ရှင်ကြည့်ရသောနေ့သည် သောကြာ၊ စနေနေ့များသာ ဖြစ်ကြသည်။ လပတ်စာမေးပွဲများနှင့် စာမေးပွဲကြီးရှိချိန်မှအပ ထိုရုပ်ရှင်ရုံ၌ ပြသသော ရုပ်ရှင်ကားသစ်များကို မလွတ်တမ်း ကြည့်ခဲ့ရဖူးပါသည်။

"ဒီနေ့ တို့ တပ်ထဲမှာ ရုပ်ရှင်ပြမယ်တဲ့"

"တစ်ကားလား၊ နှစ်ကားလား"

"နှစ်ကားပေါင်းပြမှာတဲ့"

ထိုသတင်းမျိုးသည် သာယာနာပျော်ဖွယ် အကောင်းဆုံးသတင်း ဖြစ်သည်။ စာအုပ်စာပေ၊ ကာတွန်း၊ ရုပ်ရှင်နှင့် ရေဒီယိုတို့သာ အပန်းဖြေစရာအဖြစ်ရှိသော ခေတ်၌ ကျွန်မတို့ရုပ်ရှင်မက်တာ အဆန်းတကျယ် မဟုတ်လှပါ။ အထူးသဖြင့် ရုပ်ရှင်ကားဟောင်းရော ကားသစ်ပါ ပြသလေ့ရှိသည့် ဗလာပွဲများကို ပို၍ မက်မောကြ၏။

"သောကြာ၊ စနေ နှစ်ညလုံး တိုင်းထဲမှာ ရုပ်ရှင်မိုးလင်းပွဲ ပြမယ်တဲ့"

"တိုင်း" ဆိုသည်မှာ မော်လမြိုင်မြို့ရှိ တိုင်းစစ်ဌာနချုပ်ဖြစ်ပြီး တပ်နယ်မြေတွင် တပ်ဂိတ်အသီးသီးရှိသော်လည်း အတွင်းမှာတော့ တပ်တစ်ခုနှင့်တစ်ခုကြား သွားလာနိုင်သော ကတ္တရာလမ်းများ သို့မဟုတ် မြေနီခင်းသောလမ်းများရှိကြသည်။ ရုပ်ရှင်၊ ပြဇာတ်၊ အငြိမ့်၊ ဂီတဖျော်ဖြေပွဲများ မည်သည့်တပ်မှာ ကျင်းပသည်ဖြစ်စေ ဂိတ်ဝကဝင်စရာမလိုဘဲ တပ်အချင်းချင်း အတွင်းလမ်းမှ အလွယ်တကူ သွားလာနိုင်ပါသည်။ မှောင်ရီပျိုးပြီဆိုသည်နှင့် ရုပ်ရှင်ကြိုက်သူတို့သည် ဖျာ သို့မဟုတ် အခင်းကိုပိုက်၊ မုန့်ပဲသရေစာအထုပ်အပိုးများနှင့်အတူ ကလေးများကို လက်မှာဆွဲပြီး ရုပ်ရှင်ပြမည့် ကွင်းကြီးထဲသို့ ချီတက်ကြပါတော့သည်။

ချမ်းအေးသော ဆောင်းကာလမှာ အနွေးထည်၊ ဦးထုပ်များနှင့် ခြုံစောင်များပါကြပြီး ပူအိုက်သော နွေရာသီတွင် ယပ်တောင်များ လက်ဝယ်ကိုင်စွဲလျက်၊ မိုးများသောအချိန်မှာ ထီးနှင့် မိုးကာ မပါမဖြစ်ပါ။ ဗလာပွဲဖြစ်သောကြောင့် ဦးရာလူက စိတ်ကြိုက်နေရာခင်းရင်း တစ်ကျောင်းတည်း အတူတက်နေရသည့် သူငယ်ချင်းများနှင့်လည်း တပျော်တပါး ဆုံတွေ့နိုင်ပါသေးသည်။

မိုးဖွဲဖွဲကျလာလျှင် ထီးဖွင့်ဆောင်းပြီး ဖွဲနပဲနှင့် ဆက်ကြည့်ကာ သဲသဲမဲမဲရွာသောအခါမှ အိမ်ပြန်ပြေးရသည်လည်း ရှိတတ်သည်။

"စကားပြောသော အသဲနှလုံး" ဇာတ်ကားကို ကြည့်ရင်း မိဘမေတ္တာကို အလိုလိုနားလည်လာသလို "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" ဇာတ်ကားကိုကြည့်ပြီး တက္ကသိုလ်ရောက်ရင် စာတတ်မြောက်ရေး လုပ်အားပေးဖို့ ကျေးလက်တွေကိုအရောက်သွားမည်ဟု သန္နိဋ္ဌာန်ချခဲ့ဖူးသည်။

"ဗိုလ်သာရ" ရုပ်ရှင်ကိုကြည့်ရင်း မျက်ရည်ကျဖူးခဲ့သလို "အလောင်းတော်ရာမ"ဆေးရောင်စုံဇာတ်ကားမှာ နစ်မျောခဲ့ဖူးသည်။ "မိုးညအိပ်မက်မြူ"၊ "လက္ခယ်မိုးနှောင်း" နှင့် "နွေကန္တာဦး" သုံးကားပေါင်းကို ကြည့်ရစဉ်က ထိတ်လန့်၊ ကြောက်ရွံ့၊ ကြင်နာ၊ သနား ရသတွေကြားမှာ ဗျာများခဲ့ရဖူးပါသည်။ စိတ်အားငယ်တတ်သော အမျိုးသမီးတစ်ယောက်ဆိုလျှင် နံနက်လင်းတော့ ကြောင်စီစီဖြစ်သွားသည်ဟုပင် ပြောစမှတ်ပြုကြသည်။

လူဆိုးတွေနှင့် ရင်ဆိုင်နေရသည့်အချိန်မှာ မင်းသား




သို့မဟုတ် ကယ်ဆယ်မည့်သူ သို့မဟုတ် တရားဥပဒေဘက်တော်သားများ ရောက်လာလျှင် တဖြောင်းဖြောင်း အသံမြည်အောင် လက်ခုပ်လက်ဝါး တီးခဲ့ကြတာကို မမေ့နိုင်။

ကျွန်မတို့ချည်းသာ မြန်မာရုပ်ရှင်ကို စွဲမက်ကြတာ မဟုတ်ပေ။ တစ်ခါက ကျွန်မ၏ ပညာ ဗဟုသုတအတွက် ဘီလူးကျွန်းသို့ ညအိပ်ခရီးသွားပြီး လေ့လာဖူးပါသည်။ ထိုစဉ်က သောကြာနေ့ ညနေ သင်္ဘောစီးပြီး သွားရ၏။ နတ်မော်ရွာမှ အသိအိမ်၌ သားအမိနှစ်ယောက် အထုပ်အပိုးချကြပြီး နတ်မော်မှ ချောင်းဆုံသို့ မြင်းလှည်းလေးဖြင့် ညဘက်ထွက်ခဲ့ရာ ချောင်းဆုံရှိ တစ်ခုတည်းသော ရုပ်ရှင်ရုံသို့ ရုပ်ရှင်ကြည့်ရန် သွားသူများအား လမ်းတွင်တွေ့ရပါသည်။ အချို့က လက်နှိပ်ဓာတ်မီးနှင့်၊ အချို့က တန်ဆောင်တိုင် မီးထွန်းပွဲမှာ မီးထွန်းပြီး တွန်းသောလှည်းကလေးနှင့်၊ လေမတိုက်အောင် သွပ်ပြားကာထားသော မီးပုံးလေးထဲမှာ ဖယောင်းတိုင်ထွန်းပြီး အလင်းရောင် ယူကြသည်။

လသာသော ညများတွင် သည်အတိုင်း အေးအေးလူလူ လမ်းလျှောက်ကာ ခရီးအတန်ငယ်ဝေးသော ရုပ်ရှင်ရုံသို့ သွားရောက်ကြည့်ရှုကြသည်ဟု ဆိုပါသည်။

ကျွန်မတို့ ငယ်စဉ်က မည်မျှရုပ်ရှင်ကြည့်ခဲ့သနည်းဆိုရသော် ရုပ်ရှင်ဇာတ်ဝင်တေးများကိုပင် နားရည်ဝနေတတ်သည်။ တနင်္ဂနွေနေ့လယ်တွင် မြန်မာ့အသံ ရေဒီယိုမှလွှင့်သော ရုပ်ရှင်တေးများကို ကြားရပါက ဘယ်ဇာတ်ကားက၊ ဘယ်အခန်းကဟုပင် ပြောနိုင်သည်။ ရုပ်ရှင်သရုပ်ဆောင်အများစုမှာ ထူးခြားသော အသံ၏ဂုဏ်ရည်ကို ပိုင်ဆိုင်ကြရာ ရေဒီယိုမှလာသော ဇာတ်လမ်းပမာ နားဆင်စရာ၊ ဘဝကြေးမုံ ဇာတ်လမ်းစုံနှင့် အသံလွှင့်ဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ပါက ဘယ်သူဘယ်ဝါ့အသံဟု ဖော်ထုတ်ပြီး မှန်ကန်လျှင် ကျေနပ်ရသည်မှာလည်း ပျော်စရာတစ်မျိုးပင်။

နေ့လယ်နေ့ခင်း အတန်းထဲ၌ ငြိမ်ငြိမ်ဆိတ်ဆိတ် ဆော့ရချိန်မှာ အကဲပိုပြီး ရုပ်ရှင်ဝှက်တမ်းကစားနည်းကို ဆော့ကြသည်။ ဥပမာ ရုပ်ရှင်ဝှက်သူက "သ တ ပ" ဟု မေးလျှင် "သီတာပြုံး"ဟု ဖြေနိုင်ပါက သုံးမှတ်ရမည်။

တစ်လုံးပြောပြရပါက တစ်မှတ်နုတ်သည့်နည်းဖြင့် ကစားကြရာ ရုပ်ရှင်နာမည် ခပ်ရှည်ရှည် သိသူများက တစ်ပန်းသာပါသည်။ တစ်ခါတစ်ရံ ရုပ်ရှင်နာမည်များကို အဓိပ္ပာယ်ရှိရှိ စီကာ စဉ်ကာ ဝါကျဖွဲ့ပြီး စာရေးသည့်နည်းကိုလည်း စိတ်တူကိုယ်တူ ဆော့ကြသေးသည်။ ထိုနည်းကိုတော့ ကျွန်မဖတ်မိသော မဂ္ဂဇင်းတစ်အုပ်ထဲက ရခြင်းဖြစ်သည်။ မှတ်မိသလောက် ဆိုရလျှင် ... "ကို ကြေးမုံ" "သိမ့်" စာကိုဆုံးအောင် ဖတ်ပါလို့။ "တကွေ့တကမ္ဘာမှာ" "ရှင်နဲ့ ကျွန်မနဲ့" "ဘုရားမှာ တစ်ခါဆုံ" ပြီး "ဘယ်ဆုတောင်းမလဲ ချစ်သူရယ်" ဆိုလို့ "ဆယ်ကမ္ဘာ ဘယ်ခါရွှေ့စေတော့" "မေ့ပါနိုင်"ဘူးရယ်လို့ .....စသဖြင့် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ကို အဆက်အစပ်ကောင်းစွာ ရေးဖွဲ့ထားခြင်းအား နှစ်သက်ခံ့မင်ခဲ့ဖူးခြင်းဖြစ်သည်။ အကယ်ဒမီ ထူးချွန်ဆုကြေညာလျှင်လည်း ကိုယ်တိုင်ရဘိသကဲ့သို့ ရင်ခုန်စိတ်လှုပ်ရှားမိပါသည်။

စာမျက်နှာ ၁၉ သို့ ❖



ကျွန်မတို့ငယ်စဉ်က မည်မျှရုပ်ရှင်ကြည့်ခဲ့သနည်းဆိုရသော် ရုပ်ရှင်ဇာတ်ဝင်တေးများကိုပင် နားရည်ဝနေတတ်သည်။ တနင်္ဂနွေနေ့လယ်တွင် မြန်မာ့အသံ ရေဒီယိုမှလွှင့်သော ရုပ်ရှင်တေးများကို ကြားရပါက ဘယ်ဇာတ်ကားက၊ ဘယ်အခန်းကဟုပင် ပြောနိုင်သည်။ ရုပ်ရှင်သရုပ်ဆောင်အများစုမှာ ထူးခြားသောအသံ၏ဂုဏ်ရည်ကို ပိုင်ဆိုင်ကြရာ ရေဒီယိုမှလာသော ဇာတ်လမ်းပမာ နားဆင်စရာ၊ ဘဝကြေးမုံ ဇာတ်လမ်းစုံနှင့် အသံလွှင့်ဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ပါက ဘယ်သူဘယ်ဝါ့အသံဟု ဖော်ထုတ်ပြီး မှန်ကန်လျှင် ကျေနပ်ရသည်မှာလည်း ပျော်စရာတစ်မျိုးပင်။

❖ စာမျက်နှာ ၁၈ မှ

ကလေးဘဝက အသိ အလိမ္မာ ပညာတို့ကို စာပေနှင့်ရုပ်ရှင်မှ ရခဲ့သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ မြန်မာရုပ်ရှင်ကိုကြည့်ရင်း ဝင်းဦး၊ ကောလိပ်ဂျင်နေဝင်း၊ ညွန့်ဝင်း၊ တွံတေးသိန်းတန်၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနုတို့ကစပြီး ဇော်ဝမ်း၊ ကျော်ဟိန်း၊ တင်တင်ညို၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက်၊ နွဲ့နွဲ့မူ၊ ချိုပြုံးတို့လို မင်းသားမင်းသမီးများ၊ စံမတူ၊ သော်တာ၊ ဖိုးပါကြီး၊ ရွှေလုံး ဒေါ်စိန်ခင်၊ ဦးသိန်းမောင်၊ ဦးကျောက်လုံး၊ အံ့ကျော်စသော ဇာတ်ပို့ဇာတ်ရန်များကိုလည်း ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ ရန်ကုန်ပြန်ပြောင်းလာချိန်တွင် ပညာရေးက အရေးကြီးလာသောကြောင့် ရုပ်ရှင်များနှင့်အနည်းငယ် အလှမ်းဝေးကွာသွားရပါ၏။

**မြန်မာ့ရုပ်ရှင် သမိုင်း**

မြန်မာ့ပထမဆုံး ရုပ်ရှင်ဖြစ်သော "မေတ္တာနှင့်သူရာ" ဇာတ်ကားကို ပထမဆုံးထုတ်လွှင့်ပြသခဲ့သည့် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ကို "မြန်မာ့ရုပ်ရှင်နေ့" ဟု သတ်မှတ်ခဲ့ကြပါသည်။ ထိုဇာတ်ကားကို ဘားမားဖလင်ကုမ္ပဏီမှ လန်ဒန်အတ်ဦးအုန်းမောင်က ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ထိုဇာတ်ကားတွင် မြန်မာ့ပထမဆုံးမင်းသား ဦးညီပုပါဝင်ပြီး စာရေးဆရာကြီး ပီမိုးနင်း၏ဝတ္ထုကို ရိုက်ကူးထားခြင်း ဖြစ်သည်။ ၁၉၂၀ နှင့် ၁၉၃၀ ပြည့်နှစ်များအတွင်း အေဝမ်း၊ နယူးဘားမား၊ ဗြိတိသျှဘားမား၊ ဗန္ဓုလ၊ ရန်ကြီးအောင်၊ The Imperial စသော ရုပ်ရှင်ကုမ္ပဏီများ ပေါ်ထွက်လာပြီး အသံတိတ်ဇာတ်ကားများ ထုတ်လုပ်ခဲ့ကြပါသည်။

မြန်မာ့ ပထမဆုံး အသံထွက် ရုပ်ရှင်ဖြစ်သော "ငွေပေးလို့မရ" ဇာတ်ကားကို ဒါရိုက်တာဦးတုတ်ကြီးက ၁၉၃၂ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် "ပုလဲမျက်ရည်"၊ "လူထု အောင်သံ" စသော ဇာတ်ကားများ ပေါ်ထွက်လာသည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် အလွန်ထင်ရှားကျော်ကြားလှသော စာရေးဆရာ ဒါရိုက်တာကြီးဦးသုခသည် ထိုခေတ်၌ ပေါ်ထွန်းလာခဲ့သည်။ ဦးသုခ ရိုက်ကူးသော "ဘဝ သံသရာ" ဇာတ်ကားသည် အလွန်ထင်ရှားအောင်မြင်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုများကို စတင်ချီးမြှင့်ခဲ့သည်။

ခေတ်ပြောင်းလာသည်နှင့်အမျှ အဖြူ အမည်းရုပ်ရှင်များမှ ဆေးရောင်စုံဇာတ်ကားကြီးများအဖြစ် ပြောင်းလဲလာသည်။ နှစ်များစွာကြာပြီးသည့်နောက် ရုပ်ရှင်ကုမ္ပဏီကြီးများသည် ထုတ်လုပ်မှုစရိတ်မြင့်မားသော ရုပ်ရှင်ကားကြီးများထက် ကုန်ကျစရိတ် သက်သာသော ဗီဒီယိုဇာတ်ကားများဘက်သို့ ခြေဦးလှည့်သွားကြသည်။ သာဓကအားဖြင့် ၂၀၀၈ ခုနှစ်တွင် ဗီဒီယိုဇာတ်ကားပေါင်း ၈၀၀ ဝန်းကျင်ထွက်ခဲ့သော်လည်း အကယ်ဒမီဆု ရွေးချယ်ရန် ရုပ်ရှင်ဇာတ်ကားကြီးက ၁၂ ကားသာရှိသည်။

ရုပ်ရှင်ထုတ်လုပ်ရေး ကျဆင်းရခြင်း၏ အကြောင်းရင်းတစ်ချက်မှာ ရုပ်ရှင်ရုံ အရေအတွက် ကျဆင်းသွားခြင်းကြောင့်လည်း ပါဝင်ပါသည်။ တစ်နိုင်ငံလုံး၌ ရုပ်ရှင်ရုံများ နည်းပါးသွားသည်။ (၂၀၀၀ ပြည့်နှစ် မှတ်တမ်းများအရ တစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံ ၂၄၀ ကျော်ရှိခဲ့ဖူးသည်) ရုပ်ရှင်ရုံအများစုသည် အိုမင်းဟောင်းနွမ်းသော သက်တမ်းရင့် အဆောက်အအုံများ ဖြစ်နေကြသောကြောင့် ဆက်လက်အသုံးမပြုနိုင်တော့ပေ။

မြန်မာဗီဒီယို ဇာတ်ကားအများစုသည်လည်း ဟာသဇာတ်လမ်းများကိုသာ ပေါပေါလှိုင်လှိုင် ရိုက်ကူးလာကြသဖြင့် မြန်မာရုပ်ရှင်အဆင့်အတန်း နိမ့်ကျလာသည်ဟု နားလည်တတ်ကျွမ်းသူများက ဆိုကြပါသည်။

သို့ရာတွင် မကြာသေးမီကာလများအတွင်း၌ အင်တာနေရှင်နယ် ရုပ်ရှင်ပွဲတော်များတွင် မြန်မာရုပ်ရှင် ဇာတ်ကားများကို တွေ့မြင်လာကြရပြီ ဖြစ်ပါသည်။ ခေတ်မီတိုးတက်သော ရုပ်ရှင်ပညာများကို နိုင်ငံရပ်ခြားတွင် ဆည်းပူးကြသူများ ရှိလာ၏။

စိတ်ကူးစိတ်သန်း တစ်မူထူးခြားစွာဖြင့် တီထွင်ဖန်တီးကြသော လူငယ်ဒါရိုက်တာများ၏ လက်ရာများကို ဆန်းသစ်စွာ တွေ့မြင်လာရပါသည်။

**ရုပ်ရှင်ကားကြီးများနှင့် ဝေးကွာရခြင်း**

မြန်မာ့ရုပ်မြင်သံကြား ပေါ်လာချိန်တွင် ခေတ်ဟောင်းမှ အသံတိတ်ကားများ၊ အသံထွက်ရုပ်ရှင်များကို အလျဉ်းသင့်သလို ပြသခဲ့ရာ ကျွန်မတို့ မသိမီလိုက်သော ရုပ်ရှင်များအား အိမ်မှာပင် သက်သောင့်သက်သာ ကြည့်ရှုခွင့်ရခဲ့သည်။ သို့သော် ရုပ်ရှင်ရုံမှာ ကြည့်ရသည့်အာရုံခံစားမှုနှင့် များစွာကွာခြားလှပါသည်။

ရုပ်ရှင်ရုံမှာ ကြည့်ရသော ငါးမန်းဖြူ (Jaw) က တီဗွီမျက်နှာပြင်မှာ ခပ်သေးသေးသာ။ ထိုခေတ်က ကျော်သူ၊ စိုးသူ၊ မို့မို့မြင့်အောင်၊ နေအောင်၊ ရန်အောင်၊ မေသန်းနု၊ ရဲအောင်တို့၏ ခေတ်။ ကြိုတင်လက်မှတ်မရ၊ တစ်ဦးချင်း တန်းစီရမည်ဆိုသောကြောင့် ကျွန်မတို့ မောင်နှမ ကိုးယောက် (ဝမ်းကွဲများအပါအဝင်) လက်မှတ်တန်းစီကြသည်။ နှစ်နာရီခန့် စောပြီးရောက်သဖြင့် သံဇကာတန်းထဲ ရောက်နေသည့်တိုင်အောင် လက်မှတ်မှောင်ခိုသမားများက ကြားဖြတ်ပြီး အတင်းလုဝယ်သဖြင့် ကျွန်မတို့ အလှည့်ရောက်တော့ လက်မှတ်ကုန်ပြီတဲ့။

တန်းစီနေရသောအချိန် အလဟဿဖြစ်ပြီး လက်မှတ်လည်း မရ၊ ငါးဆခန့်တင်ထားသော မှောင်ခိုလက်မှတ်များကို အားမပေးလို၍ မောင်နှမတစ်စု ရုပ်ရှင်မကြည့်ဘဲ ပြန်လာခဲ့ကြသည်။ အကယ်ဒမီ ဆုပေးပွဲတိုက်ရိုက်ထုတ်လွှင့်လျှင်တော့ ရင်ခုန်မြဲပါ။ ရုံဖန်ရုံခါ ကြိုတင်လက်မှတ်ရသော ရုပ်ရှင်များကို ကြည့်ဖြစ်သော်လည်း တဖြည်းဖြည်းကျဲပါးသွားရသည့် အကြောင်းရင်းက ကျွန်မ၏အားလပ်ချိန်များကို တစ်စထက်တစ်စ သိမ်းပိုက်ယူလိုက်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကြောင့်ပင်။

**ရုပ်ရှင်ရိုက်ကွင်းသို့ ရောက်ဖူးရခြင်း**

ဆေးခန်းထိုင်ခါစ ဆရာဝန်ပေါက်စဘဝ၏ နေ့တစ်နေ့တွင် မျောက်ကို မေ့ဆေးပေးရန် ဟုမ်းကော (Home call) လာပင့်ပါသည်။ ကျွန်မနှင့်သူငယ်ချင်း နှစ်ဦး လိုက်သွားရသောနေရာက ရုပ်ရှင်ရိုက်ကွင်းတစ်ခု ဖြစ်နေသည်။ ဒါရိုက်တာက အကယ်ဒမီ မောင်တင်ဦး၊ မင်းသားက ဇာဂနာ၊ ကင်မရာမင်းက အကယ်ဒမီချစ်မင်းလူတို့ ဖြစ်ကြသည်။ ရုပ်ရှင်ဇာတ်ကားက "မင်းသားတော့ မင်းသား" ဖြစ်ပြီး မျောက်ကလေးနှစ်ကောင်ကို တစ်ထေရာတည်း တူညီသော အဝတ်အစားများ ဆင်ယင်ထားသည်။ ထိုနေ့က ရုပ်ရှင်ရိုက်ကွင်းတည်နေပုံကို လေ့လာအကဲခတ်နေမိသည်။ ဒါရိုက်တာက အလင်းရောင် အနေအထားကို စောင့်ဆိုင်းနေသည်ဟု ထင်သည်။ ရိုက်ကွင်းမစသေးဘဲ ကျွန်မတို့ကို ရှုတင်ထမင်းကျွေးပါသည်။ ရိုက်ကွင်းစတော့ ဇာဂနာက မျောက်ကလေး တိုးစိန်နှင့်အတူလာစဉ် တိုးစိန်ကို ကားတိုက်သွားသည့် အခန်း။ တိုးစိန်နှင့် တစ်ပုံစံတည်းတူသော အရန်မျောက်ကလေးကို ကျွန်မတို့က အကြောထဲ မေ့ဆေးပေးလိုက်ပြီး ပျော့ခွေကျသွားသည်နှင့် တိုးစိန်နေရာမှာ မေ့နေသော မျောက်ကလေးကို အစားထိုးကာ နောက် တစ်ကတ် ဆက်ရိုက်ကြလေသည်။ "တိုးစိန်သေပြီ" ဟု ဇာဂနာက ကြေကွဲသောအခန်း၊ မှန်ထိုးမီးထိုး၊ အသံဖမ်း၊ ရိုက်ကူးရေးအဖွဲ့သားများ၊ ဝိုင်းအုံကြည့်ရှုနေကြသော ပရိသတ်များကြားတွင် မရိုက်ခင်က စနောက်နေသော ပုံစံပျောက်ကွယ်ကာ ဇာဂနာက လှိုက်လှိုက်လှဲလှဲ သရုပ်ဆောင်သွားသည်။ သရုပ်ဆောင် အနုပညာက မလွယ်ပါလားဟု ကျွန်မတို့ သူငယ်ချင်း သုံးယောက် မှတ်ချက်ချမိသည့်အထိပါ။

**မြန်မာရုပ်ရှင်ကို ချစ်ကြခြင်း**


ဆေးခန်းလာကြသော မိတ်ဆွေများတွင် မြန်မာ့မီးရထားမှ အရာရှိများ၊ ဝန်ထမ်းများလည်း ပါကြပါသည်။ ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးသော "သူ့ကျွန်မခံပြီ" ဇာတ်ကားရိုက်ကူးစဉ်က အတွေ့အကြုံတစ်ခုကို သူတို့က ပြောပြကြသည်။ "ဒါရိုက်တာက ရိုက်ကွင်းတစ်ခုမှာ လူလိုတယ်ဆိုလို့ ကျွန်တော့်ဝန်ထမ်းတွေဟာ တစ်ညလုံး ခါးရေး လှံရေးအကွက်တွေ ကျင့်ကြတာပေါ့။ ဆွေမျိုးတွေကိုလည်း အကြောင်းကြားကြတယ်၊ ရုပ်ရှင်ထဲမှာပါမယ်ပေါ့။ တကယ်ရိုက်တော့ အင်္ကျီမပါ ပုဆိုးခါးတောင်းကျိုက်နဲ့ ဗီရိုလှည်းပေါ် အထပ်လိုက်ပါသွားတဲ့ အလောင်းတွေ နေရာမှာ။ ရယ်လိုက်ရတာ ဒေါက်တာရယ်" သူ့စကားကရယ်မောကြည်နူးစရာ။

**မြန်မာရုပ်ရှင် ရာပြည့်နှစ်**

မိုးလင်းကမိုးချုပ် ဆေးခန်းနှင့် အိမ် ကူးချည်သန်းချည်လုပ်ရင်း အားလပ်ချိန်နည်းပါးလှပေမယ့် သင်္ကြန်တွင်းမှာတော့ ကျွန်မဆေးခန်းပိတ်ပြီး လုံးလုံးလျားလျား အနားယူတတ်သည်။

သင်္ကြန်ရောက်တိုင်း မြန်မာ့ရုပ်မြင်သံကြားမှ ပြသလေ့ရှိသော ရုပ်ရှင်များကို မရိုးနိုင်အောင်ကြည့်ဖြစ်သည်။ ကြည့်မိတိုင်းလည်း သဘောကျမိသည်ချည်း ဖြစ်သည်။ "ကညာပျိုနဲ့ ဇရာအို"ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောမိသလို "မောင်တို့ ချယ်ရီမြေ" ဇာတ်ကားမှာ မျောပါရတာ ကျေနပ်စရာ။ "သင်္ကြန်မိုး" ဇာတ်ကားကတော့ ဂန္ထဝင် သင်္ကြန်ရုပ်ရှင်ကားကြီးဖြစ်ပြီး ထိုဇာတ်ကား၌ ကျွန်မတို့ ရွှေနတ်တောင် ကျောင်းသူ ပြည်ထောင်စုမယ် "မိမိခိုင်" ပါဝင်သောကြောင့် ဂုဏ်ယူနှစ်သက်သော ပီတိက ဖော်မပြနိုင်ပါ။ သည်နှစ်နွေမှာတော့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးကို တစ်ကမ္ဘာလုံးရင်ဆိုင်နေကြရသဖြင့် ရုပ်ရှင်လောကသားများလည်း အများနည်းတူ အခက်အခဲတွေ့ကြမှာ အမှန်ပင်။

ယခု ဆိုလျှင် ၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ရာပြည့်နှစ်သို့ ရောက်ရှိနေပါပြီ။ ငယ်ဘဝက စွဲလမ်းနှစ်ခြိုက်ခဲ့သော ရုပ်ရှင်များသည် အပန်းပြေပျော်ရွှင်မှုကို ပေးသည်သာမက အနုပညာရသခံစားမှုနှင့် အသိအလိမ္မာတို့ကိုလည်း ပေးစွမ်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ကိုဗစ် အလွန်ကာလတွင် ကျွန်မတို့ချစ်သော "မြန်မာရုပ်ရှင်" အခက်အခဲများကြားက လွတ်မြောက်ပါစေ၊ ရုပ်ရှင်အဆင့်အတန်းမြင့်မားပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ပါစေ၊ ရုပ်ရှင်နှစ် ရာပြည့်မှသည် နောင်ကာလ ရှည်ကြာစွာအခွန့်ရှည်တည်တံ့ပါစေဟု ဆန္ဒမွန်ပြုချင်ပါသည်။ ကျွန်မ၏ နားထဲတွင်တော့ ရုပ်ရှင်စိန်ရတုကာလမှာ ညွန့်ဝင်း၊ ခင်သန်းနု၊ သုမောင်နှင့် ချိုပြုံးတို့ သီဆိုထားသည့် "မြန်မာ့ မြန်မာ့ရုပ်ရှင်..." ဆိုသည့် သီချင်းသံကို ကြားယောင်လျက် မြန်မာရုပ်ရှင်ရာပြည့်နှစ်ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။




## သာစည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးပြီး နှာခေါင်းစည်းများဝေငှ

**သာစည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားရဲကင်းစခန်းမှူး ရဲအုပ်အေးနိုင်ဦး ဦးစီး ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်-မန္တလေး ကားလမ်းပေါ်၌ ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးပြီး ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချသူများ၊ အသေးစားစီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု ဗျစ်အင်းကျေးရွာ (Type-3)တွင် ကျေးရွာမတည်စီမံကိန်း ရန်ပုံငွေဖြင့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရေတာရှည်မြို့နယ်၌ မြေယာပြဿနာများဖြေရှင်းပြီး လမ်းတံတားများ ကြည့်ရှုစစ်ဆေး



**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့ နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြေယာပြဿနာများဖြေရှင်းပေးခြင်းနှင့် ပညာရည်ချွန်ဆုပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာအုပ်စုနှင့် ပီတူးကျေးရွာတို့မှ မြေယာတိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဖြေရှင်းပေးခဲ့ပြီး မြောက်နန်ချွန်အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ချို့တဲ့ကျောင်းသားနှစ်ဦးအား စက်ဘီးထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ တောင်ငူ/ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့်အတူ ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်သို့ ဆက်သွယ်သည့် ကျွဲရိုင်းပြင်- ကရင်ချောင်းတံတား ချဉ်းကပ်လမ်းမကြီးပေါ်သို့ တက်ရောက်ဖြတ်သန်းနိုင်မည့် ကျေးရွာလမ်းများ အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တံတားအနီးဝန်းကျင်တွင်လည်း BIO Park လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရေးအတွက် လမ်းညွှန်မှာကြားခဲ့သည်။

**တင်စိုး(ပဲခူး)**



## သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက် ထောက်ပံ့

**အင်တော စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ)အတွက် နိုင်ငံတော်က ချီးမြှင့်ထောက်ပံ့သည့် လူမှုရေးပင်စင် ခံစားခွင့်ရရှိသော အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အိမ်တိုင်ရာရောက် လိုက်လံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဂူကျေးရွာအုပ်စုအတွင်းရှိ လူမှုရေးပင်စင်ခံစားခွင့်ရရှိသော အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၉ ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လစဉ်နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် (ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ)အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၅၀၀၀၀ ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ကျေးရွာအုပ်စုစာရေးနှင့် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာတာဝန်ခံများက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင် (အင်တော)**

## သဃ်န်းကျွန်းမြို့နယ်၌ မသန်စွမ်းသူများအား အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၌ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများကို လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေမှ မသန်စွမ်းသူများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးကုစားမှု အစီအစဉ်(CERP)အရ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

သဃ်န်းကျွန်းမြို့နယ်တွင် မသန်စွမ်းသူ ၄၇၃ ဦးရှိပြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၄၁၉၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာ ၇၀ ရာခိုင်နှုန်းကျော်ထိ မီးလင်းပြီ

**ညောင်ဦး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအား နိုင်ငံတော်ဓာတ်အားစနစ်မှ ၇၀ ရာခိုင်နှုန်းကျော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းလွင်ထံမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာများမီးလင်းနိုင်ရေးအတွက် အစိုးရဘတ်ဂျက်ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် ကန်နီပေါက်ကျေးရွာ၊ ကျောက်ကန်ကျေးရွာနှင့် မကျီးတန်းကျေးရွာများအား



လျှပ်စစ်ဓာတ်အား တစ်ပြိုင်တည်းပေးနိုင်ခဲ့ခြင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ဒဟတ်ကန်ကျေးရွာ၊ ဒဟတ်စီးကျေးရွာ၊ မှန်တောကျေးရွာများအား လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ခြင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကန်ပေါက်အရှေ့ကျေးရွာနှင့် ကန်ပေါက်အနောက်ကျေးရွာတို့တွင် လျှပ်စစ်မီးပေးနိုင်ခဲ့ရာ တစ်ပတ်အတွင်း ကျေးရွာရှစ်ရွာအား နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ကြောင်း လျှပ်စစ်မန်နေဂျာ ဦးဝင်းလွင်က ပြောသည်။

ညောင်ဦးမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ စက်တင်ဘာ ၂၀ ရက်ထိ ကျေးရွာ ၁၃၃ ရွာအား နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများမီးလင်းရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေကျပ် သန်း ၁၅၈၀ ကျော် ကျခံသုံးစွဲလျက်ရှိကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းလွင်ထံမှ သိရသည်။ **ကိုထိန်(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာ၌ မိရိုးဖလာဝါးနှီးဖြင့်ရက်လုပ်သော ခမောက်ရက်လုပ်ငန်းဖြင့် မိသားစုပံ့မှန်ဝင်ငွေရရှိ

**ဝန်းသို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် တောင်သူလယ်ယာလုပ်ငန်းအပြင် မိရိုးဖလာဝါးနှီးဖြင့်ရက်လုပ်သော ခမောက်ရက်လုပ်ငန်းကို မိမိတို့အိမ်တွင် တစ်ပိုင်တစ်နိုင်ပြုလုပ်လျက်ရှိရာ မိသားစုပံ့မှန်ဝင်ငွေများ ရရှိသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ခမောက်တစ်လုံးရက်လုပ်ဖို့ဆိုရင် တင်းဝါးတစ်လုံးကို ငွေကျပ် ၅၀၀ နဲ့ ဝယ်ပြီး အရင်ဆုံးရေစိမ်ရပါတယ်။ ရေစိမ်ပြီးရင် နှီးဖြာရပါတယ်။ ဖြာပြီးတဲ့ နှီးကိုမှ ခမောက်ရက်ရပါတယ်။ နှီးဖြာပြီးသားဆိုရင်တော့ တစ်ရက်ကို တစ်လုံးရပါတယ်။ နှီးဖြာပြီးသား မရှိရင်တော့ နှစ်ရက်မှ တစ်လုံးပဲရပါတယ်။ ခမောက်ကတော့ အစောက်၊ အပြန့်ဆိုပြီး နှစ်မျိုးရက်ပါတယ်။ ရက်ပြီးသား ခမောက်တွေကိုတော့ အိမ်မှာတင် တစ်လုံးကို ငွေကျပ် ၅၀၀၊ ငွေကျပ် ၁၃၀၀ နဲ့ ရောင်းရပါတယ်။ အခုလိုအိမ်မှာ တစ်ပိုင်တစ်နိုင် လုပ်ငန်းကို လုပ်ကိုင်နေရတဲ့အတွက် မိသားစုအတွက် အဆင်ပြေပါတယ်" ဟု ခပ်ချိုကျေးရွာမှ မသန္တာဌေးက ပြောကြားသည်။

"ကျွန်မကတော့ ကျေးရွာက ရက်လုပ်တဲ့ ခမောက်ကုန်ကြမ်းတွေကို ဝယ်တယ်။ ဝယ်ပြီး ခမောက်တွေကို ဆေးသုတ်၊ ဆေးခြယ်ပြုလုပ်ပြီးတော့ တစ်ဆင့်ပြန်ရောင်းတဲ့ လုပ်ငန်းကိုလုပ်ပါတယ်၊ ခမောက်အချပ် တစ်ရာ စီတန်းပြီးတော့ နန့်စီးအောင်၊ မော်လူး၊ ကသာ၊ မိုးညှင်း၊ မြစ်ကြီးနား၊ ဟိုပင် အစရှိတဲ့မြို့တွေကိုပို့ပါတယ်။ ခမောက်ရေအချပ် ၁၀၀ တန်းကို ငွေကျပ် ၁၀၀၀၀ လောက် ကိုယ့်အတွက် ကျန်ပါတယ်။ အခုအချိန်က ကိုဗစ်-၁၉ ရောဂါကာလဆိုတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ ပို့ရတဲ့အခက်အခဲရှိပါတယ်"ဟု ခပ်ချိုကျေးရွာမှ တစ်ပိုင်တစ်နိုင် ခမောက်ရောင်းဝယ်သူ ဒေါ်ရီစိန်က ပြောကြားသည်။

ခပ်ချိုကျေးရွာတွင် အိမ်ခြေ ၉၄လုံး၊ လူဦးရေ ၄၇၀ကျော် နေထိုင်လျက်ရှိပြီး ခမောက်ရက်လုပ်ငန်း၊ ဖျာရက်လုပ်ငန်း စသည့်လုပ်ငန်းများကို တစ်ရွာလုံးနီးပါး တစ်ပိုင်တစ်နိုင်လုပ်ကိုင်၍ မိသားစုပံ့မှန်ဝင်ငွေရရှိအောင် ဖော်ဆောင်လျက်ရှိသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (One Village One Product) စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ **ကျော်မြိုင်(ပြန်/ဆက်)**



# လွှမ်းလေ စေရ စေရ ဟိုမြိုင်လယ်မှာ သည်မြိုင်လယ်မှာ

**ဆူးငှက်**

''ဇော်လာပါတယ် ဖေတို့မောင်တို့
ဂျီလာပါတယ် ဖေတို့မောင်တို့
တောင်ဇေ့းထောက်လို့ တောင်မြောက်မျှော်
ဇော်ဂျီပါရင် ကျုပ်တို့ပါပဲ။
ဆေးတောင်ဇေ့းတဲ့ နုဆေးလေ
မြစိမ်းတောင်ခြေ ထိုးတဲ့အင်္ဂ
ရွှေမရှားပါလို့ ပြဒါးသေ...
မြစိမ်းတောင်ခြေ ထိုးတဲ့အင်္ဂ...''

လမ်းပေါ်တွင် ဇော်တိုင်သံက လွင့်ပျံနေ၏။

**မြန်မာ့ရုပ်သေးကို လေ့လာဖို့**

ရုပ်သေးပွဲ၏ ဇော်တိုင်သံက ဘုရားပွဲမှာမဟုတ်။ ကန်သင်းရိုးက ရုပ်သေးစင်မှာမဟုတ်။ မန္တလေးက အရှေ့ကျုံးထောင့်ထိပ်အနီးရှိ ဆိုလာမီးရောင် ဖြန့်ခင်းထားသော နိုင်လွန်ကတ္တရာလမ်းဘေးက မီနီသီရေတာမှာဖြစ်သည်။ သည်နေရာမှာ မန္တလေးရုပ်စုံသဘင်ဟူသော အမည်ဖြင့် ရုပ်သေးကပွဲကို ညစဉ် ကပြဖျော်ဖြေခဲ့သည်။ နိုင်ငံခြားသား ခရီးသည်အများစုက လာရောက်အားပေးကြ၏။ ရုပ်သေးပွဲက မြန်မာ ဆိုင်းသံ၊ ဗုံသံများဖြင့် ခုနစ်သံချီ အပျိုတော်အက...၊ မြိုင်ထနှစ်ပါးသွား၊ ဇော်ချင်းများ ကြားနေရသည်။ နာမည်ကျော်မန္တလေးရုပ်စုံ သဘင်အဖွဲ့ကို ဆရာဂုဏ်ထူးဦးသိန်းနိုင်၏ သမီးဒေါ်မမနိုင်က ၁၉၉၀ ပြည့်နှစ်မှစ၍ တည်ထောင်ထားပြီး မြန်မာ့ဝါးများဖြင့် ဇာတ်ရုံငယ်ကို စနစ်တကျ တည်ဆောက်ထားကာ 'ရုပ်သေးပွဲ'ကို ကပြခဲ့ခြင်းဖြစ်သည်။ အခုတော့ ဆရာမဒေါ်မမနိုင်၏ မန္တလေးရုပ်စုံက ပိုမိုအကွက်အကွင်းကောင်းသည့် မန္တလေးတောင်ခြေသို့ တိုးချဲ့ပြောင်းရွှေ့ထားသည်။ မန္တလေးရုပ်စုံသဘင်က နိုင်ငံခြားသားများကို မြန်မာ့ရုပ်သေးပညာပြသဖို့ အဓိက ရည်ရွယ်ထားပုံရ၏။ မြန်မာ့ရုပ်သေးကို သည်နေရာမှာလေ့လာနိုင်ပါသည်။ ခံစားနိုင်ပါသည်။

**မြန်မာရုပ်သေးစင်မှ ဇော်ဂျီရုပ်**

နိုင်ငံခြားသားများကမြန်မာရုပ်သေးတွင်ဇော်ဂျီရုပ်ကို သဘောကျကြသည်။ ဇော်ဂျီရုပ်က ကပြာန်များသလောက် မင်းသားရုပ်များလို ကကြိုးအများအပြားမပါရှိ...။ ကြိုးအနည်းငယ်ကိုသာသုံး၍ ကပြာန်မျိုးစုံခွဲခြားကပြရသောကြောင့် ခက်ခဲသည်။ ထို့ပြင် ဇော်ဂျီရုပ်က သိုရင်းအင်္ကျီဖားလျား...၊ ခါးတောင်းကျိုက်နှင့် ဖြစ်ကာ အပေါ်သို့ ခုန်ကြွမြောက်ပျံရသည်။ တောင်ဇေ့းပေါ်တွင် အုန်းပင်စိုက်ရသည်။ တစ်ပတ်ကျွမ်း၊ ကြောင်လိမ်ကျွမ်းခုန်ရသည်။ ထိုအခါ ကြိုးဆွဲလက်က ကျွမ်းကျင်စွာဖြင့် တစ်ဖက်အောက်ကလွတ်သော ကြိုးစကို တစ်ဖက်မှ ပြန်ကျော်ကာ ပြန်ကောက်ဖမ်းရသည်။ ကျွမ်းလိုမ့်ရာ၌ အသွားအကွက်နှင့် အပြန်အကွက် ထပ်တူကျစေသဖြင့် ရှုပ်ပြီး ကြိုးကို အလိုက်သင့် ပြန်ပြီးပြေစေရသည်။ ဆိုင်းချက်ကျစွာ လျင်လျင်မြန်မြန် ကပြရသဖြင့် ကြိုးဆွဲသူမှာလည်း ပင်ပန်းလှ၏။ မြန်မာရုပ်သေးစင်မှ ဇော်ဂျီရုပ်သည် အဘိဓမ္မာရုပ်၊ ဝိဇ္ဇာရရုပ် သုံးပါးအနက် လဟုတာရုပ်ဖြစ်ပါသည်။

**အတော်ဆုံး ကြိုးဆွဲ**

အချို့သော ရုပ်သေးများသည် ဇော်ဂျီရုပ်ကို ''ကောင်းချီး သင်္ခါ'' ယိုးဒယားဖြင့် ခပ်လေးလေးထွက်တတ်ကြပါသည်။ ဇော်ရုပ်ကို ကြိုးဆွဲကျွမ်းကျင်သော မင်းသားကြိုးဆွဲကြီးများသာ ကိုင်လေ့ရှိပါသည်။ ဇော်ရုပ်ဆွဲနိုင်သူက အတော်ဆုံး ကြိုးဆွဲဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ဇော်ဆွဲသည် 'လူပေါ် လူဇော်' စသည်ဖြင့် ကျွမ်းကျင်ထူးခြားမှုကို တင်စားသုံးနှုန်းကြသည်။ ရုပ်သေးတွင် ဇော်ကကိုကြည့်၍ မင်းသားကြိုးဆွဲကောင်းမည် မကောင်းမည်ကို အကဲခတ်ကြသလို နဲ့နှင့်ပတ်မထိန်း အစွမ်းကိုလည်း ဇော်တီးကွက်တွင် အကဲခတ်ကြပါသည်။ တချို့ရုပ်သေးများက ဇော်ဂျီကို နှစ်မျိုးနှစ်စားခွဲခြားထားသည်။ အနုအယဉ်သိမ်မွေ့စွာ ကသော နန်းဇော်နှင့် ကြမ်းတမ်းပေ့ါပါးစွာ ကသော တောဇော်ဟူ၍ ဖြစ်သည်။ ဇော်စထွက်လျှင် ''ဇော်လာတယ်ဟေ့၊ ဘယ်ကဇော်လဲလို့ သူငယ်ချင်းက ပြောလိုက်စမ်းပါ'' ဟု ဆိုင်းနောက်ထက အသံခံလိုက်သောအခါ... ''မန်းပေါ်ကနက် ...၊ စန်းပေါ်တက်ခဲ့တော့...၊ နန်း...တော်ထွက်ဇော်'' ဟု အစချီပြီး မည်သူမည်ဝါ၏ စင်မှ ဇော်ဖြစ်ကြောင်း တစ်ယောက်ပြန်ပြော၏။

**ဇော်ရုပ်ကို ကြိုးဆွဲကျွမ်းကျင်သော မင်းသားကြိုးဆွဲကြီးများသာ ကိုင်လေ့ရှိပါသည်။ ဇော်ရုပ်ဆွဲနိုင်သူက အတော်ဆုံးကြိုးဆွဲဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ဇော်ဆွဲသည် 'လူပေါ် လူဇော်' စသည်ဖြင့် ကျွမ်းကျင်ထူးခြားမှုကို တင်စားသုံးနှုန်းကြသည်။ ရုပ်သေးတွင် ဇော်ကကိုကြည့်၍ မင်းသားကြိုးဆွဲကောင်းမည် မကောင်းမည်ကို အကဲခတ်ကြ . . .**

''လွှမ်းလေ စေရ စေရ ဟိုမြိုင်လယ်မှာ သည်မြိုင်လယ်မှာ စပယ်ကို ထားဝယ်ခပါလို့ (ဒေါ်လေလေ နက၊ နက)၂၊ ဒေါနက သင်းတယ်၊ သင်းတယ် သင်းတယ်လေ...'' ဟူသော ဇော်ချင်းကို သီဆိုကြသည်။ 'ဇော်ဆိုဇော်ချင်း၊ ဇော်ချင်းပပြိုင်ဘက်ကွာ၊ ဇော်တကာ့တွင်ခေါင်ကချုပ်တယ်၊ ဂျီတကာတွင် ခေါင်ကချုပ်တယ်၊ ဂိုဏ်းအုပ်မဲ့လာ' တဲ့။ ဇော်ကို သိမ်းသည့်အခါ ဆိုင်းက လေးခင်းနှင့် ပတ်ရင်းနာနာမွှေ့၍ ဗိန်းမောင်းအဆုံးသတ်တွင် ဇော်ရုပ်ကို ခပ်သွက်သွက် လှည့်ပတ်ခုန်ပေါက်ပြီး ထွက်ရပ်ပေါက်သွားသည့် ဟန်ဖြင့် လက်တန်းပေါ်က ရုတ်ခနဲ ခုန်ကျော်ဝင်သွားဟန် သပ်ရပ်စွာ အဆုံးသတ်ကြသည်။

**သကျသီဟဘုရားပွဲမှာ ကြည့်ရသည့် ရုပ်သေးပွဲ**

ကျွန်တော့် အသက်အရွယ်တန်းမှာကိုပဲ ရုပ်သေးကို ကောင်းကောင်း မမှတ်မိတော့...၊ သကျသီဟ ဘုရားပွဲမှာ...၊ ဝါးတန်းကထိန်မှာ ရုပ်သေးပွဲ ကြည့်ဖူးတဲ့ ပုံရိပ်တွေက ခပ်ဝါးဝါး...၊ သကျသီဟဘုရားပွဲမှာက အခုဗန္ဓုလ ဓမ္မာရုံကြီးနား စနေထောင့်မှာ ရုပ်သေးစင်အမြဲပါသည်။ သကျသီဟဘုရားပွဲမှာ ကြည့်ရသည့် ရုပ်သေးပွဲကတော့ ပထမပိုင်း ဟိမဝန္တာခန်းလောက်ပဲဖြစ်မှာပေ့ါ။ ဟိမဝန္တာခန်းကြည့်အပြီး ဘုရားကို တစ်ပတ်ပတ်၊ အငြိမ့်များကို ငေးမောပြီး ရုပ်သေးစင်ဆီ ပြန်ရောက်သောအခါ ပြဇာတ်ထွက်နေပြီဖြစ်၏။ ရုပ်သေးပြဇာတ်မင်းသားက ဘောင်းဘီရှည်ဝတ်၊ ဖော့ဦးထုပ်ဆောင်းကာ သေနတ်ခါးကြား ထိုးထားသည်။ ရုပ်သေးမင်းသမီးက ဘဲလ်လက်အင်္ကျီနှင့် ဆံထုံးနှင့်...။ ပြဇာတ်မင်းသားသည် သေနတ်တဒိုင်းဒိုင်းဖောက်ကာ မင်းသမီးကို ဂျစ်ကားပေါ်တင်ပြီး မောင်းပြေးသွား၏။ ကျွန်တော်တို့သည် ခဏတစ်ဖြုတ်ရပ်ကြည့်ပြီး ပြန်လာကြသည်။



ရုပ်သေးသဘင်

**ဝါးတန်းကထိန်မှာ ကြည့်ရသည့် ရုပ်သေး**

ဝါးတန်းကထိန်မှာ ကြည့်ရသည့် ရုပ်သေးက ၂၉လမ်းနှင့် ၈၅ လမ်းထောင့်မှာ ဖြစ်သည်။ အိမ်နှင့် မလှမ်းမကမ်းမို့ ''ဒီနေ့ည ရုပ်သေးကို အပြီးထိကြည့်မှာ''ဟု အမေ့ကို ပူဆာထား၍ အမေက အင်္ကျီအထပ်ထပ်ဝတ်...၊ တဘက်ခေါင်းပေါင်းပြီး လိုက်ပို့သည်။ တန်ဆောင်မုန်း၏ အအေးဓာတ်က အစွမ်းပြသည့် ညများလည်းဖြစ်ချေ၏။ ကျွန်တော်က မြင်းထွက်၊ ဘီလူးထွက်၊ မျောက်ထွက်သည့် ဟိမဝန္တာခန်းကို သဘောကျနေသည်။ ရုပ်သေးပွဲမှာတီးနေသည့် ဆိုင်းကလည်း အိမ်နားက ရွာစားစိန်ဘကျွဲဆိုင်း...။ ဆိုင်းက လင်းကွင်းကြီးခြိမ်းခနဲ ခြိမ်းခနဲတီး...။ မောင်းကြီးတဒူဒူနှင့် ပတ်မကြီး တထိထိကိုပင် အထူးအဆန်း အံ့အားသင့်နေသည်။ ပြဇာတ်လည်းပါ၏။ သို့သော် မမှတ်မိ...။ နှစ်ပါးသွား စခန်းချနှင့် မြိုင်ထကို သဘောကျသည်။ ပြီးတော့ နောက်ပိုင်းဇာတ်ထုပ်ကြီး...။ ရုပ်သေးမင်းသားရုပ်လေးက သျှောင်တစောင်းထုံးပြီး ထွက်လာတာ။ အပူတိုက်မှာ ဆံပင်ကိုဖြန့်ပြီး ခေါင်းလေးစောင်းကာ စောင်းကာ ငိုချင်းချတာ...၊ ဒါပဲ မှတ်မိပါ၏။ ဘာဇာတ်တော်ကြီးလဲမသိ...။ အမေက ကျွန်တော့်ကို ရင်ခွင်ထဲထည့် တဘက်ထူကြီးဖြင့် ပွေ့ပိုက်ထားကာ ရုပ်သေးမပြီးမချင်း ပြခဲ့ဖူးပါသည်။ ကျွန်တော်ရုပ်သေးပွဲ ကြည့်ဖူးတာ ဒါပဲဖြစ်ပါသည်။

ဘယ့်နှယ် ကိုဗစ်ရောဂါကပ်ဘေးကြောင့် မန္တလေး၏ နာမည်ကျော် ဘုရားပွဲများပင် ပွဲလမ်းနှင့် မကျင်းပဖြစ်တော့သည့် ကာလမှာ အိမ်တွင်းပုန်းနေရင်း လွန်ခဲ့သော နှစ် ၄၀ ကျော်က ရုပ်သေးပွဲတွေ လွှမ်းနေမိပါလိမ့်။ ။

---

## ကျောက်ဆည်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း ၇၅၀၀ အခမဲ့ ဖြန့်ဝေ

**ကျောက်ဆည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် အစိုးရနည်းပညာကျောင်း၊ အေးမြကြည်လင်ဈေးနှင့် မြို့ပတ်လမ်းဆုံတို့တွင် ယနေ့ နံနက် ၇ နာရီက ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း ၇၅၀၀ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့ Clean and Green လူမှုရေးအသင်းဥက္ကဋ္ဌ ဦးဝင်းဦးနှင့် အဖွဲ့ဝင်များက လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် လက်သန့်ဆေးရည်များဖြင့် လက်များသန့်စင်စေခြင်းနှင့် အတတ်နိုင်ဆုံး နေအိမ်အပြင်မထွက်ကြရန်၊ အပြင်မှပြန်လာတိုင်း လက်များကို စင်ကြယ်စွာဆေးကြောရန်၊ အသုံးပြုပြီးသော နှာခေါင်းစည်းများကို နေအိမ်အပြင်ရှိ အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ရန်၊ နှာခေါင်းစည်းများအသုံးပြုရာတွင် နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံစွာ စနစ်တကျဝတ်ဆင်စေရေး စသည့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ထုတ်ပြန်ချက်များအား ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အသံချဲ့စက်များဖြင့် နေ့စဉ် နှိုးဆော် အသိပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်**

**(ပြန်/ဆက်)**

## CERP ဖြင့်စိုက်ပျိုးထားသောစိုက်ခင်းများအား မျိုးကွဲနုတ်ပယ်ခြင်းနှင့် မြေဩဇာထည့်ခြင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မောက်မယ်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါကာလအတွင်း စီးပွားရေး ကုစားမှုဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူဒေါ်နန်း သန်းသန်းဌေး၏ လယ်ကွင်းတွင် COVID-19 Economic Relief Plan (CERP)အစီအစဉ်ဖြင့် စိုက်ပျိုးထားသော မိုးစပါး Rs to Cs မျိုးသန့်ပွား၊ မျိုးစေ့ထုတ်စိုက်ခင်းများအား ဖြစ်ထွန်း အောင်မြင်မှုရှိစေရန်အတွက် အပင်သက်တမ်းအလိုက်ထည့်သွင်းရမည့် မြေဩဇာထည့်သွင်းမှုနည်းစနစ်များအား ပညာပေးလုပ်နန်းလုပ်ကိုင်ဆောင်ရွက်ပြသခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်က ဦးဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။



ထိုသို့ပထမအကြိမ်မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းနုတ်ခြင်း၊ တမန်းနှိုးခြင်းနှင့် ဒုတိယအကြိမ် မြေဩဇာထည့်သွင်းဆောင်ရွက်ပေးခြင်းအားဖြင့် အပင်သန်စွမ်းပြီး စပါးအထွက်နှုန်းတိုးသည့်အတွက် တောင်သူများထံမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို သုံးကြိမ်ဆောင်ရွက်ရမည်ဖြစ်ရာ ဒုတိယနှင့် တတိယအကြိမ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်၏ ပြောကြားချက်အရ သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



## ဂန့်ဂေါမြို့နယ်၌ စပါးမျိုးသန့်ရရှိရေးဆောင်ရွက်

**ဂန့်ဂေါ စက်တင်ဘာ ၂၀**

ဂန့်ဂေါမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ဆင်းသုခစပါးမျိုးကို မျိုးသန့်မျိုးပွားမျိုးစေ့(R.S)မှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့(C.S)အဖြစ် မျိုးစေ့ထုတ်လုပ်မည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၄၆၀ ကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး မျိုးစေ့ထုတ်စိုက်ခင်းအားလုံးမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ ရရှိရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စီးပွားဖြစ် မျိုးသန့်မျိုးစေ့တွေရဖို့အတွက် စပါးပင် အပင်ပွားစည်းချိန်၊ ပန်းပွင့်ချိန်နဲ့ စပါးနှံများ ရင့်မှည့်ချိန်ကာလတွေမှာ မျိုးကွဲနုတ်ပယ်တဲ့လုပ်ငန်းကို မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ စပါးပင်သက်တမ်းတစ်လျှောက် စိုက်ခင်းကို အမြဲမျက်ခြည်မပြတ် ကွင်းဆင်းစစ်ဆေးပြီး မျိုးကွဲအပင်၊ ကောက်လေပင်၊ မြက်သီးနှင့် ဆန်နီ စပါးရိုင်းပင်တွေကို တွေ့တာနဲ့ချက်ချင်း နုတ်ပယ်ပစ်ဖို့ တောင်သူတွေကို ပညာပေးဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကြက်ရိုးကျေးရွာ၊ မောလယ်ကျေးရွာ၊ ဇာဟောကျေးရွာနှင့် လုံဟောကျေးရွာတို့ရှိ ဆင်းသုခစပါး မျိုးစေ့ထုတ်စိုက်ခင်းများတွင် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်းနှင့် နှမ်းခါး၊ ကန်၊ တောင်ယာပြင်ကျေးရွာများရှိ စပါးစိုက်ခင်းများတွင်လည်း ပထမအကြိမ် မျိုးကွဲနုတ်ပယ်ပြီးဖြစ်ကာ ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်နည်းများကို လက်တွေ့ပြသ သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်သန်းဆွေ**

## မန္တလေးတိုင်းဒေသကြီးရှိ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ ၂၇၀၉ ဦး၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ဧက ၉၃၈၇ ဧကအတွက် ငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော်အား မျိုးစေ့ထုတ်တောင်သူများထံ အရောက်ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအတွင်းက မျိုးစေ့ထုတ် တောင်သူတွေကို ဩဂုတ်လကစတင်ပြီး လှည့်လည် ထောက်ပံ့ပေးခဲ့ပါတယ်။ ယခုအခါမှာတော့ တောင်သူများထံအပြီး ထောက်ပံ့ပေးနိုင်ခဲ့ပါပြီ။ တိုင်းဒေသကြီးအတွင်းက မိုးစပါးမျိုးစေ့ထုတ် စိုက်ဧက ၉၃၈၇ ဧကအတွက် တောင်သူများကို ထောက်ပံ့ငွေကျပ် ၁၄၀၅၁၇၁၂၅၀ ကို အပြီးသတ် ထောက်ပံ့ပေးအပ်ပြီးပါပြီ" ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောကြားသည်။

ကိုဗစ်-၁၉ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား အရည်အသွေးကောင်း မျိုးစေ့ထုတ်စိုက်ဧကတစ်ဧကလျှင် ငွေကျပ် ၁၅၀၅၀၀နှုန်း၊ အထွက်ကောင်း မျိုးစေ့ထုတ် စိုက်ဧကတစ်ဧကလျှင် ငွေကျပ် ၁၄၈၅၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မိုးစပါးမျိုးစေ့ထုတ် စိုက်ဧက တစ်သိန်းအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရပြီး မန္တလေးတိုင်းဒေသကြီးတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ဧက ၉၃၈၇ ဧကအတွက် တောင်သူများထံ ထောက်ပံ့ငွေများ အပြီးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဆည်တော်ကြီးရေဖြင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးမြို့ အမရပူရမြို့နယ်၌ ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သောရေဖြင့် မိုးစပါးဧက ၁၁၆၅၀ လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်နီးပါးစိုက်ပျိုးပြီးစီးကာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးစပါးပျိုးထောင်ခြင်းလုပ်ငန်းကို ဇူလလိုင်တွင် ပြုလုပ်ကာ ဩဂုတ်လဆန်းပိုင်းမှ စတင်၍ လယ်စိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် ရောမင်းစပါးမျိုးများကို အများစု စိုက်ပျိုးကြကြောင်း စပါးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



မန္တလေးမြို့ အမရပူရမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်မြေများ မြေယာအသုံးချမှုစာရင်းအရ ၅၁၂၆၈ ဧကရှိကြောင်း၊ ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သောရေဖြင့် မိုးစပါးဧက ၁၁၆၅၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးမှုတွင် မျိုးစေ့ထုတ်ဧကပေါင်း ၇၄၀ စိုက်ပျိုးခဲ့ပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် စိုက်ပျိုးသော မျိုးစေ့ထုတ်စိုက်ခင်း တစ်ဧကလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၅၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

### ပူးပေါင်းဆောင်ရွက်

ပြီးခဲ့သည့်နွေရာသီက နွေစပါးစိုက်ဧက ၇၄၈၀ နှင့် နှမ်း ဧက ၄၈၀၀ ကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် စပါးတင်း ၁၀၀ ကျော် ထွက်ရှိခဲ့ကြောင်း၊ လက်ရှိကာလ မိုးစပါးစိုက်ပျိုးမှုတွင် မျိုးကောင်း မျိုးသန့်များ တောင်သူလက်ဝယ်ရောက်ရှိရေး၊ ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက် ကူညီပေးလျက်ရှိကြောင်း၊ အမရပူရမြို့နယ်အတွင်းတွင် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းကာ အထွက်တိုးရန်အတွက် ဒေါင်းရွေးနည်းပညာပေးစင်တာ၊ နတ်ရေကန်နည်းပညာပေးစင်တာ၊ တမုဆိုးနည်းပညာပေးစင်တာ၊ ဆင်ရှာမြင်းမူးနည်းပညာပေးစင်တာများအဖြစ် နည်းပညာပေးစင်တာ လေးခုထားရှိဆောင်ရွက်လျက်ရှိရာ တောင်သူများကလည်း စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**



## မြို့သစ်မြို့ရှိ မိုးစပါးစိုက်ခင်းများ၌ ပိုးကျရောက်မှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မြို့သစ် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ ကဘော်ဒေသအထက်ပိုင်းရှိ ကျေးရွာအချို့တွင် မိုးစပါးစိုက်ခင်းများအတွင်း ပိုးရောဂါကျရောက်မှုအား စက်တင်ဘာ ၁၉ ရက်က တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်သန်းဌေး၊ ခရိုင်မြေအသုံးချတာဝန်ခံ ဦးမျိုးနိုင်၊ ခရိုင်ပိုးမွှားရောဂါမှဒု-ဦးစီးမှူး ဦးကိုကိုသူရိန်စိုး၊တမူးမြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဆန်းဦး၊ မြို့သစ်မြို့စိုက်ပျိုးရေးဦးစီးမှူးဦးမြင့်ကိုကိုနှင့် စိုက်ပျိုးရေးဝန်ထမ်းများက မြို့သစ်မြို့ ကဘော်ဒေသအထက်ပိုင်းရှိ သနန်ကျေးရွာ၊ ဖိုင်လင်းကျေးရွာနှင့်ဦးအောင်ဇေယျကျေးရွာတို့တွင် မိုးစပါး စိုက်ခင်းများ၌ ပိုးရောဂါကျရောက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံကာ နည်းပညာပေးဆွေးနွေးခြင်းတို့ပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သိရှိလိုသည်များမေးမြန်းနိုင်ရန် call center ဖုန်းလိပ်စာကတ်တို့ကိုလည်း ပေးဝေခဲ့သည်။

မြို့သစ်မြို့ ကဘော်ဒေသအထက်ပိုင်းဖြစ်သည့် သနန်ကျေးရွာနှင့် ဖိုင်လင်းကျေးရွာတွင် စပါးရွက်ခြောက်ရောဂါ၊ ဦးအောင်ဇေယျကျေးရွာတွင် စပါးဂုတ်ကျိုးရောဂါဖြစ်ပွားသည်ဟုသိရှိရပြီး မိုးရွာသွန်းမှုအနေဖြင့် ရက်သတ္တနှစ်ပတ်ခန့် မိုးမရွာသဖြင့် ရေမရရှိဘဲ ပေါင်းပင်များထပြီး စပါးပင်ဖြစ်ထွန်းမှု အားနည်းကာ ရောဂါဖြစ်ပွားရခြင်းဖြစ်ကြောင်း မြို့သစ်မြို့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းမင်းအောင်**

**(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်း၌ အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Quarantine Centre ကို သိမ်ဖြူလက်ဖ္ဖေ့ရုံတွင် ဆောင်ရွက်ထားရှိရာအဆိုပါကန့်သတ်စောင့်ကြည့်စခန်းတွင် နေထိုင်သူများနေ့စဉ်စားသောက်ရေးနှင့် အခြားလိုအပ်သည်များတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များနှင့် အလှူရှင်များစုပေါင်းကာ အလှူငွေလှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲ၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များ၏ ကိုယ်စား(၁၂၂)လမ်း သာရေးနာရေးအသင်းမှ တာဝန်ရှိသူ ဦးဝင်းဇော်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရန်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာမြင့်တို့ကကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ရွှေထူးစားသောက်ဆိုင်မှ ငွေကျပ်သိန်း ၁၀၀၊ (၁၂၂) လမ်း လမ်းသာယာရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်း၊ ဘိုဘိုကားပစ္စည်းဆိုင်မှ ငွေကျပ် ၁၀ သိန်း၊ Pro 1 အရောင်းစင်တာ (စက်ဆန်း) မှ ငွေကျပ် ၁၀ သိန်း၊ (၁၂၂) လမ်းသာရေးနာရေးအသင်းမှ ငွေကျပ်ငါးသိန်း၊ မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းမှ ငွေကျပ်ငါးသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ငွေကျပ်လေးသိန်း၊ ပုသိမ်ညွန့်ရပ်ကွက်ပရဟိတအသင်းမှ ငွေကျပ်သုံးသိန်း၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ငွေကျပ်သုံးသိန်းနှင့် ဦးစန်းအေး (ကန်ရှေ့ရပ်ကွက်) မှ ငွေကျပ်တစ်သိန်းစုစုပေါင်း ၁၅၁ သိန်းကို စုပေါင်းလှူဒါန်းရာ မြို့နယ်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝယ်ယူရန် အလှူငွေများ လာရောက်လှူဒါန်း

**ကောလင်း စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးတွင် အသုံးပြုရန် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝယ်ယူရန်အတွက် အလှူငွေများကို စက်တင်ဘာ ၁၈ ရက်တွင် စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ကိုဗစ်-ရောဂါကာကွယ် ထိန်းချုပ်ရေးအထောက်အကူပြုကော်မတီမှတာဝန်ရှိသူများကလက်ခံရယူခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်လှူဒါန်းရာတွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံဝယ်ယူနိုင်ရန်အတွက် ဦးမြင့်ထူးနှင့် ဇနီးဒေါ်ဝင်းမေ (KT ကြက်စာနှင့်ကြက်ပေါက်ရောင်းဝယ်ရေးမိသားစု)မှ ငွေကျပ် ၂၀၀၀၀၀၊ ကိုနောင်နောင်နှင့် ဇနီးမဆွေဆွေထွန်း (KT ကြက်ပေါက်နှင့်ကြက်စာရောင်းဝယ်ရေး)မှ ငွေကျပ် ၂၀၀၀၀၊ ဦးကျော်မိုး (ပန်းရန်)နှင့် ဇနီးဒေါ်ရှမ်းမ မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးထိန်မင်း(ဗိသုကာ)နှင့် ဇနီး ဒေါ်ခင်သိန်းဝင်းမိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးသိန်းထူး(ပန်းရန်)နှင့် ဇနီး ဒေါ်အမာကြည် မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးအောင်အောင်(စတီးသံပန်း)နှင့် ဇနီးဒေါ်ယဉ်မင်းထွေးမိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးမိုးကျော်(ပန်းရန်)နှင့် ဇနီး ဒေါ်နှင်းခိုင် မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးမိုးနိုင်(ဘောဂ)နှင့် ဇနီးဒေါ်အိအိဝင်း မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးအောင်မျိုး(ပန်းရံ)နှင့် ဇနီးဒေါ်ခင်စန်းဝင်းမိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးခင်မောင်ထွေးနှင့် ဇနီးဒေါ်ရွှေကျင်(ကုန်မာဆိုင်)မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဦးအောင်ဆန်းမိသားစု(ဖားကန့် )မှ ငွေကျပ် ၁၀၀၀၀၊ ဦးဇော်နိုင်ဝင်း (ကွမ်းယာ)မိသားစုမှ ငွေကျပ် ၁၀၀၀၀၊ ဦးဂွတို(ဒုတ်ထိုး) မိသားစုမှ ငွေကျပ် ၁၀၀၀၀၊ ဦးသောင်းဟန်နှင့် ဇနီးဒေါ်ခင်လှ မိသားစုမှ ငွေကျပ် ၂၀၀၀၀၊ ဒေါ်ရီရီမွန် မိသားစုမှ ငွေကျပ် ၅၀၀၀၀တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

ကောလင်းမြို့ပေါ်နှင့် ကျေးရွာများရှိ ကန့်သတ်စောင့်ကြည့်စခန်းတွင် အမျိုးသား ၄၀၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၈၃ ဦးရှိပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လေရှီးမြို့နယ်၌ ကိုဗစ် - ၁၉ရောဂါ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၁၃ ရွာ၌ စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်ပြီးစီး

**လေရှီး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ် -၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများဝင်ငွေရရှိရေး စီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ပြောကြားသည်။

အဆိုပါစီမံကိန်းကို ကျေးရွာ ၁၃ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသခံများဝင်ငွေရရှိရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် ရေမြောင်းဖော်ခြင်း၊ စိုက်ပျိုးမြေများရှင်းလင်းခြင်းနှင့် လမ်းသစ်များဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကျေးရွာများမှာ အောင်ဇေယျကျေးရွာ၊ ငကျန်ကျေးရွာ၊ ထဝိုင်ကျေးရွာ၊ ဆုံကင်းကျေးရွာ၊ ကူကီးရွာမကျေးရွာ၊ ရော်ပါးမီကျေးရွာ၊ ကျဲကော့ကျေးရွာ၊ မွန်းကိုင်လင်ကျေးရွာ၊ အမိမီကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ ဂျီချဲခါးကျေးရွာ၊ ဘုံဘားကျေးရွာနှင့် ဖွန်သရက်ကျေးရွာတို့တွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၇၁၃ အိမ်၊ လူဦးရေ ၃၇၆၆ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်မှ စေတနာသွေးလှူရှင်များ လာရောက်လှူဒါန်းရန်ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၀**

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် နေ့စဉ် သွေးပုလင်း အလုံးရေ ၁၀၀ ကျော်လိုအပ်လျက်ရှိရာ စေတနာ သွေးလှူရှင်များ လာရောက်လှူဒါန်းကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သည် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့်လူနာများအတွက် လိုအပ်နေသည့်သွေးများကို အဓိကထောက်ပံ့ပေးလျက်ရှိပြီး ယခင်က ဆေးရုံကြီးအတွက် လိုအပ်သည့်သွေးများကို သွေးလှူရှင်များထံမှ စုဆောင်းရရှိသော်လည်း ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် လာရောက်လှူဒါန်းမှုနည်းပါးခြင်းကြောင့် နေ့စဉ်သွေးလိုအပ်ချက်ပြည့်မီစေရန် သွေးလှူရှင်များလိုအပ်နေကြောင်း သိရသည်။

သွေးအသုံးပြုမှုအနေဖြင့် လစဉ်သွေးပုလင်းအလုံးရေ ၃၅၀၀ မှ ၄၀၀၀ ကြားရှိပြီး နေ့စဉ်တစ်ရက်တာသွေးအလှူရှင် ၁၀၀ ကျော်လိုအပ်နေကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး (ရောဂါဗေဒဌာန) လက်ထောက်ဆရာဝန် ဒေါက်တာစုလှိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

"နေ့စဉ်လူနာ ၇၀ နဲ့ ၁၀၀ ကြား သွေးထောက်ပံ့နေရတယ်။ သွေးအလှူရှင်က ၇၀ ဝန်းကျင်သာ လာလှူကြတယ်။ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ပြန်လည်ဖြစ်ပွားလာနေလို့ သွေးအလှူရှင်လာရောက်မှု နည်းသွားတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် အရေးပေါ်သွေးလိုအပ်ချက်ရှိပါက မန္တလေးမြို့ပေါ်ရှိဆေးတက္ကသိုလ်၊ တပ်မတော်သား၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ စေတနာ သွေးလှူရှင်ကွန်ရက်အဖွဲ့၊ မန္တလေးလူထုစင်တာနှင့် အသင်းအဖွဲ့များက လာရောက်လှူဒါန်းကြသည်။ သွေးလှူဘဏ်အနေဖြင့် သွေးလိုအပ်ချက် အမြဲရှိနေမှုကြောင့် စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားလှူဒါန်းရန် လိုအပ်ပြီး လူနာများသွေးလိုအပ်သည့် အချိန်တိုင်းတွင် အချိန်မီထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

အမျိုးသား သွေးလှူဘဏ်မှ မွေးနေ့ကျရောက်သည့်သွေးလှူရှင်များ၊ လှူဒါန်းမှုလေးလပြည့်သည့် သွေးလှူရှင်များကို ဖုန်းမှတစ်ဆင့် ပြန်လည်ဖိတ်ခေါ်မှုပြုလုပ်ပြီး စေတနာသွေးလှူရှင်များရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်ဆာရောဂါဝေဒနာရှင်များ၊ သွေးအားနည်းဝေဒနာရှင်များ၊ သွေးကင်ဆာဝေဒနာရှင်များ၊ ခွဲစိတ်မှုများနှင့်အရေးပေါ် ခွဲစိတ်မှုများအတွက် သွေးလိုအပ်လျက်ရှိပြီး သွေးနှင့်ပတ်သက်၍ အသက်ဆက်ရမည့် လူနာပေါင်းများစွာရှိနေသဖြင့် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သော်လည်း ပုံမှန်သွေးလာရောက် လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း၊ သွေးလှူရှင်များအနေဖြင့် Mandalay General Hospital Blood Bank Facebook နှင့် ဖုန်း-၀၉-၂၅၈၉၀၂၈၉၆ တို့တွင် ကြိုတင်ဆက်သွယ်ပြီး လှူဒါန်းနိုင်ကြောင်း၊ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**



## We Love Hlaingtharyar အဖွဲ့က ကန့်သတ်စောင့်ကြည့်စခန်းအတွက် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ အမှတ်(၁၄)ရပ်ကွက် ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်စေရန်အတွက် ရည်ရွယ်၍ အစိုးရနည်းပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်မည့် ကန့်သတ်စောင့်ကြည့်စခန်းတွင် ထားရှိမည့်သူများ အသုံးပြုရန် အသုံးအဆောင်ပစ္စည်းများကို We Love Hlaingtharyar အဖွဲ့မှ လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီသို့ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် We Love Hlaingtharyar အဖွဲ့မှ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်း ဂွမ်းကပ်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာအမွှေးခဲ၊ မျက်နှာသုတ်ပဝါ၊ အမှိုက်စွန့်အိတ်ကြီးများကို လူဦးရေ ၁၂၀ အတွက် လှိုင်သာယာမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ပေးအပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူတို့က လက်ခံရယူခဲ့သည်။

**မြသန္တာဝင်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)



ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံရှိ ငြိမ်းချမ်းရေးခေါင်းလောင်း။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ဖြစ်သည်။ နှစ်စဉ် ထိုနေ့ကို ကမ္ဘာတစ်ဝန်း အလေးထားကျင်းပကြရန် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ၁၉၈၁ ခုနှစ်ကပင် တိုက်တွန်းဆော်ဩထားပါသည်။ ထိုနေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အအုံကြီး၌ ငြိမ်းချမ်းရေးခေါင်းလောင်း ထိုးပါသည်။ ထိုခေါင်းလောင်းသည် ကမ္ဘာအနှံ့ရှိ ကလေးငယ်များကပေးပို့သော ငွေအကြွေစေ့ကလေးများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုငြိမ်းချမ်းရေးခေါင်းလောင်းကို ဂျပန်နိုင်ငံက လက်ဆောင်အဖြစ် ပေးပို့ထားခြင်းဖြစ်ပြီး “A reminder of the human cost of war” စစ်ပွဲကြီးများအတွက် လူသားများက တန်ဖိုးကြီးစွာပေးဆပ်ခဲ့ရမှုကို မမေ့စေလို၊ တားဆီးစေလိုသည့် ဆန္ဒများဖြင့် ပြုလုပ်ထားသည်ဟု သိရပါသည်။ “Long live with absolute peace” “ငြိမ်းချမ်းရေး အဓွန့်ရှည်စွာဖြင့် ရှင်သန်ကြစို့” ဟုလည်း ထိုခေါင်းလောင်းမျက်နှာပြင်ပေါ်တွင် ရေးထိုးထားပါသည်။

### ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံရှိ ငြိမ်းချမ်းရေးခေါင်းလောင်း

၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ပုဒ်မှာ “Shaping Peace Together” ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့်လည်း တိုက်ဆိုင်နေသဖြင့် သက်ဆိုင်ရာစည်းကမ်းများနှင့်အညီသာ ကျင်းပကြမည်ဖြစ်သည်။ ထူးခြားသည်မှာ ၂၀၁၈ ခုနှစ်က ဆောင်ပုဒ်မှာ “The Right to peace–The Universal Declaration of Human Rights at 70” ဖြစ်ပြီး နှစ် (၇၀) မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ဂုဏ်ပြုထားခြင်းလည်းဖြစ်သည်။ ထိုကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂ အထွေအထွေညီလာခံ၌ ကြေညာခဲ့ခြင်းဖြစ်ပြီး နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် ငြိမ်းချမ်းရေးရရှိစေဖို့ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။ ယခုအခါ တစ်ကမ္ဘာလုံးက အလိုအရှိဆုံးဆုလာဘ်သည် ငြိမ်းချမ်းရေးသာ ဖြစ်သည်။ လူသားတိုင်း အေးချမ်းလုံခြုံစွာ နေထိုင်လိုကြခြင်း ဖြစ်သည်။ ကမ္ဘာ့နေရာဒေသ အတော်များများတွင် ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် ဘာသာရေးအစွန်းရောက်မှုများ (Religious Extremism)၊ မျက်ကန်း အမျိုးချစ်ဝါဒများ (Ultra-Nationalism)၊ အမုန်းတရား ဖြန့်ချိနေမှုများ (Hate Campaign) မှာ ၂၁ ရာစု ငြိမ်းချမ်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေကာ လူသားများ၏ ငြိမ်းချမ်းစွာ နေထိုင်ရေးကို ခြိမ်းခြောက်နေပါသည်။ ထို့မျှမကဘဲ လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်နေမှုများ၊ နျူကလီးယား လက်နက် ထုတ်လုပ်လာမှုများ၊ ဓာတုလက်နက် ထုတ်လုပ်လာမှုများ၊ ရာဇဝတ်မှု ထူပြောလာခြင်းများအပါအဝင်၊ ရာသီဥတု ဖောက်ပြန် ပြောင်းလဲလာခြင်းတို့သည်လည်း အေးချမ်းစွာ နေထိုင်နိုင်ရေးကို ထိခိုက်လာနေပါသည်။ တစ်ကမ္ဘာလုံးရှိလူသားများ၏ ရင်ထဲ၌ အနှစ်သက်ဆုံးအရာမှာ အားလုံးအတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး ဖြစ်သည်။ ကမ္ဘာကြီးသည် အေးချမ်းမှ နေပျော်စရာ ဖြစ်မည်ဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိ မည်သည့်နိုင်ငံမျှ တစ်ဦးတည်း ရပ်တည်နေနိုင်သည် မဟုတ်ပေ။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားတိုးတက်ရေးတို့မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေနိုင်ရေးတို့အတွက် အားလုံးလက်တွဲ ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ တစ်နိုင်ငံ နှင့်တစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးတို့မှာ ဆက်စပ်နေပြီး ငြိမ်းချမ်းရေး တည်ဆောက် ရာမှာလည်း ဆက်စပ်နေပါသည်။ အချင်းချင်း ယုံကြည်နားလည်မှုများဖြင့် လက်တွဲ ဆောင်ရွက်ကြရပါမည်။ သို့မှသာ လူသားချင်း အကြမ်းဖက်မှု၊ ဖိနှိပ်ညှဉ်းပန်းမှု၊ တစ်ဖက်သတ် ခွဲခြားဆက်ဆံမှုများမှ အရင်းတည်သော man-made disasters ခေါ် လူသားများကြောင့် ဖြစ်ပွားနေရသော ဘေးဒုက္ခအန္တရာယ်များကို တားဆီးကာကွယ်ခြင်း၊ ဖယ်ရှားခြင်းတို့ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ယခုတွေ့ကြုံနေရသော လူသားအချင်းချင်း ရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်နေမှုများသည် လူ့သမိုင်းကို လွန်စွာအကျည်းတန်နေစေပါသည်။ ယဉ်ကျေးသော လူ့သဘာဝကို မေးခွန်းထုတ်စရာ ဖြစ်စေပါသည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်ကောင်း အများစုတို့သည် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ဖွယ်များကို အထူးဦးစားပေး ဆောင်ရွက်နေကြသည်ကို တွေ့နိုင်ပါသည်။ နိုင်ငံအများစုတို့က နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံအချင်းချင်း၏ တရားဥပဒေ၊ အချုပ်အခြာအာဏာစသည်တို့ကို အလေးထား ဆောင်ရွက်နေကြသော်လည်း အချို့ကမူ မိမိတို့၏ဆန္ဒများကိုသာ ရှေ့တန်းတင်ပြီး ဆောင်ရွက်နေကြသဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ခြိမ်းခြောက်လာနေသည်ကို တွေ့နေရပါသည်။ Globalization ခေါ် ကမ္ဘာလုံးဆက်နွယ် ရင်းနှီးရေးဖြစ်စဉ်ကြောင့် တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာရပါသည်။

ယခုအခါ နိုင်ငံရေးအယူဝါဒများ မတူညီခြင်း ဥပမာ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အာဏာရှင်ဝါဒစသည်တို့ ရှိနေသေးကာမူ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းစွာ အတူနေထိုင်မှုစသည်တို့ကို ဖော်ဆောင်နိုင်နေသေးသည်ကို တွေ့ရသည်။ အမြော်အမြင်ကောင်းသော နိုင်ငံခေါင်းဆောင်များက အယူဝါဒ မတူညီသည်ဖြစ်စေ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ လက်တွဲနေထိုင်ဆောင်ရွက်ကြဖို့ အစွမ်းကုန် ဆောင်ရွက်ကြသည်။ နိုင်ငံများအချင်းချင်းဖြစ်စေ၊ နိုင်ငံအတွင်း၌ဖြစ်စေ ပြဿနာတစ်စုံတစ်ခု ဖြစ်လာလျှင် ပွင့်လင်းစွာ ရင်ဆိုင်ပြောဆိုဖြေရှင်းခြင်းဖြင့် အောင်မြင်သော ပြေလည်မှု ရနိုင်သည်ဖြစ်သော်လည်း တစ်ဖက်သတ်အမြင်ဖြင့် ဖြေရှင်းနေခြင်းကြောင့် အကျယ်အကျယ် မငြိမ်းဖွယ်သော မီးတောက်များ သဖွယ် လောင်ကျွမ်းလျက်ရှိသည်။ ထိုသို့ ဖြစ်ပွားနေခြင်းကြောင့် အပြစ်မဲ့ပြည်သူပြည်သားများမှာ မြေဇာပင်သဖွယ် ဒုက္ခမျိုးစုံကို ရင်ဆိုင်ခံစားကြရပါသည်။ ထို့အပြင် အင်အားကြီးနိုင်ငံတို့က အားနည်းသည့်နိုင်ငံအချို့အပေါ် ဗိုလ်ကျစိုးမိုးမှုကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများကို ယခုအခါနိုင်ငံအများစုက လက်မခံတော့ပါ။ နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲဆောင်ရွက်ကြခြင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့ကလည်း ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အထူးလျော့ပါးသွားသည်ကို တွေ့ရပါသည်။ ယင်းသို့ နိုင်ငံအားလုံး လိုက်ပါဆောင်ရွက်ခြင်းမှာ ငြိမ်းချမ်းရေးအတွက် အဓိကကျသောအချက်လည်း ဖြစ်သည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာလေ မတရားသောအကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေးကို စိန်ခေါ်လာမှုများကို တားဆီးနိုင်လေ ဖြစ်နိုင်ပါသည်။ ပညာခေတ် ဖြစ်သည်နှင့်အညီ အမြော်အမြင်ကြီးသော ခေါင်းဆောင်မှုများရှိသည့် နိုင်ငံအများသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးအလေးပေး ဆောင်ရွက် ဦးဆောင်နိုင်လေ ဖြစ်ပါသည်။

လက်ရှိကမ္ဘာ့မြင်ကွင်းတွင် အကြမ်းဖက်မှုကြီးက ကြီးမားထွားကျိုင်းလာနေပါသည်။ ယင်းသည် အပြစ်မဲ့ကလေးငယ်များ၊ အမျိုးသမီးများကို ရက်စက်စွာတိုက်ခိုက်နေသည်ကို နေ့စဉ်လိုတွေ့နေရသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ် ဖြစ်ပါသည်။ အကြင်နာမဲ့စွာ၊ လူသားမဆန်စွာ ကျူးလွန်နေမှုများက ငြိမ်းချမ်းမှုကို ပြင်းထန်စွာ ထိခိုက်နေစေပါသည်။ ငြိမ်းချမ်းရေးဆုံးရှုံးသည်နှင့်အမျှ မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများ၊ လူ့အခွင့်အရေးများစွာ ဆုံးရှုံးရမှုများ တွေ့ကြုံခံစားရစေပါသည်။ လူသားဘဝများ ကြေမွပျက်စီးရပါသည်။ “သားကိုလက်ငင်၊ လင်ကိုလက်တို့၊ ခွေး အို့ခေါ်ကာ၊ ပြေးနေရရှာ”သည့် မိခင်များ၊ စစ်ဘေးကြောင့် မတည်ငြိမ်မလုံခြုံသော အခြေအနေများကြောင့် မိမိတို့နေထိုင်ရာ ဒေသများကို စွန့်ခွာထွက်ပြေးနေကြရသည့် စစ်ရှောင်ပြည်သူများ၏ဘဝများစွာကို အမြန်ဆုံး ဖြေရှင်းကြပြီး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ကြရေးကို ဆောင်ရွက်သင့်ပါသည်။

### စစ်ပွဲကြီးများတားဆီးကြ

War ဆိုသည့်စကားမှာ ရှေးအင်္ဂလိပ်စကားဖြစ်သော wyre/werre တို့က ဆင်းသက်လာပြီး လူသားအချင်းချင်း တိုက်ခိုက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ပြင်သစ်လို werra၊ ဂျာမန်လို werran စသည်ဖြင့်လည်း ဆိုကြသည်။ မည်သို့ဆိုစေ စစ်ဆိုသည်က လူသားချင်းတိုက်ခိုက်ကြ၊ လက်နက်အမျိုးမျိုးသုံးကြ၊ အနိုင်ရရေးအတွက် နည်းမျိုးစုံ၊ နည်းပညာမျိုးစုံ သုံးကြခြင်းတို့ကြောင့် လူသားများသာမက၊ တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်ပါ ထိခိုက်ပျက်စီးရပါသည်။ အထူးသဖြင့် ရေရှည်ထိခိုက်လာရသော သဘာဝပတ်ဝန်းကျင်ကြောင့် ကမ္ဘာမြေကြီးအတွက် ကြီးမားသော အကျိုးဆက်များ တွေ့ကြုံခံစားလာရပါသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်သည် လူသားတို့ အသက်ရှည်ရေး၊ ကျန်းမာစွာနေနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအကျဆုံး ဖြစ်ရာ ခါးသီးလှသော စစ်ပွဲကြီးများကို တားဆီးဟန့်တားခြင်းသည် အလွန်အရေးပါပါသည်။ စစ်ပွဲကြီးများကြောင့် ကမ္ဘာကြီးနှင့် လူသားတို့၏ဘဝများ ဆက်လက်မပျက်စီးစေရန် တားဆီးကြရပါမည်။

စာမျက်နှာ ၂၅ သို့ ○

**တစ်ကမ္ဘာလုံးရှိလူသားများ၏ ရင်ထဲ၌ အနှစ်သက်ဆုံး အရာမှာ အားလုံးအတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးဖြစ်သည်။ ကမ္ဘာကြီးသည် အေးချမ်းမှ နေပျော်စရာဖြစ်မည် ဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိ မည်သည့်နိုင်ငံမျှ တစ်ဦးတည်း ရပ်တည်နေနိုင်သည် မဟုတ်ပေ။ လူမှုရေး ကျန်းမာရေး စီးပွားတိုးတက် ရေးတို့မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရေးတို့ အတွက် အားလုံးလက်တွဲ ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးတို့မှာ ဆက်စပ်နေပြီး ငြိမ်းချမ်းရေး တည်ဆောက်ရာမှာလည်း ဆက်စပ်နေ။**

❍ စာမျက်နှာ ၂၄ မှ

**စစ်ပွဲကြီး အမျိုးမျိုး**

စစ်ပွဲကြီးအမျိုးမျိုးအလိုက်နှင့် အသုံးပြုသော လက်နက်များကိုလိုက်ပြီး ထိခိုက်မှုအတိုင်းအတာကွာခြားသည်ကို တွေ့ရပါသည်။

၁။ Asymmetric warfare–အင်အားချင်းမတူသော လူအုပ်စုတို့အကြား တိုက်ခိုက်ကြခြင်း ဖြစ်သည်။ များသောအားဖြင့် guerrilla ပြောက်ကျားတိုက်ပွဲမျိုး ဖြစ်သည်။ ယင်းတွင် အသုံးပြုသော လက်နက်အမျိုးအစားများမှာ သမားရိုးကျ လက်နက်များသာ ဖြစ်လေ့ရှိသည်။

၂။ Chemical warfare– ဓာတုလက်နက်များ သုံးသည့်စစ်ပွဲများ ဖြစ်သည်။ နိုင်ငံနှင့်ချီပြီး တိုက်ခိုက်ကြသော စစ်ပွဲကြီးများတွင်သုံးလေ့ရှိပြီး ပထမကမ္ဘာစစ်ကြီးမှာကတည်းက တွေ့ရသည်ဟုဆိုပါသည်။ ထိုစဉ်က လူပေါင်း ၁ ဒသမ ၃ သန်း သေဆုံးခဲ့ရာ အရပ်သား ၁၀၀၀၀၀ မှ ၂၆၀၀၀၀ ခန့်တို့ ပါဝင်ခဲ့သည်။ ဓာတုလက်နက်များကြောင့် စစ်ပွဲကြီးများအတွင်း သေဆုံးခဲ့ကြရသလို စစ်ကြီးပြီးသည့်တိုင် အဆုတ်ရောဂါများ၊ ဦးနှောက်ထိခိုက်ပျက်စီးမှုများ၊ အရေပြားရောဂါများ၊ ကင်ဆာရောဂါများကြောင့် သေဆုံးရသူများစွာရှိသည်။ ထို့အတူ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများလည်း ရှိလာသည်။ ထို့ကြောင့် ဓာတုလက်နက်များကို နိုင်ငံတကာဥပဒေများ ပြဋ္ဌာန်း ပိတ်ပင်ခဲ့သည်။

၃။ Civil war– နိုင်ငံတစ်နိုင်ငံတည်းမှ သဘောထားမတူသူချင်း၊ အချင်းချင်း တိုက်ခိုက်ကြခြင်း ဖြစ်သည်။ နိုင်ငံရေး၊ အယူဝါဒရေး၊ နယ်မြေပိုင်ဆိုင်ရေးတို့အတွက် နိုင်ငံသားချင်း တိုက်ခိုက်ကြခြင်း ဖြစ်သည်။ သမားရိုးကျလက်နက်များကိုသာ သုံးလေ့ရှိသည်။



၄။ Conventional war– ပြိုင်ဘက်နိုင်ငံ (သို့မဟုတ်) အုပ်စုများအကြား စစ်ကြေညာပြီး တိုက်ခိုက်ကြခြင်း ဖြစ်သည်။ ယင်းတွင် ဓာတုလက်နက်များ၊ အဏုမြူဇီဝလက်နက်များ စသည်တို့ကို သုံးခွင့်မရှိပေ။

၅။ Globalizing war– နိုင်ငံတို့၏ အချုပ်အခြာ နယ်မြေများကို ကျော်လွန်ကာ နိုင်ငံအများ အဖွဲ့လိုက်တိုက်ခိုက်ကြသည့် စစ်ပွဲကြီးမျိုးဖြစ်သည်။ နှစ်ကြိမ်ဖြစ်ပြီးသော ကမ္ဘာ့စစ်ကြီးများကို တွေ့မြင်နိုင်သည်။ ဗီယက်နမ်စစ်ပွဲမျိုး မဟုတ်ပေ။ လက်နက်လူသူအင်အားများစွာ သုံးကြသည်။ စစ်စရိတ်များစွာ ကုန်ကျသလို လူပေါင်းများစွာနှင့် ပိုင်ဆိုင်မှုများစွာ ဆုံးရှုံးရသည်။ သဘာဝပတ်ဝန်းကျင်လည်း ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးရသည်။

၆။ Nuclear war–အဏုမြူလက်နက်များကို အပြိုင်အဆိုင်ထုတ်လုပ်ကာ အဏုမြူစစ်ပွဲကြီးများ ဆင်နွှဲရန် တစ်ဖက်နှင့်တစ်ဖက် ခြိမ်းခြောက်သော စစ်ပွဲပြင်ဆင်မှုဖြစ်သည်။ တကယ်ဖြစ်ပွားပါက ကမ္ဘာကြီးတစ်ခုလုံးကို ပြာကျပျက်စီးသွားစေနိုင်ပါသည်။




၇။ Unconventional war– နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုခုထဲသို့ တိတ်တဆိတ်ဝင်ရောက်တိုက်ခိုက်သည့် စစ်ပွဲမျိုးဖြစ်သည်။

Conway W.Anderson ဆိုသူ သမိုင်းပညာရှင်ကြီး၏အဆိုအရ ကမ္ဘာကြီးတွင် BC ၃၅၀၀ မှ ၂၀ ရာစုနှောင်းပိုင်းအထိ စစ်ပွဲပေါင်း ၁၄၅၀၀ ဖြစ်ခဲ့ပြီး စစ်မဖြစ်ဘဲ ငြိမ်းချမ်းစွာနေခဲ့ရသောကာလမှာ နှစ်ပေါင်း ၃၀၀ခန့်သာ ရှိခဲ့သည်ဟု သိရပါသည်။

ယခုအချိန်အထိလည်း ကမ္ဘာတစ်ဝန်း စစ်ပွဲကြီးငယ်များ ဖြစ်ပေါ်လျက်ရှိနေသေးသည်။ ငြိမ်းချမ်းသော ကမ္ဘာမြေကြီးအဖြစ် မျိုးဆက်သစ်ကလေးများထံ လွှဲပြောင်းပေးကြရပါမည်။

အလားတူပင် နှစ်ပေါင်းများစွာ နာတာရှည်ရောဂါကြီးတစ်ခုလို ဖြစ်နေသော ကျွန်တော်တို့နိုင်ငံ၏ ပြည်တွင်းစစ်မီးကြီးကိုလည်း အပြီးသတ်ငြိမ်းချမ်းစေလိုလှပါသည်။ ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို လှိုက်လှဲစွာကြိုဆိုပါသည်။

လူသားအားလုံး ငြိမ်းချမ်းရေးအတွက် လက်တွဲကြ၊ အများ၏လေးစားမှု၊ လုံခြုံမှု၊ တန်ဖိုးရှိမှုတို့ကို အလေးထားကြခြင်းဖြင့် ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

Reference – Comity of Nations and Peace–GLMN 28.8.17.

## နွယ်တမယ်တံတား ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အများပြည်သူများ အသုံးပြုခွင့်ပြု

**ရန်ကုန် စက်တင်ဘာ ၂၀**

နွယ်တမယ်တံတားသည် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မင်းဘူး–စလင်း–တညောင်– ဆိပ်ဖြူလမ်းပေါ်တွင်တည်ရှိပြီး စလင်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

တံတားအရှည် ပေ ၁၄၂၀၊ တံတားအမျိုးအစား အောက်ခံအုတ်မြစ် 1.5 m ø Bored Pile၊ တံတားကိုယ်ထည် သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင် တံတားအပေါ်ထည် 100 F Girder+60 RC Girder ဖြစ်ကာ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေ ၂လက်မ၊ ခွင့်ပြုတန်ချိန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

တံတားစီမံကိန်းအား ၂၀၁၈ ခုနှစ်



ဒီဇင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်တည်ဆောက်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်နှင့် အများပြည်သူများ အသုံးပြုခွင့်ပြုလိုက်ပြီဖြစ်သည်။ **ခရမ်း–စိုးမြင့်**

## ရမည်းသင်းမြို့၌ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်

**ရမည်းသင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့တွင်းလမ်းများအား လမ်းအဆင့်မြှင့် နိုင်လွန်



ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိများက သစ္စာလမ်း၌ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသော အင်ဂျင်နီယာများနှင့် တွေ့ဆုံကာ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဖြစ်စေရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အဆင့်မြှင့်တင်သွားမည်**

ရမည်းသင်းမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့တွင်းလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို သစ္စာလမ်းတွင် ပေ ၁၄၀၀၊ ရန်အောင်မြင်လမ်းတွင် ၂၇၁၅ ပေ၊ သီလဝလမ်းတွင် ပေ ၁၇၀၀ နှင့် မင်းနန္ဒသူလမ်းတွင် ပေ ၁၈၅၀ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်**

## ဗန်းမော်မြို့၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေး စည်းရုံးလှုံ့ဆော်

**ဗန်းမော် စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေးစည်းရုံးလှုံ့ဆော်ဆောင်ရွက်မှုကို ယနေ့ နံနက် ၈ နာရီက ဗန်းမော်မြို့ သိမ်မဟာစေတီတော်ကြီးဘုရားရှေ့ လမ်းဆုံနှင့် လူသွားလူလာများသည့်နေရာများတွင် နှာခေါင်းစည်းမဝတ်ဆင်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အသိပညာပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ဗန်းမော်မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ အမှတ်(၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး သက်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မြို့ သာသနာ့ရက္ခိတမာမကအဖွဲ့တို့ပူးပေါင်း၍ ဗန်းမော်မြို့၌ နှာခေါင်းစည်းမဝတ်ဆင်ဘဲ သွားလာနေသည့် ဒေသခံပြည်သူများအား နှာခေါင်းစည်း စုစုပေါင်း ၃၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး သွားလာသည့် ဆိုင်ကယ်များအား အမှတ် (၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးသက်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက ၂၀၂၀ ပြည့်နှစ် ပြဋ္ဌာန်းထားသော မော်တော်ယာဉ်ဥပဒေသစ်အရ အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

"ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ဖို့ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်တယ်။ အဲဒီပုံစံနဲ့ ကျွန်တော်တို့ အဖွဲ့ကနေပြီးတော့ ပရဟိတစိတ်ဓာတ်နဲ့ပဲ ဝိုင်းပြီးကူညီကြတာပါ" ဟု ဗန်းမော်မြို့ သာသနာ့ရက္ခိတမာမကအဖွဲ့ခေါင်းဆောင် ဦးအောင်ကိုဦးက ပြောသည်။

ဗန်းမော်မြို့ သာသနာ့ရက္ခိတမာမကအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ဗန်းမော်မြို့တွင် ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို အပတ်စဉ် တနင်္ဂနွေနေ့တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့**
**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပြည်သူ့ဆေးရုံရှိ အရေးပေါ်လူနာများအတွက် အောက်ဆီဂျင်ဘူးများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသောလူနာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပေါ်လူနာများအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ယနေ့ နံနက် ၉ နာရီက လိုအပ်လျက်ရှိသော အောက်ဆီဂျင်ဘူးများနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူနိုင်ရန် အလှူငွေများကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ဒလမြို့နယ် ဇော်ညီမျက်မှန်ဆိုင်မှ မြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သောအောက်ဆီဂျင်ဘူး ၁၁ ဘူးနှင့် ဆက်စပ်ပစ္စည်းများအတွက် အလှူငွေကျပ် ခုနစ်သိန်းခွဲကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ အရေးပေါ်လူနာများ အသုံးပြုနိုင်ရန် လိုအပ်လျက်ရှိသော အောက်ဆီဂျင်ဘူးများကို စေတနာရှင်များအနေဖြင့် လှူဒါန်းလိုပါက မြို့နယ်ဆရာဝန်ကြီးဒေါက်တာထွန်းဝင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**





## ကျောက်ဆည်ခရိုင်၌ အရေးပေါ်ရိက္ခာစားဆီများ သိုလှောင်ထားရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အရေးပေါ်ရိက္ခာစားဆီ ဆီပုံးများကို ကျောက်ဆည်မြို့နယ်တွင် ၃၇၁၂ ပုံး၊ စဉ့်ကိုင်မြို့နယ်တွင် ၂၁၅၁ ပုံး၊ တံတားဦးမြို့နယ်တွင် ၂၀၀၇ ပုံး၊ မြစ်သားမြို့နယ်တွင် ၂၈၂၀ စုစုပေါင်း အရေးပေါ်ရိက္ခာစားဆီ ပုံး ၁၀၆၉၀ ကို သိုလှောင်ရုံများတွင် သိုလှောင်ထားရှိကြောင်း သိရသည်။

ခရိုင်နှင့် မြို့နယ်သိုလှောင်ထိန်းသိမ်းမှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ ပြည်သူလူထုစားနပ်ရိက္ခာ အဆင်ပြေစေရန်အတွက် အရေးပေါ်စားဆီများကို သိုလှောင်ထားခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားလာချိန် သို့မဟုတ် ပြည်သူများ စားနပ်ရိက္ခာ အခက်အခဲရှိသည့် အချိန်များ၌ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး သိုလှောင်ရုံများ၌ ဆီပုံးများ လျော့နည်းမှုမရှိစေရေးနှင့် အလေအလွင့်မရှိစေရေးတို့အတွက် ခရိုင်သိုလှောင် ထိန်းသိမ်းမှုကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများအား အရေးပေါ်ရိက္ခာ စားဆီများကို ခွဲတမ်းစနစ်ဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆီကုန်သည်များ၊ ဆီလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ခရိုင်အတွင်းအရေးပေါ်ရိက္ခာစားဆီပုံး ၁၀၆၉၀ ကိုသိုလှောင်ထားရှိခြင်းဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်ဌေးထံမှ သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာလ ငှက်ဖမ်းမှုလျော့နည်းလာမှုကြောင့် မုံရွာတွင် စာကလေးငှက်များ ပြန်လည်ပေါများလာ

**မုံရွာ စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စာကလေးနှင့်အခြားငှက်များ အရောင်းပါး၍ ငှက်ဖမ်းမှုလျော့နည်းလာခြင်းကြောင့် မုံရွာမြို့တွင်းနှင့် မြို့ပြင်သစ်ပင်များပေါ်တွင် ငှက်နှင့် စာကလေးများ အထူးများပြားလာသည်ကို တွေ့ရသည်။

"မုံရွာမြို့လယ်နာရီစင်နားက အပင်ကြီးတွေမှာဆိုရင် ညနေအိပ်တန်းတက်ချိန်မှာ စာကလေးသံတွေပြန်ကြားနေရတယ်။ ဈေးသစ်တောင်ဘက်က ဗိုလ်ချုပ်လမ်းဘေးတည်ပင်တန်းမှာလည်း စာကလေးအသံတွေ ပြန်ကြားရတယ်။ အကောင်ရေအတော်များများ ပြန်တွေ့ရတာပါ"ဟု မုံရွာမြို့ခံ ငှက်လေ့လာသူ ကိုထွန်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာလ လက်ရှိအချိန်တွင် ငှက်ဖမ်းသမားများအနေဖြင့် ငှက်အရများသော်လည်း ရောင်းမထွက်သဖြင့် ငှက်ဖမ်းမှုနားထားရကြောင်း ငှက်ဖမ်းသူဖိုးဝေးက ပြောသည်။

"အခုက ငှက်တွေကရပေမယ့်မရောင်းရတာပါ။ တချို့က ယတြာချေတာ၊ တချို့က သနားလို့လွှတ်တာတို့ မွေးနေ့ကုသိုလ်လုပ်တာတို့အတွက် ဝယ်လွှတ်ကြတာပါ။ မုံရွာမှာ အခုလိုငှက်ရောင်းတာ ခုနစ်ဦးလောက်ရှိတယ်။ အခုရောဂါဖြစ်နေတော့ ဘယ်သူမှမရောင်းရဘူးရယ်။ ငှက်ဖမ်းရတာအလုပ်မဖြစ်တော့ နားထားတယ်။ ရှိတာမျှစားနေရတာပေါ့"ဟု ဖိုးဝေးက ပြောကြားသည်။

ငှက်ဖမ်းသမားများထံမှ စာကလေး၊ ချိုး(ဂျိုး)နှင့် သိမ်းပေါက် စသည်များရပြီး စာကလေးက ပိုရောင်းရသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးဦးပင်မပေါက်ဘဲဖြစ်နေကြောင်း မုံရွာမြို့ အောင်ရတနာရပ်ကွက်နေ ငှက်ရောင်းသူ မဝင်းရီက ပြောကြားသည်။

"အရင်က တစ်ရက် ငွေကျပ် ၁၀၀၀၀ ဖိုးလောက်ရောင်းရတယ်။ အခုက ၁၀၀၀ ဖိုး၊ ၂၀၀၀ဖိုး လောက်ပဲရတယ်။ ဈေးဦးမပေါက်တာတောင်ရှိတယ်။ အရင်က တစ်ကောင် ငွေကျပ် ၅၀၀ ရောင်းရတယ်။ အခုကိုဗစ်ဖြစ်လို့ ဘုရားတွေပိတ်ထားကြတော့ ဝယ်သူနည်းသွားတယ်။ အဲဒါကြောင့် အခု သုံးကောင်ကို ငွေကျပ် ၁၀၀၀နဲ့ ရောင်းပေးနေတာပါ"ဟု မဝင်းရီက ပြောကြားသည်။

ငှက်ဖမ်းသမားအများစုသည် မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ်တစ်ဖက်ကမ်း မုံရွာမြို့မြောက်ဘက် ဘုတလင်နယ်နှင့် အရှေ့ဘက်ကျေးရွာများမှ ပိုက်ထောင်ဖမ်းကာ လာရောက်ပို့ကြခြင်းဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ငှက်အရောင်းအထူးပါး၍ ငှက်ဖမ်းလုပ်ငန်း ရပ်နားထားကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရန်ကုန်မြစ်ကူး ဝါးတန်း-ဒလယာဉ်ဇက်ကူးတို့လမ်း ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပုံမှန်ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရန်ကုန်မြစ်ကူး ဝါးတန်း-ဒလ ယာဉ်ဇက်ကူးတို့လမ်းကို ကိုဗစ်-၁၉ ရောဂါကာလ ခရီးသွားလာမှုလျော့နည်းလာသော်လည်း အခေါက်ရေလျှော့ချမှုမရှိဘဲ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြည်သူလူထု၏လိုအပ်ချက်အတိုင်း အချိန်မှန်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။

"ကျွန်တော်တို့ ရန်ကုန်မြစ်ကူး ဝါးတန်း-ဒလ ယာဉ်ကူးတို့လမ်းက တော့ အရင်နှုန်းထားနဲ့ အရင်အတိုင်းပဲ ပြေးဆွဲပေးနေပါတယ်။ ကားရှိရင်ရှိသလိုပြေးပေးနေတာပေါ့။ ကိုဗစ်ကာလမို့လို့ အခေါက်ရေလျှော့တာတွေ၊ တိုးတာတွေမလုပ်ပါဘူး။ ပုံမှန်ပဲပြေးပေးနေပါတယ်။ ဒီကာလက သိပ်မထွက်ကြတော့ အခေါက်ရေနည်းသွားတာပေါ့။ ဇက်ကတော့ ပုံမှန်နှစ်စင်းပါပဲ။ နေ့စဉ်ရောက်ထွက်နဲ့ ပြေးဆွဲပေးနေတာ။ ကူးတို့နဲ့ကူးနေတဲ့ ကားသမားတွေခရီးသွားပြည်သူတွေကို ကူးတို့ပေါ်တက်တာနဲ့ နှာခေါင်းစည်းဝတ်ဖို့၊ နှာခေါင်းစည်းမပါဘဲလာတဲ့သူတွေကို နှာခေါင်းစည်းတွေ အခမဲ့ပေးဝေပြီး အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးဝင်းကိုအောင်က ပြောကြားသည်။

ယခုအခါတွင် ဝါးတန်းကူးတို့ဆိပ်တွင် RO RO ရေယာဉ်တစ်စင်း၊ ဒလကူးတို့ဆိပ်တွင် RO RO ရေယာဉ် တစ်စင်း စုစုပေါင်း နှစ်စင်းဖြင့် ပြေးဆွဲပေးနေကြောင်း၊ နေ့စဉ် နံနက် ၅ နာရီမှ ည ၇ နာရီအထိ ပြေးဆွဲပေးနေကြောင်း၊ ယခင်ကတစ်ရက်လျှင် ၁၅ ခေါက်နှင့်အထက် ယာဉ်အစီးရေ ၇၀၀ ခန့်အား အသွားအပြန် ပြေးဆွဲပေးနေပြီး ယခုကိုဗစ်-၁၉ ရောဂါကာလများတွင် အသွားအလာလျော့နည်းလာကြောင်း သိရသည်။

RO RO ဖယ်ရီတစ်စင်းသည် တစ်ခေါက်လျှင် အိမ်စီးကား ၂၄ စီးထိ တင်ဆောင်နိုင်ပြီး ကားအရွယ်အစားအလိုက် ကုန်တင်ယာဉ်များလည်း တင်ဆောင်နိုင်ကြောင်း၊ တစ်တန်အောက် အိမ်စီးကားတစ်စီးလျှင် ငွေကျပ် ၂၅၀၀၊ တစ်တန်နှင့် နှစ်တန်ကြား ယာဉ်တစ်စီးလျှင် ငွေကျပ် ၃၀၀၀၊ နှစ်တန်နှင့် သုံးတန်ကြား ယာဉ်တစ်စီးလျှင် ငွေကျပ် ၄၀၀၀၊ သုံးတန်နှင့် ခြောက်တန်ကြား ယာဉ်တစ်စီးလျှင် ငွေကျပ် ၅၀၀၀ ၊ ခြောက်တန်နှင့် ၁၂ တန်ကြား ယာဉ်များကို ငွေကျပ် ၈၀၀၀၊ ကုန်တစ်တန်လျှင် ငွေကျပ် ၂၀၀၀ ကောက်ခံကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။



ထိုရန်ကုန်မြစ်ကူး ဝါးတန်း - ဒလ ယာဉ်ကူးတို့လမ်းသည်ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မအူပင် စသည့်မြို့များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် အခြားဝန်းကျင်ဒေသများမှ အိမ်စီးကားများ၊ ဒိုင်နာကားများနှင့်ယာဉ်အမျိုးမျိုးတို့သည် ရန်ကုန်မြို့သို့ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသထွက် ကုန်စည်စီးဆင်းမှုများအတွက် နေ့စဉ်သွားလာ အသုံးပြုနေသော လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**

# မြဝတီမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**မြဝတီ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့နှင့် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပြည့်စုံ၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပြည့်ဖြိုးအောင်တို့က လိုက်လံကြည့်ရှုအားပေးကာ အားဖြည့်ဆေးနှင့်စားစရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုကဲ့သို့ စုပေါင်းလှူဒါန်းရာတွင် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ၃၂ ဦး၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ ၂၈ ဦး စုစုပေါင်း ၆၀ တို့က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်၌ (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပြည့်ဖြိုးအောင် ဦးစီးသည့် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၇၈ ဦးတို့သည် ယမန်နေ့က ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ဝါဆိုဦးဘုန်းကြီးကျောင်းဝင်းအတွင်း၌လည်းကောင်း၊ ထို့အတူ ကျုံဒိုးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇင်မင်းထွန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၉ ဦးတို့သည် ကျုံဒိုးမြို့ရှိ ဆုတောင်းပြည့်အေးစေတီ ဘုရားဝင်းအတွင်း၌ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကိုလည်းကောင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့က (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး (ဂန္ဓီ)၌ ရဲမှူးဝင်းကိုကို ဦးစီးသည့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

၁၄၅

# ဖြူးမြို့နယ်ရဲတပ်ဖွဲ့ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖြူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိ လေးဦး၊ အခြားအဆင့် ၄၀ တို့သည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက ဖြူးမြို့ အုတ်ဖြတ်လမ်းရှိ ဘိုးဘွားရိပ်သာဝင်းအတွင်းနှင့် အပြင်လမ်းဘေးတစ်လျှောက် ချုံနွယ်များကို စုပေါင်းရှင်းလင်းခဲ့ကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်ငြိမ်းနှင့် ဖြူးမြို့မစခန်းမှူး ဒုတိယရဲမှူးအောင်လင်းတို့က ကြည့်ရှုအားပေးပြီး ရဲတပ်ဖွဲ့ဝင်များအား နံနက်စာကျွေးမွေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)





# ဘားအံခရိုင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံခရိုင် ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာလ ဒုတိယပတ်က အမှတ်(၂)ရပ်ကွက် အမိရာမရဲကျောင်းတိုက်အတွင်း၌ ဆောင်ရွက်ခဲ့သည်။

ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မျိုးဦး ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၂၉ ဦးတို့က အဆိုပါ ကျောင်းတိုက်အတွင်း တံမြက်စည်းလှည်းခြင်း၊ မြက်ပင်များ၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမင်း

# တိုက်စစ်မှူး ဂါရတ်ဘေးလ် အငှားစာချုပ်ဖြင့် စပါးအသင်းသို့ ပြန်လည်ပြောင်းရွှေ့

ရီးယဲလ်မက်ဒရစ်အသင်းမှ ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ အသင်းဟောင်း စပါးအသင်းဆီကို တစ်ရာသီအငှားစာချုပ်နဲ့ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။ တိုက်စစ်မှူး ဂါရတ်ဘေးလ်အနေနဲ့ မြောက်လန်ဒန်ကလပ် စပါးအသင်းမှာ တစ်နှစ်ပေါင်သန်း ၂၀ ရရှိမှာဖြစ်ပြီး ပရီမီယာလိဂ်မှာ အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ ဈေးအမြင့်ဆုံးကစားသမားတွေထဲက တစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

ဂါရတ်ဘေးလ်ဟာ လက်ရှိမှာ တစ်ပတ် ပေါင်ခြောက်သိန်း ရရှိနေတာဖြစ်လို့ အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တဲ့ စပါးအသင်းအနေနဲ့ တစ်ပတ်ကို ပေါင်နှစ်သိန်းခွဲပေးချေရမှာလည်းဖြစ်ပါတယ်။

ဂါရတ်ဘေးလ်ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်က စပါးအသင်းမှာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့တာဖြစ်ပြီး ၂၀၁၃ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၅ ဒသမ ၃ သန်းနဲ့ စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

ဂါရတ်ဘေးလ်အနေနဲ့ စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားလေးကြိမ်၊ စပိန်လာလီဂါဖလားနှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ်နဲ့ ကမ္ဘာ့ကလပ်အသင်းများဖလား သုံးကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ် ဂါရတ်ဘေးလ်ကို မန်ယူအသင်းက ခေါ်ယူဖို့ ချိတ်ဆက်ခဲ့ပေမယ့် ဂါရတ်ဘေးလ်အနေနဲ့ အသင်းဟောင်း စပါးအသင်းဆီကိုသာ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေခဲ့တာကြောင့် အခုလို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အသင်းဟောင်းစပါးအသင်းမှာ ကျောနံပါတ် ၉ ကို ဝတ်ဆင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

# စပါးက ဆောက်သမ်တန်ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ




ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ တနင်္ဂနွေညအစောပိုင်း ပွဲစဉ်အဖြစ် စပါးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင် ဆောက်သမ်တန်အသင်းက ပွဲကစားချိန် ၃၂ မိနစ်မှာ ဒန်နီအင့်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် စပါးအသင်းက ပွဲကစားချိန် ၄၅ မိနစ်၊ ၄၇ မိနစ်၊ ၆၄ မိနစ်နဲ့ ၇၃ မိနစ်တို့မှာ သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဆွန်ဟောင်မင်ရဲ့ သွင်းဂိုးလေးဂိုးနဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းက ပွဲကစားချိန် ၈၂ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးအပါအဝင် ငါးဂိုးဆက်တိုက်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းအတွက် ဒုတိယမြောက်သွင်းဂိုးကို ဒန်နီအင့်ကပဲ ပွဲကစားချိန် မိနစ် ၉၀ မှာ ပင်နယ်တီကနေတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့ရာမှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အပြင် ဆွန်ဟောင်မင်သွင်းယူခဲ့တဲ့ သွင်းဂိုးလေးဂိုးစလုံးကိုလည်း ဖန်တီးပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဒန်နီအင့်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး အပြောင်းအရွှေ့ကာလအတွင်းမှာ စပါးအသင်းဆီ ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့သူလည်းဖြစ်ပါတယ်။

စပါးအသင်းဟာ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်မှာ ရာသီအစ အခက်အခဲတွေရှိခဲ့တာဖြစ်ပြီး အခုဆောက်သမ်တန်အသင်းနဲ့ ပွဲစဉ်မှာ နိုင်ပွဲရရှိခဲ့တာကြောင့် ရမှတ်သုံးမှတ် ပိုင်ဆိုင်ခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းဟာ လာမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃)အဖြစ် စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)မှာ ဘန်လေအသင်းရဲ့ အိမ်ကွင်းသို့ သွားရောက်ကစားရမှာဖြစ်ပြီး စပါးအသင်းကတော့ စက်တင်ဘာ ၂၂ ရက်(အင်္ဂါနေ့)မှာ လိဂ်ဖလားပွဲစဉ်အဖြစ် လေတန်အော်ရီယန့်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသော ပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နယူးကာဆယ်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်မှာတော့ ဘရိုက်တန်အသင်းက နယူးကာဆယ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမင်းနွယ်စိုး
### အသက်(၇၃)နှစ်

မွန်ပြည်နယ်၊ ဘုရားဖူးခရီးစဉ်တွင် လိုလေသေးမရှိကူညီကုသိုလ်ပြုပေးခဲ့သော၊ မွန်ပြည်နယ် အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ငြိမ်း)၊ မွန်ပြည်နယ်၊ ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး၊ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (မွန်)၊ ကော်မတီဝင် အရပ်သားကိုယ်စားလှယ် ဒေါက်တာမင်းနွယ်စိုးသည် ၁၄-၉-၂၀၂၀ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆရာမဒေါ်ခင်စန်းမြင့်(ငြိမ်း)**
**သမီး စုစုမြတ်**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ခိုင် (ပုသိမ်)
### အသက် (၉၅) နှစ်

ပုသိမ်မြို့၊ ဥမ္မာဒန္တီလမ်းနေ (ဦးမောင်လေး-ဒေါ်စောမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ (၈)လမ်း၊ အမှတ်(၅၂)နေ (ဦးကြာညွန့်)၏ဇနီး၊ ဦးလှဌေး-ဒေါ်အေးအေးခိုင်၊ ဦးကိုကြီး-ဒေါ်စန်းရီ၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းရွှေ-ဒေါ်အေးအေးလှိုင်၊ ဦးသံဒိုင်-ဒေါ်တင်တင်ယု၊ ဦးထွန်းလွင်ဦး-ဒေါ်မေပုလဲ၊ ဦးသာဒင်-ဒေါ်ဝါဝါအောင်၊ ဒေါ်မြင့်မြင့်စန်း (ခ) ဒေါ်မာလာ(အမက-၃၁၊ တောင်ဥက္ကလာပ)တို့၏မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား ဒေါ်ခိုင်သည် ၁၉-၉-၂၀၂၀ (စနေနေ့) ညနေ ၄:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်ဆွေ(ခ)စာရေးဆရာအောင်ဇံ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ Rose Park-1, ရွှေပင်လုံအိမ်ရာနေ အငြိမ်းစားသံအမတ်ကြီး (သခင်ကျော်ထွန်း-ဒေါ်စိန်သောင်း)တို့၏ သား၊ အငြိမ်းစား ရန်ကုန်တိုင်းဒုရဲမင်းကြီး (ဝဏ္ဏကျော်ထင် ဦးဆက်-ဒေါ်အမာခင်)တို့၏ သားသမက်၊ ဒေါ်မေ(ခ) Greta Set (Halpin ကျူရှင်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်ဝင်းဆွေ-ဒေါ်ဇင်မာလွင်၊ ဒေါက်တာရဲခေါင်ကျော်(ခေတ္တ-UK)-ဒေါက်တာမျိုးနန္ဒာ (ခေတ္တ-UK)၊ ဒေါ်ဟန်စုယဉ် တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မအိမ့်ဆည်းလည်းဆွေ(Final Part-2, UM-1)၊ မောင်လင်းထက်လူ(Durham University, UK)တို့၏ အဘိုးသည် ၁၈-၉-၂၀၂၀ရက် ညနေ၅:၃၀နာရီတွင်ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကျန်ရစ်သောရုပ်ကလာပ်ကို ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျန်ရစ်သူမိသားစုတို့မှ အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီဦးအဏ္ဏဝါ(ခ)ဦးအနော်ရာအာမတ်
### အသက်(၆၂)နှစ်

ANNAWA TRADE PARK MARINE PRODUCT LTD. (လှိုင်သာယာ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အောက်ဘလောက်၊ တိုက်အမှတ်(၃၂)၊ ပထမလွှာ(ဝဲ)ဘက်နေ ဦးအာလီအာမတ်(အမက-ကျောင်းအုပ်-ငြိမ်း)-မော်ရီယာမ်ခါတွန်တို့၏သားသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် နံနက် ၁၁:၃၀ နာရီတွင် စင်္ကာပူနိုင်ငံ Mount Elizabeth Hospital ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်အောင် (ရေနံချောင်း)
P.I.C ၊တ-အင်ဂျင်နီယာ (ငြိမ်း)
### အသက် (၈၉) နှစ်

ဦးလှဝေ-(ဒေါ်ကြည်ကြည်အေး)၊ ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေး၊ ဦးအေးငွေ-ဒေါ်စန္ဒာအောင်၊ ရဲအုပ်ဦးနိုင်လင်း-ဒေါ်ဥမ္မာအောင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးသန်းစိုးမြင့်-ဒေါ်ကြည်ကြည်စိန်၊ ဦးအောင်ကျော်မိုး၊ ကိုသန့်ဇင်ထွန်း-မဝင်းမင်းထိုက်တို့၏ဖခင်၊ ရေနံချောင်းမြို့၊ ညောင်လှရွာသစ်ရပ်နေ (ဦးပြန့်-ဒေါ်တင်လှ)တို့၏သား၊ (ဦးမြမောင်-ဒေါ်အေးတင်)တို့၏သားသမက်၊ မြေး ၁၅ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုး၊ [ဒေါ်သန်းငွေ (ခ) ဒေါ်မြသန်း]၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၂၀ (ကြာသပတေးနေ့) တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၄/က)၊ (၅) ရပ်ကွက်၊ တကောင်း(၅)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးစန်း
(မိုးကုတ်ဝိပဿနာအေးရိပ်သာအဖွဲ့ခွဲ-၃၁၈ ယောဂီ)
### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၄)လမ်း၊ အမှတ်(၁၈)နေ (ဦးလှမောင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးသာဒင်၏ဇနီး၊ ဦးသာဇေယျ-ဒေါ်ရီလေးနွယ်၊ (ဦးသာအေးကျော်)၊ ဒေါ်စန်းလဲ့မေ-ဦးသန်းထွန်း၊ ဒေါ်စမ်းသစ်မေ၊ (ဦးသာဝင်းနိုင်)တို့၏မိခင်၊ ဦးစည်သူဇေယျ-ဒေါ်နှင်းယုယုဟန်၊ Dr.သက်ထားဆွေ၊ ဒေါ်နန္ဒာလဲ့ရည်တို့၏အဘွား၊ မမေယုယမျက်ချယ်၊ မောင်ဇေလရောင်သွေးတို့၏ဘွားဘွားကြီးသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၅၀ နာရီတွင် (၉၆) ပါးရောဂါဖြင့် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃:၂၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁ / ၂၀၂၀-၂၀၂၁)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအားမြန်မာကျပ်ငွေ / အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-193(20-21) | System Upgrade, Inspection and Spares Requirements for Hlaw Gar GCS (1) Lot | Ks |
| (ခ) | DMP/L-194(20-21) | Maintenance, Inspection and Spares Requirements for PLC Daw Nyein (1) Lot | Ks |
| (ဂ) | DMP/L-195(20-21) | Maintenance, Inspection and Spares Requirements for Kanbauk GRS (1) Lot | Ks |
| (ဃ) | DMP/L-196(20-21) | System Upgrade, Inspection and Spares Requirements forThaton GCS (1) Lot | Ks |
| (င) | DMP/L-197(20-21) | Mechanical Accessories (3) Groups | Ks |
| (စ) | DMP/L-198(20-21) | Assorted Kind of Valves and Pressure Gauge (11) Items | Ks |
| (ဆ) | DMP/L-199(20-21) | Spares for Water Pump and Crude Pump (6) Groups | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကိုကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီးတင်ဒါကြော်ငြာအားဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင်လည်းကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို**(၂၁-၁၀-၂၀၂၀) ရက်နေ့ (၁၂:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကိုကိုမောင်
ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စက်မှုလယ်ယာဦးစီးဌာန
83 Batch Mechanical (RIT)
### အသက် (၆၁) နှစ်

နေပြည်တော်နေ (ဦးချစ်စိန်-ဒေါ်သိန်းသိန်းညွန့်)တို့၏ဒုတိယမြောက်သား၊ ဒေါက်တာသိန်းသန်း-ဒေါ်တင်တင်ဝင်းတို့၏တူ/သား၊ (ဦးတင်သိန်း-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ဒေါက်တာကိုကိုအောင်-ဒေါ်သဇင်တို့၏ညီ၊ဦးတင်မောင်မျိုးထွဋ်-ဒေါ်ဖြူဖြူမာ၊ ပါမောက္ခ ဒေါက်တာကိုကိုဇော်(ပါမောက္ခချုပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေး)-ဒေါက်တာယဉ်သက်နုဦး(ဆေးသုတေသနဦးစီးဌာန)၊ (ဦးစိုးမင်း)-ဒေါ်သူသူမာ၊ ဦးမိုးဇော်ဝင်း-ဒေါ်ဌေးဌေးမာတို့၏အစ်ကို၊ ဒေါ်ခင်မြင့်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ မသွင်ရှင်းသန့်မောင်၏ချစ်လှစွာသောဖခင်၊ တူ/တူမကိုးယောက်တို့၏ဦးလေးသည် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လတ် (ခ) ဦးထွန်းထွန်း (ခ) ကိုဂျုံ (ကူမဲမြို့)
### အသက် (၅၆) နှစ်

မြစ်သားမြို့နယ်၊ ကူမဲမြို့နေ (ဦးကျောက်မဲ)-ဒေါ်လှခင်တို့၏ချစ်လှစွာသောဒုတိယသား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ ခြံအမှတ်(၈/၁၁၁)နေ (ဦးကြည်အန်း-ဒေါ်ရင်ပို့)တို့၏သားသမက်၊ ကူမဲမြို့နေ ဦးဖိုးထောင်၊ ဒေါ်ခင်နှင်းရီတို့၏ညီ၊ မသီတာ၊ မောင်အိမောင်တို့၏အစ်ကို၊ ဒေါ်ခင်ခင်ယု၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့ပိုင်ဆက်၊ မမေမိုးကဗျာ၊ မောင်မင်းသူရမောင်တို့၏ချစ်လှစွာသောဖခင်ကြီး ဦးခင်မောင်လတ် (ခ) ဦးထွန်းထွန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) ညနေ ၄:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမင်းသိန်း (ခ) ဝင်းသိန်း
### အသက် (၄၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀) ရပ်ကွက်၊ သိန္ဒီလမ်း၊ အမှတ်(၈၄၃/က)၊ မြေညီထပ်နေ (ဦးနီ-ဒေါ်စိန်ဥ)တို့၏သားထွေး၊ ဦးမောင်မောင်ကြီး-ဒေါ်သန်းနွဲ့တို့၏သားသမက်၊ (ဦးငွေထွန်း)၊ ဒေါ်ရင်ရင်မြင့်၊ ဦးဝင်းမြိုင်-(ဒေါ်စန်းစန်းဌေး)၊ (ဦးအေးတိုး)-ဒေါ်သန်းသန်းဆွေ၊ ဒေါ်ဌေးဌေးကြည်၊ (ဦးသန်းလွင်)-ဒေါ်ခင်ခင်ဌေး(ထ-၂၊ ဗိုလ်တထောင်)၊ ဦးမိုးဝင်း-ဒေါ်ကြူကြူသန်း(မမ/ထောက်ပံ့)၊ ဦးမြင့်လွင်-ဒေါ်နီနီခိုင်တို့၏ညီ/မောင်၊ ဒေါ်မို့မို့ခင်၏ခင်ပွန်း၊ မောင်မင်းသန့်ကောင်း(Hyundai Construction Equipments -F.U.P Co.,Ltd)၊ မကြည်ဖြူမင်းသိန်း(ပညာအားမာန်ကိုယ်ပိုင်အထက်တန်းကျောင်း) တို့၏ဖခင်၊ တူ/တူမ ၁၁ ယောက်တို့၏ဦးလေး၊ မြေး တစ်ယောက်၏အဘိုး ဦးဝင်းမင်းသိန်း (ခ) ဝင်းသိန်းသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်အေးမြင့်ဦး(ငြိမ်း)
နား၊ နှာခေါင်း၊ လည်ချောင်းကုသမှုပါရဂူ
ကန်တော့ခံဆရာမကြီး
### အသက်(၆၅)နှစ်

လေးစားချစ်ခင်ရပါသော ဆရာမကြီးသည် ၁၇-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**တပ်မတော်ဆေးတက္ကသိုလ်ကျောင်းသားဟောင်းများ**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်ဓားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်အနီး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph: 09-5425251, 09-73225484

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းငွေ
သံအမတ်ကြီး(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့နေ သံအမတ်ကြီး ဦးထွန်းငွေ (ငြိမ်း)သည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်မြင့်လွင် (ငြိမ်း)
ကြည်း-၆၆၀၈
### အသက်(၈၉)နှစ်

သူငယ်ချင်း ဒေါ်ခင်မာလွင်-ဒေါက်တာဦးမျိုးလှိုင်၏ အစားထိုးမရနိုင်သော ဖခင် ဗိုလ်ချုပ်မြင့်လွင် (ငြိမ်း)သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ဝါဝါမြင့်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းအေး(နမ္မတူ)
### အသက်(၈၅)နှစ်

သူငယ်ချင်း ဒေါက်တာသန်းအောင်စိုး-ဒေါက်တာဆွေဆွေဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်စန်းအေးသည် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**B.V.S (1982 Batch)သူငယ်ချင်းများ**

| | |
|---|---|
| Dr.ကေသွယ်မြင့် | Dr.စန်းစန်းအေး |
| Dr.မြနှင်းထွေး | Dr.စန်းစန်းသိန်း |
| Dr.အေးအေးခိုင် | Dr.မြင့်မြင့်အေး |
| Dr.စုစုအောင် | Dr.လှဲ့လှဲ့ဝင်း |

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းအေး(နမ္မတူ)
### အသက်(၈၅)နှစ်

သူငယ်ချင်း ဒေါက်တာသန်းအောင်စိုး-ဒေါက်တာဆွေဆွေဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်စန်းအေးသည် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲတွင် ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အ-ထ-က (၈) မန္တလေးမှ ငယ်သူငယ်ချင်းများ။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ကြည် (မန္တလေး)
### အသက်(၈၇)နှစ်

မန္တလေးမြို့နေ အလက်ာကျော်စွာ (ပန်းချီဆရာကြီးဦးစောမောင်-ဒေါ်တင်ဦး)တို့၏ သား၊ (ဦးမြမောင်-ဒေါ်ခင်ညွန့်)တို့၏ မောင်၊ (ပန်းချီဆရာကြီးဦးဘမိုး-ဒေါ်မေဘင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက်(၆၀/၆၂)၊ အခန်း(၃၀၃)နေ ဒေါ်သန်းသန်းမိုး၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ကြည်ကလျာမိုး-(ဦးဝင်းမြင့်)၊ ဒေါ်ကြည်ကေသွယ်မိုး-ဦးကျော်ဆန်းလွင်၊ ဒေါ်အေးမြတ်စံ(ရွှေဘဏ်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုမောင်
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)စက်မှုလယ်ယာဦးစီးဌာန**
### အသက်(၆၁)နှစ်

နေပြည်တော်နေ ဒေါ်ခင်မြင့်ငွေ၏ ချစ်လှစွာသော ခင်ပွန်း၊ မသွင်ရှင်းသန့်မောင် ၏ ဖခင် ဦးကိုကိုမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၁၉-၉-၂၀၂၀ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ။

**ဦးမြင့်ဇော်-ဒေါ်ခင်စုဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**စက်မှုလယ်ယာဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေ (ဒလ-ပျော်ဘွယ်ကြီး) (၉၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က) ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၁၆)နေ (ဦးစိန်ထွန်း-ဒေါ်စိန်နု)တို့၏သမီး၊ (ဦးအောင်တင်)-ဒေါ်သန်း၊ ဦးကျော်ဝင်း-ဒေါ်ပိန်၊ [ဦးကျော်လှိုင် -ဒေါ်မြညွန့်(ခ) ဒေါ်လုံး]၊ (ဦးမြလွင်)-ဒေါ်ဒေါင်းတို့၏အစ်မ၊ [ဦးမင်းနိုင်(ခ)ဦးထွန်းကြည်-ဒေါ်ဝင်းကြည်] တို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဦးကျော်မြင့်ဦး-ဒေါ်လေးနွယ်၊ ကိုဇော်မင်းအောင်၊ ကိုသိန်းကျော်ထူး-မလှမျိုးနွယ်၊ ကိုတင်လင်းကိုတို့၏အဘွား၊ မြေးလေးယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးကျော်သောင်း)၏ဇနီးသည် ၁၉-၉-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၂၀ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးထွန်းငွေ (ငြိမ်း)
(ရေ-၃၂၃၉)
**သံအမတ်ကြီး (ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
### အသက် (၈၀)

ရန်ကုန်မြို့နေ (ဦးသင်-ဒေါ်သိန်း)တို့၏သားထွေး၊ (ဦးသိန်းကြည်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဒေါ်အေးအေးသိန်း၏ ခင်ပွန်း၊ ဦးရဲထွန်း-Makiko Kobayashi၊ ဒေါ်သွယ်သွယ်ထွန်း-ဦးမင်းချမ်းဝင်း၊ ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်လွင်လွင်ထွန်းတို့၏ဖခင်၊ မောင်ဇော်မင်းသွယ်၏အဘိုး ဦးထွန်းငွေသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးထွန်းငွေ (ငြိမ်း)
(ရေ-၃၂၃၉)
**သံအမတ်ကြီး (ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
### အသက် (၈၀)

ရန်ကုန်မြို့နေ (ဦးသင်-ဒေါ်သိန်း)တို့၏သားထွေး၊ (ဦးသိန်းကြည်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဒေါ်အေးအေးသိန်း၏ ခင်ပွန်း၊ (ဦးတင်ဦး)-ဒေါ်တင်တင်အေးတို့၏ညီ/မောင်၊ ဦးသန်းစိုး-ဒေါ်ခင်အေးသန့်၊ ဦးသန်းနိုင်-(ဒေါ်ရင်ရင်)၊ ဒေါ်သန်းသန်း၊ ဒေါ်ငွေငွေမြင့်-(ဦးဝင်းတင်ထွန်း)တို့၏ အစ်ကိုသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးထွန်းငွေ (ငြိမ်း)
(ရေ-၃၂၃၉)
**သံအမတ်ကြီး (ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
### အသက် (၈၀)

ရန်ကုန်မြို့နေ (ဦးသင်-ဒေါ်သိန်း)တို့၏သားထွေး၊ (ဦးသိန်း ကြည်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဒေါ်အေးအေးသိန်း၏ ခင်ပွန်း၊ (ဒေါ်တင်ရွှေ-ဦးကျော်ရင်)၊ ဒေါ်တင်မေ-(ဦးအောင်ခင်)၊ (ဒေါ်ရင်မေ-ဦးမောင်မောင်ညွန့်)၊ (ဦးတင်ဦး)-ဒေါ်တင်တင်အေး၊ ဦးနု-ဒေါ်ခင်မာကြူ၊ (ဦးဝင်းဆွေ-ဒေါ်အေးသိန်း)၊ ဒေါ်တင်-(ဦးစိန်လှ)တို့၏ညီ/မောင်၊ ဒေါ်ခင်ဝင်းမြင့်-ဦးမြင့်သောင်းတို့၏ အစ်ကိုသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးကြည်
### အသက်(၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ အောက်ရေဖြူကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်ငွေသစ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၂၁၀)၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးဟုတ်ရှိန်၏ ဇနီး၊ ဦးတင်မောင်မောင်ရှိန်-ဒေါ်သန်းသန်းညွန့်(စင်ကာပူ)၊ ဦးအောင်ကိုကိုရှိန်-ဒေါ်ဝါဝါမွန် (ဩစတေးလျ)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မကြည်မွန်မွန်ရှိန်၊ မဝင့်ဝါရှိန်၊ မောင်စွမ်းထက်ရှိန် တို့၏ ဘွားဘွားသည် ၁၈-၉-၂၀၂၀ ရက် နံနက် ၂:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၀-၉-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ထင်
**B.Econ (75-79)**
**မြို့မကျောင်းသားဟောင်း**
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၆၅)၊ ပထမထပ်(B)နေ ဒေါ်သီသီအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထက်အောင်-ဒေါ်ခင်သန္တာကျော်၊ ဒေါက်တာမေသက်စု-ဒေါက်တာ ကြည်မင်းထွန်း၊ ဦးကောင်းဇော်-ဒေါ်မြတ်နိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်သုတအောင်၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးအောင်ကျော်ထင်သည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာသာမိ
### သက်တော်(၆၀)နှစ်၊ သိက္ခာတော်(၄၀)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဦး(၅)လမ်း၊ မေတ္တာအကယ်ဒမီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိသည် ၁၃၈၂ခု၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀-၉-၂၀၂၀ရက်၊ (တနင်္ဂနွေနေ့) နံနက် ၆:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၂ခု၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၁-၉-၂၀၂၀ရက်၊ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန(အကျဉ်းချုံး)ပူဇော်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**မေတ္တာအကယ်ဒမီကျောင်းတိုက်မှ**
**တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သွဲ့(ခ)ဒေါ်ခင်ထွေး
**"ဆန်းသစ်"ရွှေဆိုင်၊ အင်းစိန်ဈေး**
### အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးလုံဟင်-ဒေါ်ငံဖုန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အမှတ်-၃၁၊ အောင်မင်္ဂလာလမ်းနေ (ဦးအုန်းညွန့်)၏ ဇနီး၊ ဒေါ်အေးအေးသန်း၊ ဦးသန်းဝင်း၊ ဦးမြင့်စိုး၊ ဦးမြင့်ဦး-ဒေါ်အေးအေးမြတ်၊ ဦးကိုကိုအောင်-ဒေါ်တင်တင်ဝင်းတို့၏ မွေးသမိခင်၊ ဒေါက်တာမြတ်သူ၊ မောင်အောင်ဆန်းမြင့်(ခ)ဆန်းမြင့်မြတ် တို့၏ ဘွားဘွားကြီးသည် ၂၀-၉-၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ထွေးရီ (ခ) ဒေါ်ဘက်တီ
### အသက် (၈၆) နှစ်

ပြင်ဦးလွင်မြို့နေ (ဒေါက်တာဦးဘရှင်-ဒေါ်မမကြီး)တို့၏သမီးငယ်၊ ဦးကျော်စွာ၊ ဒေါ်ခင်စောအေး၊ ဦးဘီလီတို့၏ညီမ၊ ဦးမောင်မောင်ကျော်-ဒေါ်ခင်သီတာ၊ ဦးမောင်မောင်မော်(ခ) ဦးလူဝိုင်းခ၊ ဦးမောင်မောင်ဇော်-ဒေါ်နုနုအေး၊ ဦးမောင်မောင်ချစ်-ဒေါ်မြင့်မြင့်အေး၊ ဦးမင်းသူ-ဒေါ်နွယ်နွယ်၊ ဒေါ်ခင်လေးကြူ-ဦးသက်ဦးနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(C/5-202) နေ ဒေါ်တင်တင်ထွေး (ခ) ဒေါ်ချောစု-ဦးတင်ဝင်းအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်သုံးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်းလမ်း၊ အမှတ်(မ/၆)နေ ဦးသန်းငွေး(ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ ဖွဲ့နှဆီဌာနကုန်သွယ်လယ်ယာ) ၏ ချစ်လှစွာသောဇနီး၊ ကိုနေလင်းဦး-မအေးအေးခိုင်၊ မမိုးပပလင်း၊ ကိုမိုးသူအောင်-မခင်ချောစုလင်း၊ ကိုမျိုးမင်းထွန်း-မအေးချမ်းမြင့်တို့၏ မွေးသမိခင်၊ မောင်ဇာနည်မင်းထက်၊ မောင်ဝီလျံမင်းထက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၉-၂၀၂၀ ရက် နံနက် ၉:၀၅ နာရီတွင် ရန်ကုန်မြို့၊သင်္ဃန်းကျွန်းအထွေထွေစံပြဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အနိစ္စ

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဇော်မင်းထွန်း
(ကိုဇော်-ဘန်ကောက်)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းထွန်း-ဒေါ်ခင်သန်းသိန်း)တို့၏ သားကြီး၊ ဦးတင်အောင်လှ-ဒေါ်ခင်နွယ်နွယ်ထွန်း၊ ဦးရည်မွန်ထွန်းတို့၏ ကျေးဇူးရှင်အစ်ကိုကြီး၊ မောင်ဟိန်းလင်းလက်၏ ချစ်လှစွာသော ဦးဦး ဦးဇော်မင်းထွန်းသည် ၁၇-၉-၂၀၂၀ ရက်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၈-၉-၂၀၂၀ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

# စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၉၃ ဦးတွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၉-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၀-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ**

၁။ (၁၉-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၀-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၄၂၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၅၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၉၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၂၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၈၃၅) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၃၁၃၂) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉၃) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၀-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅၂၆၃)ဦးရှိပြီ ဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၈၁) ဦးရှိပြီဖြစ်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ပင်လောင်းမြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်



**ပင်လောင်း စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပြည်သူများ လယ်ဝယ်အရောက် ထပ်ဆင့် ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၇၁၈၃ စုအတွက် ထောက်ပံ့ငွေကျပ် ၁၄၃၆၆၀၀၀၀ ကို ပြည်သူလူထုများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ပင်လောင်း)**

## ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နှင့် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

**ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** နှင့် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တို့တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ နှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ** နှင့် **ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၁ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

## ရတနာပုံအသင်း သုံးပွဲဆက်အနိုင်ရပြီး စစ်ကိုင်းအသင်း နိုင်ပွဲပြန်ရ



ရတနာပုံကွင်းလယ်ကစားသမား မျိုးကိုထွန်း မကွေးဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် စစ်ကိုင်းအသင်း နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မကွေးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြည်တွင်း ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရတနာပုံအသင်းက နှစ်ကျော့စလုံး အနိုင်ကစားနိုင်ခဲ့သည်။ မကွေးအသင်းသည် ပထမအကျော့ ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့် ထပ်မံရင်ဆိုင်ခဲ့ရပြီး ခံစစ်ပိုင်းအားနည်းချက်များကြောင့် နှစ်ကျော့စလုံး ပေးဂိုးလေးဂိုးစီရှိခဲ့သည်။ ရတနာပုံအသင်းသည် သုံးပွဲဆက်အနိုင်ရပြီး အဆင့် (၅) နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

စာမျက်နှာ ၂၈ ကော်လံ ၄ သို့ ❋


ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကာလ စင်ကာပူရွေးကောက်ပွဲ စာမျက်နှာ » ၆

အီရန်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကြေညာ စာမျက်နှာ » ၁၁

မြန်မာ့ရုပ်ရှင် ရာပြည့်နှစ်မှသည် ရာစုနှစ်ပေါင်းများစွာဆီသို့ . . . စာမျက်နှာ » ၁၈



